# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday 23 September 2018 ၉၄၁၈


## ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

## နိုင်ငံတည်ဆောက်ရေး

အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၏ယန္တရားနှင့် အဖွဲ့အစည်းများ ခိုင်မာတောင့်တင်း အားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်ရသည်များ ပါဝင်နေပါသည်။ အဓိကအားဖြင့် တရားဥပဒေစိုးမိုးမှုရှိစေရန်၊ ပြည်သူများ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရန်၊ အခွန်အကောက်ကောက်ခံမှုများ မျှတရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စသည့် အခြေခံအကျဆုံး ပြည်သူ့ရေးရာဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများနှင့် စျေးကွက်ယန္တရားများ စနစ်တကျခိုင်ခိုင်မာမာဖြစ်ရန် ပြန်လည်ပြုပြင်တည်ဆောက်နေခြင်းများသည် ခိုင်မာအားကောင်းသည့် နိုင်ငံတော်တည်ဆောက်ခြင်းပင်ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်

## သံတောင်ကြီးမြို့ရှိ ချဉ်ပေါင်ဖာလာထွက်ကုန်များ ကြည့်ရှု



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံတောင်ကြီးမြို့ ရွှေညောင်ပင်ကျေးရွာရှိ ချဉ်ပေါင်ဖာလာထွက်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဆွာချောင်းတံတားသို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

Yangon New World စီမံကိန်း ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်မည်

စာမျက်နှာ ၄ ➤

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်း

စာမျက်နှာ ၆ ➤

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် ဖတ်ကြားသည့် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း

စာမျက်နှာ ၇ ➤

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ ၁၁ ➤




# ကြေးမုံ

## ညီညွတ်မှုအင်အားဖြင့် စုပေါင်းကျော်လွှား

ရခိုင်ပြည်နယ်အရေးကိစ္စကို အကြောင်းပြု၍ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းအချို့၏ တရားမျှတမှုမရှိသည့် လုပ်ဆောင်ချက်များ၊ တစ်ဖက်သတ်ဖိအားပေးနေသည့် စိန်ခေါ်မှုများကို ပြည်သူများ၏ ညီညွတ်မှုအင်အားဖြင့် စုပေါင်းရင်ဆိုင် ကျော်လွှားသွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြရာ၌ ထည့်သွင်းပြောကြားထားသည်။

ရခိုင်ပြည်နယ်အရေးကိစ္စမှာ ခေတ်အဆက်ဆက် ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကတည်းက တငွေ့ငွေ့အစပျိုးလောင်မြိုက်လာသော ပြဿနာဖြစ်ခဲ့သည်။ ထိုပြဿနာကို အပြီးတိုင်မငြိမ်းသတ်နိုင်ခဲ့သောကြောင့် ယခုဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် လောင်မြိုက်နေသောမီးကို ပြည်ထောင်စုအစိုးရက ခက်ခက်ခဲခဲ ဖြေရှင်းနေရသည်။ ယင်းပဋိပက္ခနှင့်ဆက်စပ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လူများစွာထွက်ခွာသွားခဲ့သည်ကို အကြောင်းပြု၍ နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင် ဝေဖန်ပြစ်တင်မှုများ အပြင်းအထန်ပေါ်ထွက်လာခဲ့သည်။

ပြည်ထောင်စုအစိုးရအနေဖြင့် ပြဿနာဇာစ်မြစ် မည်သို့ပင်ရှိစေ လူသားချင်းစာနာထောက်ထားမှုဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ပေးလျက်ရှိသည်။ နှစ်နိုင်ငံအစိုးရအကြား ယမန်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က လက်မှတ်ရေးထိုး သဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသွားသူများအား စိစစ်လက်ခံပြီး ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးတို့ကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။ မကြာသေးမီက နိုင်ငံတကာမှ ယုံကြည်လေးစားရသူ ပြည်ပနိုင်ငံသားနှစ်ဦးနှင့် ပြည်တွင်းပညာရှင်နှစ်ဦးတို့ပါဝင်သော သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဥပဒေနှင့်အညီဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံသည် မိမိတို့၏အချုပ်အခြာအာဏာကို ကျင့်သုံးပြီး မိမိတို့ပြည်တွင်းရေးကို မိမိတို့ကသာ ဖြေရှင်းနိုင်စွမ်းရှိသည်။ ဖြေရှင်းဆောင်ရွက်နိုင်ဖို့လည်း စိတ်ပိုင်းဖြတ်ချက် အခိုင်အမာရှိသည်။ မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဂုဏ်သိက္ခာကို လေးစားသည့်နည်းတူ နိုင်ငံတကာဆက်ဆံရေးကောင်းမွန်စေမည့်၊ ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို အားပေးမည့် ခင်မင်ရင်းနှီးမှုများ တိုးပွားစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များကို အားလုံးက လိုက်နာစောင့်ထိန်းဖို့လိုအပ်သည်။

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာ၌ မတူကွဲပြားမှုများအကြားတွင် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမှုကို မြန်မာနိုင်ငံအနေဖြင့် ဦးတည်ချက်ထားပြီး အကောင်အထည်ဖော်လျက်ရှိသည်။ သို့သော် ပဋိပက္ခများ၊ တင်းမာမှုများ ဖြစ်ပွားခဲ့စဉ်က ရှိခဲ့ကြသည့် ရှုမြင်ချက်အဟောင်းများ၊ အယူအဆအဟောင်းများကိုကိုင်စွဲ၍ ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ချေ။ မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်နှင့်လိုက်လျောညီထွေဖြစ်မည့် ရှုမြင်ချက်အသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်များနှင့် လိမ္မာပါးနပ်စွာ ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အရေးသည် အလွန်သိမ်မွေ့နက်နဲလှသည်။ ယင်းကိုသတိမူ၍ တရားမျှတမှုမရှိသော စိန်ခေါ်မှုများ၊ တစ်ဖက်သတ် ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူများ၏ ညီညွတ်မှုအင်အားဖြင့် စုပေါင်းရင်ဆိုင်ကျော်လွှား ဖြေရှင်းကြရမည်ဖြစ်သည်။

ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းပြောကြားခဲ့သည့် ပကတိအမှန်တရား၊ နိုင်ငံတော်၏သဘောထားနှင့် ရပ်တည်ချက်များဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ရှေ့ရေးကို မျှော်မှန်းပြီး လုပ်သင့်လုပ်ထိုက်သည်များကို ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် နားလည်မှု၊ ယုံကြည်မှုအပြည့်ဖြင့် ထောက်ခံအားပေးကြသော ပြည်သူများအားလုံးကို လေးစားစွာအသိအမှတ်ပြုပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ILO ဒုတိယညွှန်ကြားရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် ILO ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-2)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုအခြေအနေအရပ်ရပ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာအောင် မြှင့်တင်ပေးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်စည်ပင်ဥပဒေ အောက်တိုဘာ ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းလိုက်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်တွင် ငွေဒဏ်များအပြင် ထောင်ဒဏ်များ ပုဒ်မအများစုပါဝင်နေကြောင်း သိရသည်။

"၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်ကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းလိုက်ပြီဖြစ်ပါတယ်။ ဒီဥပဒေက အရင်ဥပဒထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ထားတာဖြစ်လို့ ပြည်သူတွေ သိရှိနိုင်ဖို့ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒီဥပဒေက အောက်တိုဘာ ၁ ရက်ကစပြီး အကျိုးသက်ရောက်မှာဖြစ်ပါတယ်။ ငွေဒဏ်အပြင် ထောင်ဒဏ်တွေလည်း ပါဝင်မှာဖြစ်တဲ့အတွက် အလေးထားဖို့လိုအပ်ပါတယ်"ဟု သာကေတမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်က ယနေ့ နံနက်ပိုင်းတွင် သာကေတ ၂ တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံ၌ ပြုလုပ်သော စည်ပင်ဥပဒေရှင်းလင်းပွဲတွင် ပြောသည်။



အဆိုပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ဆွေးနွေးအတည်ပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၂-၆-၂၀၁၈ ရက်စွဲဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြောင်း၊ ဥပဒေသစ်တွင် အခန်းပေါင်း ၃၁ ခန်း၊ ပုဒ်မပေါင်း ၃၃၇ ခု၊ ပြစ်မှုပြစ်ဒဏ်ပေါင်း ၁၆၄ ခု ပါဝင်ကြောင်း သိရသည်။

"ဒီဥပဒေက ၂၀၁၃ ခုနှစ် စည်ပင်ဥပဒေနဲ့ ဘာကွာလဲဆိုတော့ ၂၀၁၃ ဥပဒေက ပြစ်မှုပြစ်ဒဏ်တွေမှာ ငွေဒဏ်တွေ များပါတယ်။ ၂၀၁၈ ဥပဒေမှာတော့ ဒဏ်ငွေအစား အချို့နေရာတွေမှာ ထောင်ဒဏ်တွေ ပါလာပါတယ်။ ၂၀၁၈ ဥပဒေမှာတော့ ဒုတိယအကြိမ် ပြစ်မှုကျူးလွန်ရင် ထောင်ဒဏ်တွေ ပါလာမှာဖြစ်ပါတယ်။ ငွေဒဏ်မချဘဲ ထောင်ဒဏ်တန်းချတဲ့ အမှုတွေလည်း ပါဝင်ပါတယ်။ ပြစ်မှုပြစ်ဒဏ် ၁၆၄ ခု မှာ ပုဒ်မ ၉၀ ခုက ထောင်ဒဏ်မပါပါဘူး။ ကျန်တာတွေက ထောင်ဒဏ်တွေပါဝင်တဲ့အတွက် အကြမ်းအားဖြင့် ထောင်ဒဏ်ပေးနိုင်တဲ့ပုဒ်မက ၃ အချိုး ၂ လောက်ရှိပါတယ်"ဟု သာကေတမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းက ပြောသည်။

ယခုအခါ အောက်တိုဘာ ၁ ရက်တွင် စတင်အကျိုးသက်ရောက်တော့မည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်ကြောင့် တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတို့တွင် လွှတ်တော်ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြမှုများ ပြုလုပ်လျက်ရှိသည်။ ဥပဒေသစ်ကြောင့် ရန်ကုန်မြို့တော်ကြီးကို ပိုမိုစည်းကမ်းကျပြီး သန့်ရှင်းသောမြို့တော်ကြီးအဖြစ် ပေါ်ထွန်းလာရေး မျှော်လင့်ထားသည်။ **မြင့်မောင်စိုး**

# ဒိုက်ဦးမြို့နယ် သတင်းရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဒိုက်ဦး စက်တင်ဘာ ၂၂**

အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ် သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုများသည် စက်တင်ဘာ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၈)ရပ်ကွက် ဆေးရုံလမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရာတွင် သတင်းရဲတပ်ဖွဲ့တပ်ဖွဲ့စု(၂၂၆) ဒိုက်ဦးမြို့မှ တပ်ဖွဲ့စုမှူး ဒု-ရဲမှူး မိုးမြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်တို့၌ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများ ခိုအောင်းတတ်သော ချုံနွယ်မြက်များ၊ အမှိုက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းအတွင်း အမှိုက်များကို စုပေါင်းသန့်ရှင်းပေးခြင်းတို့အား စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မကွေးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးပြုလုပ်

**မကွေး စက်တင်ဘာ ၂၂**

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး၊ ဒု-တိုင်းရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၂၂၅ ဦးတို့သည် မကွေးမြို့ ပြည်သူ့ဆေးရုံဝန်းအတွင်း၌ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ မကွေးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦး၊ တိုင်းဆေးရုံအုပ်ကြီးတို့က ကြည့်ရှုအားပေးခဲ့ကြပြီး မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့မှ တပ်ဖွဲ့ဝင်များ၊ ရဲအကူတပ်ဖွဲ့ခွဲ၊ ယာဉ်ထိန်းတပ်ဖွဲ့ခွဲ၊ သတင်း၊ မှုခင်း၊ မူးယစ်/လူကုန်ကူးတားတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ဆေးရုံဝန်းအတွင်းရှိ ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက်များအား ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။ **မေသူလွင်(မကွေး-ကိုယ်ပွား)**



ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၄၂၇




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွာချောင်းယာယီကျောက်ဖြည့်တမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✻ ရွှေဖုံးမှ

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆွာချောင်းတံတား ပြုပြင်တည်ဆောက်နေမှုအားကြည့်ရှုရာ ယာယီရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်သူတို့က ဆွာချောင်းတံတား မြေထိန်းနံရံတည်ဆောက်မှုအခြေအနေများ၊ ဆွာချောင်းတံတား ရေလယ်တိုင် ပြုပြင်ဆောင်ရွက်မည့်အစီအစဉ်များ၊ တံတားပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်အဆင့်မြှင့်တင်တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတသည် ဆွာချောင်းရေလှောင်တမံ ရေနုတ်မြောင်းတံတား ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆွာချောင်းဘေးဝဲ၊ ယာ သဲဖုံးလွှမ်းသွားသည့် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်း၍ စံပြကျေးရွာ အဆောက်အအုံပုံစံများနှင့် စံပြကျေးရွာတည်ဆောက်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ဆွာချောင်းယာယီကျောက်ဖြည့်တမံ**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆွာချောင်းယာယီကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေပိုလွှဲအသစ် တည်ဆောက်မည့်အခြေအနေများနှင့် နွေရာသီသီးနှံစိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆွာချောင်းရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆွာချောင်းရေလှောင်တမံဆိုင်ရာ စီမံဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သဲဖုံးလွှမ်းမြေများတွင် အစားထိုးပြန်လည်စိုက်ပျိုးမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စံပြကျေးရွာတည်ဆောက်ရေး**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွာချောင်းရေလွှမ်းမိုးခံရသည့် ကျေးရွာများပြောင်းရွှေ့စုစည်း၍ စံပြကျေးရွာအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျတည်ဆောက်နိုင်ရေး၊ မြေအနေအထားပေါ် မူတည်၍ အိမ်ထောင်စုများအတွက် လုံလောက်သည့်အကျယ်အဝန်းကို ဆောင်ရွက်ပေးနိုင်ရေး၊ တမံနှင့်ရေပိုလွှဲအသစ်တည်ဆောက်ရာတွင် နေရာရွေးချယ်မှုမှန်ကန်ရေး၊ ဆောက်လုပ်ရာတွင်လည်း ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ ရှုမြင်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားရေး၊ ရေပိုလွှဲတည်ဆောက်မည့်ကာလအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် တမံလုံခြုံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားနိုင်ရေးတို့ကို လမ်းညွှန်မှာကြားသည်။



ကရင်ပြည်နယ် ဘောဂလိမြို့ ပလက်ဝတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဘောဂလိမြို့ ပလက်ဝတံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ပလက်ဝတံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံက တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တံတားရေရှည်တည်တံ့ခိုင်မြဲရေးကိုရည်ရွယ်၍ စနစ်တကျသေချာစွာ တည်ဆောက်သွားကြရန်နှင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားကြရန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှုရပ်မှ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

အဆိုပါ ပလက်ဝတံတားသည် အရှည်ပေ ၈၀၀၊ အကျယ် ပေ ၃၀ ရှိပြီး Prestressed Concrete Bridge အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သံတောင်ကြီးမြို့ ရွှေညောင်ပင်ကျေးရွာရှိ ချဉ်ပေါင်ဖာလာစိုက်ခင်း ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းသူများအဖွဲ့ ဥက္ကဋ္ဌ ဦးခရစ္စတိုဖာတို့က ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။

**ချဉ်ပေါင်ဖာလာ**

ထို့နောက် ဒုတိယသမ္မတသည် ချဉ်ပေါင်ဖာလာထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာပြီး ဖာလာစိုက်ပျိုးထုတ်လုပ်သည့်အသင်းအဖွဲ့အား စနစ်တကျမှတ်ပုံတင်ဖွဲ့စည်းသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် အခမ်းအနားတွင် ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် တောပြာကြီး ကျေးရွာအုပ်စုအတွင်းရှိ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ စုစုပေါင်းစွန့်လွှတ်မြေဧရိယာ ၃၃၂ ဧကကို မူလတောင်သူ ၂၇ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေယာကဏ္ဍသည် အခြေခံကျသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံကြွယ်ဝအောင် အလေးထားဆောင်ရွက်ရာတွင်လည်း မြေယာကဏ္ဍသည် အရေးပါလျက်ရှိပါကြောင်း။

**ဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုစီးပွား ဖူလုံစေရေးအတွက် အရေးပါသည့် မြေယာများကို တောင်သူများ အတတ်နိုင်ဆုံး အသုံးချနိုင်စေရေးအတွက် စီမံကိန်းများတွင် အသုံးမပြုသည့် မြေများကို စိစစ်၍ ပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင်ထံပြန်လည်ပေးအပ်စေခြင်းနှင့် မြေလွတ်မြေလပ်များကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်လုပ်ကိုင်စေခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း။

မြေယာများကို အသုံးပြု၍ စက်မှုလယ်ယာကဏ္ဍသို့ တက်လှမ်းနိုင်ရန် တောင်သူများအနေဖြင့် လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Contract Farming ကဲ့သို့ စနစ်မျိုးများထူထောင်ကြစေလိုပါကြောင်း၊ အဆိုပါစနစ်ကို ဆောင်ရွက်ခြင်းဖြင့် လိုအပ်သည့် မျိုး၊ မြေဩဇာ၊ စက်ယန္တရား၊ ငွေကြေးအရင်းအနှီးမှအစ လုပ်ငန်းရှင်များထံမှ ပံ့ပိုးမှုများရရှိနိုင်ပါကြောင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်၍ ပိုမိုထွက်ရှိလာသည့် သီးနှံများကိုလည်း စက်ရုံ၊ အလုပ်ရုံများသို့ သယ်ယူပို့ဆောင်ခြင်း၊ တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်ရောင်းချနိုင်ခြင်းဖြင့် လုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလက စတင်ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုကော်မတီအနေဖြင့်လည်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းကာ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်ကိုချမှတ်ပြီး သိမ်းဆည်းမြေများဆိုင်ရာ နစ်နာမှုများအပေါ် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၄ သို့ ○

○ စာမျက်နှာ ၃ မှ

ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များပါဝင်သည့် မြေစစ်ကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များအပေါ် အခြေခံတင်ပြလာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်မြေစစ်ကော်မတီများ၏ သဘောထားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားများရယူ၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သိမ်းဆည်းမြေဆိုင်ရာပြဿနာအချို့သည် ရှုပ်ထွေးနက်ရှိုင်းမှုရှိပါကြောင်း၊ မြေယာဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် ပါဝင်သူများအနေဖြင့် စိတ်ထားဖြောင့်မတ်ပြီး မိမိ၏ အတွေ့အကြုံ၊ အရည်အချင်းနှင့် ထိုးထွင်းဉာဏ်တို့ဖြင့် စိတ်ရင်းစေတနာ မှန်မှန်ကန်ကန်ထား၍ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

**စားနပ်ရိက္ခာဖူလုံ**

တိုင်ကြားစာများကို စိစစ်ရာတွင် အချို့တင်ပြချက်များသည် တရားရုံးတွင် ဆုံးဖြတ်ချက်ချပြီး ဥပဒေကြောင်းအရ လက်လွတ်ဆုံးရှုံးရမှုများ၊ ပုဂ္ဂလိကအချင်းချင်း ပိုင်ဆိုင်မှု အငြင်းပွားမှုများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုများနှင့် မြေလွတ်မြေလပ်မြေရိုင်းလုပ်ပိုင်ခွင့် အငြင်းပွားမှုများကိုပါ သိမ်းဆည်းမြေဆိုင်ရာ ခေါင်းစဉ်အောက်တွင် တင်ပြလာသည်ကိုလည်း တွေ့ရှိရပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းခံ မြေယာကိစ္စရပ်များကို စိစစ်ဖြေရှင်းပေးလျက်ရှိသကဲ့သို့ လက်ရှိအသုံးပြုနိုင်ခြင်းမရှိဘဲ မစွန့်လွှတ်သေးသည့် မြေယာများကို သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ပြန်လည်စွန့်လွှတ်ရေး၊ စွန့်လွှတ်ပြီးသည့် မြေယာများကို မူလသက်ဆိုင်သူ တောင်သူများလက်ဝယ် အမြန်လွှဲပြောင်းပေးအပ်နိုင်ရေးတို့ကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်ခွင့်ရသည့် မြေယာများကို မိသားစုအကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားအတွက်သာမက လူသားများအတွက် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားအောင် စွမ်းဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

**စီးပွားဖြစ်ထုတ်လုပ်**

ယခုကဲ့သို့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် စွန့်လွှတ်အပ်နှံမြေများကို မူလတောင်သူများထံ လက်ရောက်ပေးအပ်နိုင်ရေးဆောင်ရွက်ပေးခဲ့ကြသည့် စက်မှုဝန်ကြီးဌာန၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိမိတို့ဒေသ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံများကို ပြည်တွင်းလိုအပ်ချက်၊ ပြည်ပဈေးကွက်ရရှိနိုင်မှု အခြေအနေပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုး စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်အတွင်း စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံတောင်ကြီးမြို့၌ ကျင်းပသည့် စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေ လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၃၃၂ ဧကနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးဆန်းမော်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းနှင့် ဦးကျော်လင်းနှင့် ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးတို့က သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုရှိ တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၃ များ ပေးအပ်ကြသည်။

ယင်းနောက် ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၃ များ လက်ခံရရှိသည့် တောင်သူများကိုယ်စား တောင်သူ နော်မူးရာဖောက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်နယ်အစိုးရအဖွဲ့က ရှင်းလင်းတင်ပြသည့် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းချေးငွေရရှိရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ရှင်ယောဟန်ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိပြီး အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် သံတောင်ကြီးမြို့ ယင်းလော်ချောင်းမြို့ ရေပေးဝေရေးစီမံကိန်းသို့ရောက်ရှိရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်က ရေပေးဝေရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# Yangon New World စီမံကိန်း
# ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့၏ အကြီးဆုံး စီမံကိန်းတစ်ခုဖြစ်သည့် Yangon New World စီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးပါက အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇေကမ္ဘာကုမ္ပဏီမှ သိရသည်။

အဆိုပါ စီမံကိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြရိပ်ညိုဟိုတယ်ဟောင်းနေရာရှိ မြေဧက ၁၄ ဧကကျယ်ဝန်းသည့်နေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး 5 Star အဆင့်ရှိ ဟိုတယ်အပါအဝင် လူနေအိမ်ခန်းများ၊ ရုံးခန်းများ၊ ဈေးဆိုင်များပါဝင်မည် ဖြစ်သည်။



စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းမြေနေရာအတွင်းရှိ ရှေးဟောင်းအဆောက်အအုံတစ်ခုအား မူလအတိုင်းချန်လှပ်ထားရှိကာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်၊ ဌာနဆိုင်ရာအသီးသီး၏ ခွင့်ပြုချက်၊ စည်းကမ်းသတ်မှတ်ချက်များ အတိုင်းသာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ China State Construction Engineering Corporation နှင့် ဇေကမ္ဘာကုမ္ပဏီတို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အဆိုပါ Yangon New World စီမံကိန်းတွင် တရုတ်ကုမ္ပဏီက ၆၀ ရာခိုင်နှုန်း၊ ဇေကမ္ဘာကုမ္ပဏီက ၄၀ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း China State Construction Engineering Corporation မှ သိရသည်။

စီမံကိန်းအကောင်အထည်ဖော်မည့်မြေနေရာသို့ ယနေ့ မွန်းလွဲပိုင်းက ဟူနန်ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယဝန်ကြီးချုပ် He Bao Xiang နှင့်အဖွဲ့ လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သီသီမင်း**

**✳ ရွှေကျင်မှ**

ကွန်ကရစ် သံဖရိန်တို့ဖြင့် တည်ဆောက်လျက်ရှိပြီး ရှင်ဥပဂုတ္တမထေရ်မြတ်ပင့်ဆောင်ရန် ကရဝိက်ဖောင်တော်ကို မွမ်းမံပြင်ဆင်မှုများလည်း အချိန်မီပြီးစီးမည်ဖြစ်ကြောင်း၊ ဧည့်သည်တော်များ လုံခြုံရေးအတွက် အစီအမံများလည်း တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း၊ ရပ်နီးရပ်ဝေးမှ ရွှေပွဲလာပရိသတ်များကို ဖိတ်ခေါ်ပါကြောင်း ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပူဇော်ပွဲဖြစ်မြောက်ရေးဗဟိုကော်မတီဝင် ဦးသိန်းလွင်က ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ရန်အောင်ထွန်း(ပိန်းဇလုပ်)**

**❖ ကျောဖုံးမှ**

ယင်းခြေစမ်းပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လကတည်းက လေ့ကျင့်မှုပြုလုပ်ထားသော်လည်း နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲသာ ကစားရသေးပြီး ဒုတိယမြောက်အသင်းအဖြစ် ထိုင်းအမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် စက်တင်ဘာ ၆ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမဆုံးခြေစမ်းပွဲတွင် စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အာရှခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှ ကစားသမားအချို့ကို အားဖြည့်ရွေးချယ်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာပါက ကစားသမားများ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု(စ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းအုပ်စုတွင် အီရန်၊ ပါလက်စတိုင်း၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ခြေစစ်ပွဲတွင် ခြေစွမ်းပြပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကင်းကလေးဆေးရုံကြီး၌ ကျင်းပသော ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် (Cardiac Complex)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာ သာထွန်းကျော်၊ ရန်ကင်းကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် (Cardiac Complex)ကို ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရန်ကင်း ကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ်ရှိ ခေတ်မီခွဲစိတ်ခန်းကြီး၊ ခွဲစိတ်ပြီးလူနာများကို စောင့်ကြည့်ကုသခန်း၊ နှလုံးအထူးကြပ်မတ်ကုသဆောင်၊ ကလေးအထူးကြပ်မတ်ကုသဆောင်၊ နှလုံးနှင့်သွေးကြောဆိုင်ရာ ခွဲစိတ်ကုသဆောင်တို့တွင် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။**(အပေါ်ပုံ)**

ထို့နောက် ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် နှလုံးခွဲစိတ်ကုသဆောင်ရှိ အစည်းအဝေးခန်းမ၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကင်းကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းတည်ဆောက်ထားမှုများကို လည်းကောင်း၊ ကလေးနှလုံးခွဲစိတ်ကုသမှုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းဝင်းကျော်က ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာမှပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ရန်ကင်းကလေးဆေးရုံကြီးတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ သုံးနှစ်အတွင်း မွေးရာပါနှလုံးရောဂါကလေးလူနာများ၊ လေးဖက်နာနှလုံးရောဂါ ကလေးလူနာများအား ခွဲစိတ်ရန်မလိုဘဲ အဆို့(Device)ဖြင့်ပိတ်၍ ကုသခြင်း၊ ဘောလုံး(Balloon)ဖြင့်ချဲ့၍ ကုသခြင်း၊ နှလုံးကြောထောက်ပွန်(Stent)ထည့်သွင်း၍ ကုသခြင်း၊ နှလုံးပိုက်သွင်း၍ ရောဂါရှာဖွေခြင်းတို့ကို နှလုံးပိုက်သွင်းစမ်းသပ်ကုသစက် (Catheterization Laboratory)ဖြင့် စုစုပေါင်း လူနာ ၇၇၉ ဦးအား အောင်မြင်စွာကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၌ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းအတွဲစာရင်းလျှောက်လွှာများကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်အတွင်း ကျောက်စိမ်းလုပ်ငန်းကော်မတီသို့ လာရောက်လျှောက်ထားရမည်ဖြစ်သည်။

ထို့အပြင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၃၁ ရက်အထိ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်သည်။

ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှစ၍ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များမှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်သည်။ Online မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov. mm ၊ Online Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ အသိပေးကြေညာထားသည်။

**သတင်းစဉ်**

# မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက်က မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ရှင်းလင်းဟောပြောခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာဦးနှင့် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အရေးပါမှုအခန်းကဏ္ဍ၊ ပြည်သူ့ဝန်ထမ်းများအတွက် အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်များအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ မျှဝေဟောပြော၍ အရာထမ်း၊ အမှုထမ်းများက သိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ဇော်မိုးသောက်**

# GFA အသင်း တန်းဆင်းခဲ့ရပြီး ဇွဲကပင်အသင်း တတိယနေရာရရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၂) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ နိုင်ပွဲရသည့် ဇွဲကပင်အသင်း တတိယဆုရပြီး GFA အသင်းမှာမူ တန်းဆင်းခဲ့ရသည်။

**ဇွဲကပင်အသင်း - သုံးဂိုး**
**GFA အသင်း - တစ်ဂိုး**

GFA အသင်းသည် ယခုပွဲအနိုင်ရလျှင် တန်းဆင်းဇုန်မှလွတ်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် စစ်ကိုင်းအသင်း၏ ရလဒ်ကိုစောင့်ကြည့်စရာမလိုဘဲ တန်းဆင်းခဲ့ရသည်။ ဇွဲကပင်အသင်းမှာမူ တိုက်စစ်မှူး သန်းထက်အောင်၏ သွင်းဂိုးများနှင့်အတူ ဂိုးပြတ်နိုင်ပွဲရယူပြီး တတိယဆုရယူနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် ဇွဲကပင်အသင်းသည် အသင်းသက်တမ်းတစ်လျှောက် အမြင့်ဆုံးအဆင့်ရပ်တည်မှု ရရှိခဲ့ခြင်းလည်းဖြစ်သည်။

နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် လူစုံအသုံးပြုခဲ့သော်လည်း ပွဲအစတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိ၍ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲတစ်ပွဲကို တွေ့မြင်ခဲ့ရခြင်းမရှိပေ။ ၃၇ မိနစ်တွင် ဇွဲကပင်အသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး သန်းထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဇွဲကပင်အသင်း ကစားပုံပိုကောင်းလာပြီး ပထမပိုင်းပြီးခါနီးတွင် ကွင်းလယ်ကစားသမား ဆာကီက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒုတိယဂိုး သွင်းယူခဲ့သည်။

ပထမပိုင်းတွင် GFA အသင်းသည် တိုက်စစ်ကစားပုံ အမှားအယွင်းများခဲ့ပြီး ဒုတိယပိုင်းအစတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်မှသာ တိုက်စစ်ကစားပုံ ပြန်ကောင်းလာခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် GFA အသင်း တောက်လျှောက်ဖိကစားနိုင်ခဲ့ပြီး ၅၇ မိနစ်တွင် သန်းထိုက်အောင်က ချေပဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဇွဲကပင်အသင်းက တတိယဂိုးထပ်ရခဲ့သောကြောင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းကစားသွားခြင်းဖြစ်သည်။ ဇွဲကပင်အသင်းအတွက် တတိယဂိုးကို တိုက်စစ်မှူး သန်းထက်အောင်က မိနစ် ၇၀ တွင် ပင်နယ်တီဧရိယာစည်းထိပ်မှ သွင်းယူခဲ့ခြင်းဖြစ်သည်။ GFA အသင်းသည် လက်ကျန်မိနစ်များတွင် ချေပဂိုး ထပ်ရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်၍ ဇွဲကပင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- ဖိုးသော်ဇင်**



**ဇွဲကပင်တိုက်စစ်မှူး သန်းထက်အောင်နှင့် GFA အသင်းတိုက်စစ်မှူး သန်းထိုက်အောင်တို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်း

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသော လူကြီးမင်းများအားလုံး၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွား ဖော်ဆောင်ပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းထိုက် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဦးဆောင်ကျင်းပတဲ့ အဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ကိုယ်စား စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယနေ့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီကျင့်သုံးမှု ပိုမိုရှင်သန်ခိုင်မာလာစေရေး၊ ဒီမိုကရေစီစိတ်ဓာတ်များ အစဉ်ရှင်သန်နိုးကြားနေစေရေးနှင့် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဖော်ဆောင်ရေးတို့အတွက် နိုင်ငံအသီးသီးမှာ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့ကစပြီး အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကစပြီး နှစ်စဉ် ဂုဏ်ပြုကျင်းပခဲ့ရာ (၈)ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို နှစ်စဉ် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ ဆောင်ပုဒ်များချမှတ်၍ ဆောင်ရွက်ခဲ့ရာ ယခုနှစ်အတွက် ဆောင်ပုဒ်မှာတော့ "Oversight" "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး"ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီထာဝစဉ်ရှင်သန်နေဖို့ အရေးကြီးဆုံးအချက်ကတော့ ပြည်သူလူထု(လူတန်းစားအလွှာအသီးသီး)ဟာ မိမိနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ရာမှာလည်းပဲ ဒီမိုကရေစီရဲ့ အဓိကအခြေခံဖြစ်တဲ့ ပြည်သူတစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်ရင့်ကျက်မှုဖြင့် ဥပဒေနှင့်အညီ စည်းကမ်းလိုက်နာမှု၊ စောင့်ထိန်းမှုကို စနစ်တကျအခြေပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါအခြေအနေသို့ရောက်ရှိရန် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီ အသိရှိရှိနားလည်မှုကို အခြေခံ၍ မှန်ကန်သောအတွေးအခေါ်၊ အသိပညာကိုအခြေခံ၍ မှန်ကန်သောအမြော်အမြင်၊ ဆင်ခြင်တုံတရားများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဥပဒေမဲ့၊ စည်းကမ်းမဲ့



ဗိုလ်မှူးကြီး သန်းထိုက်

**ဒီမိုကရေစီ ယဉ်ကျေးမှုနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီ အသိရှိရှိနားလည်မှုကို အခြေခံ၍ မှန်ကန်သော အတွေးအခေါ်၊ အသိပညာကိုအခြေခံ၍ မှန်ကန်သော အမြော်အမြင်၊ ဆင်ခြင်တုံတရားများဖြင့် ပူးပေါင်း ပါဝင် ဆောင်ရွက်ကြမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။**

ပြုလုပ်ခြင်းဟာ ပရမ်းပတာဒီမိုကရေစီကိုသာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့၊ သာယာဝပြောတဲ့ ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်နေစေရန်အတွက် နိုင်ငံတော်ကို ပဲ့ကိုင်နေတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ဖြင့်လည်း အပြန်အလှန်ထိန်းကျောင်းနေရမှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်သူတို့မျှော်လင့်တောင့်တနေတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကိုလည်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိစေခြင်းများဖြင့် ပြည်သူတွေရဲ့ လူမှုဘဝကို မြှင့်တင်ပေးရန်ဖြစ်ပြီး အများပြည်သူကလည်း ယုံကြည်လိုလားစွာ လက်ခံလိုက်နာဆောင်ရွက်မှသာ ထာဝရခိုင်မြဲတဲ့ဒီမိုကရေစီစနစ် ပေါ်ထွန်းလာမှာ မလွဲကေန်ဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်မှာ နိုင်ငံသူ နိုင်ငံသားတိုင်းဟာ တည်ဆဲဥပဒေများနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ Mother Law ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရာမှာ ဥပဒေရဲ့ အနှစ်သာရဖြစ်တဲ့ Spirit of Law ကိုလည်း တိတိကျကျ လိုက်နာရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရာမှာ အရေးတကြီးလိုအပ်နေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို နိုင်ငံတော်က ကမကထပြု ကျင်းပဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ၊ အကြမ်းဖက်သောင်းကျန်းမှုတွေ ချုပ်ငြိမ်းသွားပြီး ထာဝရငြိမ်းချမ်းရေးရရှိသွားမှသာ ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိမှာဖြစ်ပါတယ်။ ထို့ကြောင့် ယခုလို လုပ်ငန်းစဉ်တွေမှာ တိုင်းရင်းသားပြည်သူများအားလုံးအနေဖြင့်လည်း စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီစနစ်ဆိုတာ မှန်ကန်မှုကို အများဆန္ဒနဲ့ သဘောတူညီ ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ပါတယ်။ မှားမှားမှန်မှန် အများစုညီသည်နှင့် "ဤ" ကို "ကွဲ"လို့ ဖတ်ခြင်းဟာလည်း ဒီမိုကရေစီ မဟုတ်ဘူးဆိုတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒီလိုသာ ဆောင်ရွက်နေမယ်ဆိုလျှင် အမွှေဒီမိုကရေစီသာ ဖြစ်သွားပါမယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်မျှတသော ဒီမိုကရေစီကျင့်စဉ်ဖြစ်စေရေး အားလုံးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး တစ်ဦးကောင်း တစ်ယောက်ကောင်းဆောင်ရွက်ခြင်းဖြင့် မရရှိနိုင်ပါဘူး။ ယခုနှစ် ဆောင်ပုဒ်ဖြစ်တဲ့ "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆောင်ပုဒ်အတိုင်း ရည်ရွယ်ချက်အောင်မြင်စေရေး ၅၄ သန်းခန့်သော ပြည်ထောင်စုတိုင်းရင်းသားများအနေဖြင့်လည်း မှန်ကန်သောစိတ်ထား၊ မှန်ကန်သောတွေးခေါ်မှုတွေကို မြတ်နိုးပြီး ရရှိလာတဲ့ မှန်ကန်သောအချက်အလက်များအပေါ် မူတည်၍ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းကလည်းပဲ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

# စာရေးဆရာ ဦးဦးကျော်၏ ပြည်သူ့အရေးအတွက် ရေးပေးခဲ့သည့် ပြည်သူ့အရေး ဆောင်းပါးများစာအုပ် ဖြန့်ချိမိတ်ဆက်ပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံ၏ လက်ရှိအောင်မြင်ဖြစ်ထွန်းနေသည့် စနစ်ကျသော လုပ်ဆောင်မှုများနှင့် လက်ရှိမြန်မာနိုင်ငံ၏ စနစ်မကျသေးသော လုပ်ဆောင်မှုများကို နှိုင်းယှဉ်တင်ပြရေးသားထားသည့် ပြည်သူ့အရေးအတွက် ရေးပေးခဲ့သည့် ပြည်သူ့အရေးဆောင်းပါးများစာအုပ် ဖြန့်ချိမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးမြို့ခံ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် စာရေးဆရာသင့်နော်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယခု ထုတ်ဝေဖြန့်ချိသည့် စာအုပ်ကိုရေးသားခဲ့သော စာရေးဆရာ ဦးဦးကျော်နှင့် မိတ်ဆက်ပေးခဲ့ပြီး စာရေးဆရာ ကျော်ရင်မြင့်၊ ဒေါက်တာမင်းညို၊ ရွှေညာဏ်ဇော်တို့က မုဒိတာစကားများ အသီးသီး ပြောကြားခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာ ဦးဦးကျော်က "ကိုယ့်တိုင်းပြည်နဲ့ အံမဝင်ဘူးလို့ ထင်တာလေးတွေကို သတင်းစာတွေမှာ ဖတ်ရတယ်။ ဒါနဲ့ စာရေးချင်စိတ်ပေါက်ပြီးတော့ ရေးဖြစ်သွားတာပါ။ ဒီစာအုပ်ရဲ့ ပထမဦးဆုံး ဆောင်းပါးဖြစ်တဲ့ လေယာဉ်ကွင်းကပေးသော သင်ခန်းစာမှာဆိုရင် ဟံသာဝတီလေယာဉ်ကွင်းကို အဲဒီလောက်ဝေးတဲ့နေရာမှာ မဆောက်သင့်ဘူး။ ဂျပန်ပြည်မှာ လေယာဉ်ကွင်းကို မြို့နဲ့ အဝေးကြီးဆောက်ပြီး ပြဿနာတွေပေါင်းစုံ ကြုံနေရတာနဲ့ နှိုင်းယှဉ်ပြထားတယ်။ ကျွန်တော်တို့ဆီမှာ သူတို့ထက်ပိုပြီး ပြဿနာတွေ ကြုံလာနိုင်တယ်။ နောက်ရေးတဲ့ ဆောင်းပါးတွေလည်း ပရောဂျက်တစ်ခုတင်လိုက်တယ်။ ဒါမှမဟုတ်



ဥပဒေတစ်ခု ထုတ်လိုက်တယ်။ ဒါတွေက မဖြစ်သင့်ဘူး။ ဒါတွေက ဖြစ်သင့်တယ်။ ဥပမာ အခွန်ကောက်ရမယ်၊ အခွန်မကောက်ရင် အစိုးရရပ်တည်လို့မရဘူး။ ဒါပေမယ့် မလိုအပ်တဲ့ အခွန်တွေကောက်တယ်။ တစ်ခါတလေ လိုချင်ဇောနဲ့ အများကြီးကောက်တယ်။ ဒါ မဖြစ်သင့်ဘူး။ အဲဒါမျိုးတွေ စုစည်းပြီးတော့ ကျွန်တော်ရေးတာပါ။ ဒီစာအုပ်ကို နိုင်ငံ့ဝန်ထမ်းတွေ များများဖတ်စေချင်ပါတယ်။ လူငယ်တွေကို ပြောချင်တာက ဖေ့စ်ဘွတ်ပေါ်မှာပဲ တင်းတိမ်မနေကြနဲ့။ စာအုပ်တွေကို များများဖတ်ကြပါ။ တိုးတက်တဲ့ နိုင်ငံတွေမှာတောင် အင်တာနက်တွေ ဘယ်လောက်ပဲ ထွန်းကားပါစေ စာအုပ်ဖတ်ကြတယ်။ စာအုပ်ဆိုင်တွေ နေရာအနှံ့အပြား ရှိတယ်။ မီးရထားတွေ ကားတွေစီးရင်းလည်း စာအုပ်တွေဖတ်ကြတာ အများကြီး တွေ့ရတယ်။ ဖေ့စ်ဘွတ်တွေ ထွန်းကားလာလို့ နိမ့်ကျမသွားပါဘူး။ နိုင်ငံတကာမှာတောင် နိမ့်ကျမသွားတာ ကျွန်တော်တို့ နိုင်ငံလည်း နိမ့်ကျမသွားပါဘူးလို့ အမှာစကားပါးချင်ပါတယ်" ဟု အဆိုပါစာအုပ် ရေးသားခဲ့သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းခဲ့ကြရာ စာရေးသူက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

စာရေးဆရာ ဦးဦးကျော်၏ ပြည်သူ့အရေးဆောင်းပါးများစာအုပ်ကို စာပေလောကစာအုပ်တိုက်က ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိပြီး ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများရှိ စာပေဖြန့်ချိရေးဆိုင်ကြီးများတွင် တစ်အုပ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စမုန်နက်နှမ်းများ သုံးနှစ်အတွင်း စံချိန်တင် ဈေးနှုန်းမြင့်တက်

**မန္တလေး စက်တင်ဘာ ၂၂**

မြန်မာ့ထွက်ကုန်သီးနှံ စမုန်နက်နှမ်းများကို တရုတ်နှင့် ဂျပန်နိုင်ငံများက ရောင်းသူအကြိုက် အပြိုင်ဈေးပေးဝယ်ယူနေမှုကြောင့် သုံးနှစ်အတွင်း မကြုံစဖူး စံချိန်တင်ဈေးနှုန်းအဖြစ် မြင့်တက်လာကြောင်း မန္တလေးနှမ်းဈေးကွက်မှ သိရသည်။

အဆိုပါ စမုန်နက်နှမ်းသီးနှံများမှာ စတင်ထွက်ရှိလာသည့် ဇူလိုင်လဆန်းက ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့ပြီး ဩဂုတ်လကုန်ပိုင်းတွင် ကျပ် ၂၀၀၀၀၀ နှုန်းအထိ မြင့်တက်လာခဲ့ကာ ယခု စက်တင်ဘာလ တတိယပတ်အတွင်း ကျပ် ၂၅၅၀၀၀ အထိ ဈေးခုန်တက်လာကြောင်း မန္တလေးမြို့ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"ဒီနှမ်းအမျိုးအစားကတော့ ပဲမျိုးစုံသီးနှံတွေထဲမှာ ထိပ်ဆုံးဈေးရောက်နေတဲ့အပြင် နှမ်းဈေးကွက် သုံးနှစ်အတွင်းမှာလည်း တစ်ခါမှမရောက်ခဲ့ဖူးတဲ့ ဈေးကို ရရှိလာခဲ့တယ်။ ရာသီကုန်ခါနီး လက်ကျန်နည်းနေတဲ့ အချိန်မှာ အပြိုင်ဝယ်ယူနေတဲ့အတွက် အခုလို မကြုံစဖူးဈေးနှုန်းကို ရောက်သွားခဲ့တာပါ။ နှမ်းစိုက်တောင်သူတွေအဖို့တော့ ဒီနှစ်မှာ မြေကြီးက ရွှေသီးတဲ့နှစ်ပေါ့ဗျာ" ဟု ၎င်းက ပြောသည်။

ဂျပန်နိုင်ငံမှ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် မြန်မာ့စမုန်နက်နှမ်းကို ပိုမိုနှစ်သက်ကာ အရည်အသွေးပိုင်းကိုလည်း စိစစ်ပြီးမှ ဝယ်ယူသော်လည်း တရုတ်နိုင်ငံကမူ ဈေးကွက်အတွင်း ရောက်ရှိလာသော နှမ်းမျိုးစုံကို ဝယ်ယူ မှုရှိနေကြောင်း သိရှိရပြီး စမုန်နက်နှမ်းနှင့်အပြိုင် နှမ်းနက်မှာလည်း လက်ရှိတွင် သုံးတင်းဝင်တစ်အိတ်လျှင် ၂၂၅၀၀၀ ကျပ်နှုန်းအထိ စံချိန်တင်ရောက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားတွင် ဖတ်ကြားသည့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း

အားလုံးကို မင်္ဂလာပါ။ ယနေ့ ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြတဲ့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ IPU မှ ပုဂ္ဂိုလ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ ခေါင်လန်ဖူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သည့် ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး (Oversight) ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ဒီမိုကရေစီရှင်သန်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။



ဦးအာမိုးဆီ

**ဒီမိုကရေစီကိုချစ်မြတ်နိုးသူများခင်ဗျား -**

ဒီမိုကရေစီစနစ်သည် ယနေ့ကမ္ဘာပေါ်တွင် အသုံးအများဆုံးအုပ်ချုပ်မှုပုံစံဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ဟူသည် ပြည်သူကိုအခြေပြုပြီး အကျိုးစီးပွားကို ပြည်သူ့ဆန္ဒနှင့်အညီ တူညီသောရည်မှန်းချက်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားအလို့ငှာ ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီမိုကရေစီဟုဆိုသည်နှင့် အခွင့်အရေးနှင့်အတူ တာဝန်လည်းပါလာသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသားတစ်ဦးချင်းစီတွင် တာဝန်ရှိလာပါသည်။ တစ်ဦးချင်းစီတွင် ကျရောက်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဒီမိုကရေစီရှင်သန်လာအောင် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ကြရမည်ဖြစ်ပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုဟူသည်မှာ ရှင်သန်ဖွံ့ဖြိုးသည့် ဒီမိုကရေစီလမ်းကြောင်းတွင် ပြည်သူလူထု၏ လိုလားတောင်းဆိုချက်များအပေါ် အစိုးရပိုင်း တာဝန်ရှိသူများအနေဖြင့် တလေးတစားနားထောင်ခြင်း၊ ကြည်ဖြူစွာကြိုဆိုခြင်း၊ အရေးတယူပြုခြင်းနှင့် ၎င်းတို့လိုချင်၊ ဖြစ်ချင်သည့် အချက်များကို လွှတ်တော်အတွင်း ပြန်လည်ဆွေးနွေးခြင်း၊ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ သုံးသပ်ဆောင်ရွက်ခြင်းတို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။

> “တရားဥပဒေစိုးမိုးမှုသည် ဒီမိုကရေစီရေရှည်တည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှု မရှိသည့်နေရာများတွင် ဒီမိုကရေစီမရှင်သန်နိုင်ပါ”

ဒီမိုကရေစီစနစ်မှာ အရေးကြီးတဲ့ အခြေခံမူများစွာရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ တန်းတူညီမျှမှု၊ ပြည်သူလူထုပါဝင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လွတ်လပ်၍ တရားမျှတပြီး ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲရှိမှု၊ ရွေးကောက်ပွဲရလဒ်ကို လက်ခံနိုင်မှု၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ အာဏာကို အလွဲသုံးစားမှုပြုမှုအပေါ် ထိန်းချုပ်ကာကွယ်နိုင်မှုတွေ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးမှုသည် ဒီမိုကရေစီရေရှည်တည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိသည့်နေရာများတွင် ဒီမိုကရေစီမရှင်သန်နိုင်ပါ။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေး (Fundamental Rights) သို့မဟုတ် ပြည်သူ့ရပိုင်ခွင့် (Citizen Rights) ဟူသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရေးဆွဲကာ အခိုင်အမာ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် ကာကွယ်ပေးထားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

**ဒီမိုကရေစီကိုချစ်မြတ်နိုးသူများခင်ဗျား -**

ဒီမိုကရေစီစနစ်တွင် လူတိုင်း လူတိုင်းသည် တူညီသောအခွင့်အရေးရှိသည်ဟု ယူဆသော်လည်း လူတို့သည် ရုပ်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ အသွေးအရောင်အမျိုးမျိုးရှိသည့်နည်းတူ အသိဉာဏ်သည်လည်း သဘောအရ လူတစ်မျိုးက အခြားတစ်မျိုးထက်သော်လည်းကောင်း၊ လူတန်းစားတစ်မျိုးက လူတန်းစားတစ်မျိုးထက်သော်လည်းကောင်း အခွင့်အရေးသာထိုက်သည်ဟူ၍ မရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်တွင် တိုင်းသူပြည်သားများမှာမူ အများအကျိုးနှင့် ပတ်သက်သော အလုပ်တို့တွင် ကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်ခွင့်ရကြသဖြင့် အမြဲတိုးတက်လျက်ရှိသည်ကို တွေ့ရှိရပြီး တိုင်းသူပြည်သားတို့ တိုးတက်လေလေ ဒီမိုကရေစီစနစ်ကို ကြိုက်လေလေဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်အရ နိုင်ငံတစ်နိုင်ငံမှာ လူနည်းစုတွေအတွက် သတ်မှတ်ပြဋ္ဌာန်းတဲ့ အခွင့်အရေးကို ဘယ်သူကမှ ဖယ်ရှားခွင့်မရှိပါဘူး။ ဒီအခွင့်အရေးကို အစိုးရကသော်လည်းကောင်း လူအများစုလို့ သတ်မှတ်ထားတဲ့သူတွေကော ရွေးကောက်ခံပုဂ္ဂိုလ်တွေကလည်း ဖယ်ရှားခွင့်မရှိသည်ကို တွေ့ရှိရပါတယ်။

**ဒီမိုကရေစီကိုချစ်မြတ်နိုးသူများခင်ဗျား-**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်မှသာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ချောမွေ့စွာ ဆောင်ရွက်နိုင်မှာဖြစ်သည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေး ပြည်တွင်း ပြည်ပ အဖျက်အမှောင့် အနှောင့်အယှက်များကို ကာကွယ်တားဆီးပေးခြင်းဖြင့် ဒီမိုကရေစီရှင်သန်ဖြစ်ထွန်းရေးကို အကာအကွယ်ပေးရာ ရောက်စေပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းဆဲကာလမှာ ဒီမိုကရေစီအခွင့်အရေးများကို ပိုမိုကြီးထွားရှင်သန် ခိုင်မာလာစေရေးအတွက် ဒီမိုကရေစီထိခိုက်ပျက်စီးနစ်နာနိုင်စေမည့် အပြောအဆို အပြုအမူများကို ရှောင်ရှားပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲ ကင်းရှင်းစွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရန် လွန်စွာအရေးကြီးလှပါတယ်။

**ဒီမိုကရေစီကိုချစ်မြတ်နိုးသူများခင်ဗျား -**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု အများအပြားနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့ဖြင့် ဒွန်တွဲတည်ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေသဟဇာတဖြစ်ရေးနှင့် ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလို ပေါင်းစည်းရာမှာ အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ်ပေါ်ထွန်းလာဖို့ လိုအပ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုနဲ့ တိုက်ရိုက်ဆက်စပ်လျက်ရှိနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တိုင်းပြည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်နှင့် ဒီမိုကရေစီအမြဲရှင်သန်နိုင်စေရန်အတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

# ဖျာပုံမြို့ သန့်ရှင်းသာယာလှပစေရေး လူထုလူတန်းစားအလွှာစုံ ပူးပေါင်းဆောင်ရွက်

**ဖျာပုံ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှိုက်ရှင်းလင်းရေး စုပေါင်းလှုပ်ရှားမှုကို စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီက ဖျာပုံမြို့ အထက ၂ ကျောင်းပတ်ဝန်းကျင်၌ ပြုလုပ်ခဲ့ကြသည်။

“ဒီလိုသန့်ရှင်းအောင်၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ပေးတယ်ဆိုတာ တစ်ကြိမ်တည်း၊ တစ်လတည်းလုပ်ပေးရုံနဲ့ ပြီးတဲ့လုပ်ငန်းမျိုးတော့မဟုတ်ဘူး။ သန့်ရှင်းအောင်လုပ်တဲ့သူတွေက လုပ်သလို အမှိုက်တွေထပ်မပစ်ကြဖို့လည်း လိုပါတယ်။ ဒါမှအလုပ်တွေက ရှေ့ရောက်ပါလိမ့်မယ်။ ဒီလိုစုပေါင်းအားနဲ့ ဆောင်ရွက်ခြင်းကို ကြိုဆိုပါတယ်။ ဆက်လုပ်ကြဖို့လည်း အားပေးပါတယ်”ဟု ဒေသခံ ကိုဝီချိုင်းက ပြောသည်။

အဆိုပါ စုပေါင်းသန့်ရှင်းခြင်းအစီအစဉ်ကို ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့်အတူ ပွဲတင်သံပရဟိတဘောလုံးအသင်းနှင့် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် Volunteer လူငယ်များကပါ ပူးပေါင်းပါဝင်လျက် အများပြည်သူသွားလာနေသည့် လမ်းဘေးဝဲယာတစ်လျှောက် မြက်များ၊ အမှိုက်များရှင်းလင်းခြင်း၊ အထက ၂ ကျောင်းဝင်းအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူပေးခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဖျာပုံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း၌ ကျောင်းများ၊ ဈေးများ၊ အများပြည်သူသွားလာနေရာသည့်နေရာများကို အခြေခံလျက် သန့်ရှင်းရေးများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ပြည်တွင်း၊ ပြည်ပ ဆရာဝန်များ ကင်ဆာရောဂါနှင့်ပတ်သက်သည့် အတွေ့အကြုံများ ဆွေးနွေးဖလှယ်

**ရန်ကုန် စက်တင်ဘာ ၂၂**

စင်ကာပူနိုင်ငံရှိ Concord International Hospital Singapore မှဆရာဝန်ကြီးများ၊ ပြည်တွင်းမှ ဆရာဝန်များနှင့်အတူ ဆေးနှင့် ဆေးရုံသုံးပစ္စည်းများ တင်သွင်းဖြန့်ဖြူးနေသည့် Zar&Zar ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ကင်ဆာရောဂါကုသရေးအတွေ့အကြုံဖလှယ်ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကင်ဆာရောဂါနှင့်ပတ်သက်သည့် အတွေ့အကြုံဆွေးနွေးဖလှယ်ပွဲကို ပြုလုပ်ရခြင်းမှာ ကမ္ဘာတွင် ကင်ဆာရောဂါတွေ့ရှိချက် ပိုမိုများပြားလာပြီး အတွေ့အကြုံနှင့် နည်းစနစ်များအရ ခွဲစိတ်မှုပြုလုပ်ရာတွင် အခက်အခဲများ မဖြစ်ရစေရန်အတွက် စင်ကာပူနိုင်ငံမှ ဆရာဝန်များနှင့် ပြည်တွင်းမှဆရာဝန်များ တွေ့ဆုံ၍ ၎င်းတို့၏ အတွေ့အကြုံများကို ယခုကဲ့သို့ ဆွေးနွေးဖလှယ်မှု ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူနေကြသည့် ပြည်သူများအနေဖြင့်လည်း မိမိတွင် အမှန်တကယ်ဖြစ်နေသည့် ရောဂါဝေဒနာကို မရှက်မကြောက်ကြဘဲ နီးစပ်ရာဆရာဝန်နှင့် တိုင်ပင်၍ အမြန်ဆုံးဆေးဝါးကုသမှုခံယူသင့်ကြောင်း ပြည်တွင်းသို့ ဆေးနှင့် ဆေးရုံသုံးပစ္စည်းများ တင်သွင်းဖြန့်ဖြူးနေသည့် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးသန့်က ပြောသည်။

“အရေးကြီးတာပြောချင်တာကတော့ ပြည်သူတွေအနေနဲ့ မိမိမှာခံစားနေရတဲ့ ရောဂါဝေဒနာကို ဆရာဝန်တွေနဲ့တိုင်ပင်ပြီး အမြန်ဆုံးဆေးဝါးကုသမှုခံယူသင့်ပါတယ်။ ကင်ဆာရောဂါဝေဒနာဖြစ်နေတာကို နောင်မှသိတယ်ဆိုရင်တော့ လူနာအတွက် ငွေကြေးအကုန်အကျပိုများပြီး ရောဂါဝေဒနာကိုလည်း ပိုမိုခံစားစေရပါတယ်။ ကင်ဆာနဲ့ပတ်သက်လို့ ပြောရရင်တော့ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အစာအိမ်နဲ့ အူလမ်းကြောင်းကင်ဆာတွေဟာ ပိုမိုဖြစ်ပွားတတ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေအနေနဲ့ ရင်သားကင်ဆာရောဂါကို ကြောက်ကြပါတယ်။ ဒီရောဂါဖြစ်ပြီဆိုတာနဲ့ ဆရာဝန်နဲ့တိုင်ပင်ပြီး အမြန်ဆုံးဆေးဝါးကုသမှု ခံယူသင့်ပါတယ်” ဟုဆိုသည်။

အဆိုပါကင်ဆာရောဂါနှင့် ပတ်သက်သည့် အတွေ့အကြုံဆွေးနွေးဖလှယ်ပွဲ၌ ပါမောက္ခဒေါက်တာဦးထွန်းဦး (အငြိမ်းစား၊ ဌာနမှူး၊ ခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ် ၁ ရန်ကုန်)က အဖွင့်အမှာစကားပြောကြားပြီး Concord International Hospital Singapore မှ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပရော်ဖက်ဆာ ဒေါက်တာ Francis Seow Choen၊ ဒေါက်တာ Ong Kong Wee နှင့် ဒေါက်တာ Daniel Tan Yat Harn တို့က အတွေ့အကြုံများကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ပြည်တွင်းမှ ဆရာဝန်များနှင့်အတူ ကင်ဆာရောဂါနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ပြည်သူ့အားဖြင့် မြန်မာ့စီးပွားကြိုးစားမြှင့်တင်ကြစို့

■ ဒေါက်တာမောင်အောင်

ယနေ့အချိန်သည် ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအပေါ် အနည်းနှင့် အများ ရိုက်ခတ်မှုများရှိနေပြီဖြစ်သည်။ အမေရိကန်၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနှင့်အတူ ကမ္ဘာသုံးငွေကြေး ဒေါ်လာစီးထွက်နေမှုကို ထိန်းချုပ်လာမှုကြောင့်လည်း ဒေါ်လာဈေးနှုန်းများတက်လာမှု ကြုံတွေ့နေရသည့် အချိန်လည်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်မှုများကြောင့် ရေကြီးခြင်း၊ ရေလျှံခြင်း၊ မုန်တိုင်းကျခြင်း၊ အပူလှိုင်းဖြတ်ခြင်း စသည်တို့ကိုလည်း ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရပြီဖြစ်သည်။ ချမ်းသာသည့်နိုင်ငံများအတွက် ခနအင်အားဖြင့် အချိန်မီတုံ့ပြန်နိုင်မှုကြောင့် ထိခိုက်မှုလျော့နည်းသော်လည်း မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ တိုင်းပြည်စီးပွားရေးကို ထိခိုက်ရုံသာမက လူမှုဒုက္ခများကိုပါ တိုးပွားစေသည်။ ထို့အတွက် လက်ရှိစီးပွားရေး အခက်အခဲများမှ အမြန်ရုန်းထွက်ပြီး သိသာသည့် စီးပွားရေးတိုးတက်မှုဖော်ဆောင်ရန် အထူးလိုအပ်နေပြီဖြစ်သည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ပြုလုပ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ဘက်မှ စီးပွားရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးနီစနစ်များ လျှော့ချခြင်း၊ မလိုအပ်သည့်အဆင့်များ ဖျက်သိမ်းခြင်း၊ လိုအပ်သည့် အချိန်လျှော့ချခြင်းစသည် ပြုပြင်ပြောင်းလဲရေးနှင့် လွယ်ကူချောမွေ့စေရေး လုပ်ဆောင်မှုများ ဝန်ကြီးဌာနများအလိုက် အရှိန်မြှင့်တာဝန်ယူဆောင်ရွက်ကြရန် ပြောဆိုခဲ့ပါသည်။

အမှန်တကယ်မူ နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရချည်းသာ ဆောင်ရွက်မှုဖြင့် မအောင်မြင်နိုင်ပေ။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အတွက် လက်တွေ့ဆောင်ရွက်နေသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ လုပ်သားများ၊ လူငယ်လူရွယ်များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များ၊ NGO များ၊ မီဒီယာများ စသည့် ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

**နိုင်ငံတော်အပိုင်း**

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် မှန်ကန်သည့် စီးပွားရေးပေါ်လစီများ ချမှတ်ခြင်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများရေးဆွဲခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မှုအားပေးသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပေးခြင်း၊ လက်တွေ့ပြောင်းလဲဖြစ်ပေါ်နေသည့် ကမ္ဘာနှင့် မြန်မာ့စီးပွားရေးအခြေအနေများပေါ်မူတည်ပြီး အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ခြင်း လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ လမ်းတံတား၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေး ဖြည့်စွမ်းခြင်း စသည်တို့အပြင် လက်တွေ့စီးပွားရေးလုပ်ငန်းနှင့် ကိုက်ညီမည့် လူ့စွမ်းအားအရင်းအမြစ်များ သင်ကြားလေ့ကျင့်ပေးခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် လွယ်ကူချောမွေ့စေမှု ပိုကောင်းစေရန်ဆောင်ရွက်ခြင်း၊ အဂတိများလျော့ကျစေရန် ဆောင်ရွက်ခြင်း၊ စီးပွားရေးတိုးတက်မှုကို အားပေးသည့် ဘဏ္ဍာရေးနှင့် ငွေကြေးစနစ်များဖော်ဆောင်ခြင်း၊ စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေးတည်ငြိမ်မှုတို့ ဖော်ဆောင်နိုင်ရန် ဥပဒေကြောင်းအရ အရေးယူခြင်း၊ ပြည်သူများတွေ့နေရသည့် စီးပွားရေးဆိုင်ရာ အခက်အခဲ အကျပ်အတည်းများကို အမြန်ဆုံးတုံ့ပြန်ဖြေရှင်းပေးခြင်း စသည်တို့ဖြစ်သည့်အတွက် ဦးဆောင်ကဏ္ဍမှ ပါဝင်ပေသည်။

**မြင်သာသည့် ပြောင်းလဲတိုးတက်မှုများ**

နိုင်ငံတော်အပိုင်းမှ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအနက် နိုင်ငံခြားနှင့် နိုင်ငံသားများအတွက် နိုင်ငံတကာနှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းပေးခြင်း၊ နိုင်ငံခြားလုပ်ငန်းရှင်များနှင့် မြန်မာ့လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်းနိုင်ရေးအတွက် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်ပြဋ္ဌာန်းပေးခြင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့်အတူ ဖြေလျှော့မှုများ စဉ်ဆက်မပြတ်ပြုလုပ်ပေးခြင်း၊ လက်လီလက်ကားရောင်းဝယ်ရေးအတွက် ကုန်စည် ၂၄ အုပ်စု၌ နိုင်ငံခြားသား၊ နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းရှင် ဖက်စပ်လုပ်ငန်းခွင့်ပြုလိုက်ခြင်း စသည်တို့ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလာရောက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် အရှိန်ဖြင့်ဆောင်ရွက်လာခြင်းနှင့် နိုင်ငံတကာလုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများ တရားဝင်ပေါင်းစည်းလုပ်ကိုင်နိုင်ရန် ပထမဆုံးအနေဖြင့် တံခါးဖွင့်လိုက်ခြင်းပင် ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းအတွက် တိုးတက်ဖွံ့ဖြိုးရန် အဓိကမောင်းနှင်အားမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဖြစ်သောကြောင့် MIC အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး အထူးကြိုးစားဆောင်ရွက်နေပြီဖြစ်သည်။ မလိုသည့်အဆင့်များ လျှော့ချခြင်း၊ မလိုသည့် စာရွက်စာတမ်း အထောက်အထားများ လျှော့ချခြင်း၊ လုပ်ငန်းစတင်သည့်နေ့မှစ၍ ယခင် ခြောက်လကြာသော်လည်း နှစ်လအတွင်းခွင့်ပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အဆက်မပြတ်လုပ်ဆောင်နေခြင်း၊ သတင်းစာ၊ တီဗွီ စသည့် မီဒီယာများမှ ပြည်သူတို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း စသည်တို့မှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးပွားရေးအတွက် အရေးပါသည့် ဆောင်ရွက်ချက်များပင်ဖြစ်သည်။ ဆက်လက်၍လည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြေပြင်လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ယခုထက် ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်လျှင် နိုင်ငံတကာလုပ်ငန်းများ၏ ယုံကြည်မှုပိုမိုရရှိလာမည်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖန်တီးရေး**

ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖြစ်စေရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု စံနှုန်းတစ်ခုဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုစံနှုန်းကိုလည်း ပိုမိုကောင်းမွန်စေရန် ကြိုးစားဆောင်ရွက်နေပြီဖြစ်သည်။ နမူနာကောင်းအနေဖြင့် ဗီယက်နမ်၏ လုပ်ငန်းလုပ်ကိုင်လွယ်ကူမှုစံနှုန်းသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံပေါင်း ၁၉၀ အနက် အဆင့် ၈၂ ဖြစ်သော် လည်း ၂၀၁၈ ခုနှစ်တွင် အဆင့် ၆၈ အထိ အဆင့် ၁၄ ဆင့်လျှော့ချနိုင်သလို FDI ဝင်ရောက်လာမှု ယခင်ကာလ ထက် သိသိသာသာ တက်လာခဲ့သည်။

ထို့အပြင် FDI များ ပိုမိုဝင်ရောက်လာနိုင်ရန် အဂတိတရားလျော့နည်းရေးကိုလည်း အဂတိတိုက်ဖျက်ရေးကော်မရှင်မှ တစိုက်မတ်မတ် အရေးယူဆောင်ရွက်နေသည့်အတွက် နိုင်ငံတကာလုပ်ငန်းရှင်များ၏ ယုံကြည်မှု ပိုမိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ပေါ်ပေါက်ရေးအတွက် လိုအပ်ချက်တစ်ခုမှာ ဉာဏဆိုင်ရာပစ္စည်း အခွင့်အရေး အကာအကွယ်ပေးခြင်းပင်ဖြစ်သည်။ ယခုအခါ ခေတ်နှင့်လျော်ညီသည့် အသစ်ပြန်လည်ရေးဆွဲထားသည့် ဉာဏဆိုင်ရာပစ္စည်း အကာအကွယ်ပေးရေး ဥပဒေ လေးခုတို့ ပြဋ္ဌာန်းပြီးလျှင် အရေးယူမှုများလည်း ပြုလုပ်တော့မည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် တရားမဝင်ကုန်သွယ်ရေးကို လျှော့ချနိုင်ရေး အရှိန်မြှင့်လုပ်ဆောင်ရဦးမည်ဖြစ်သည်။ ရှည်လျားသည့် နယ်စပ်လိုင်းနှင့် ကမ်းရိုးတန်းရှိသည့်အတွက် ခက်ခဲသော်လည်း အတတ်နိုင်ဆုံးလျှော့ချနိုင်လေ နိုင်ငံတကာလုပ်ငန်းများ၏ ယုံကြည်မှုတက်လေဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ပြည်တွင်းဈေးကွက်ရောင်းချခြင်းထက် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချသည့်အတွက် နိုင်ငံများရွေးချယ်ရာတွင် လုပ်ခအပါအဝင် အထွေထွေစရိတ်သက်သာသည့် နိုင်ငံများသို့ ရွေးချယ်လေ့ရှိသဖြင့် လုပ်ခသက်သာမှုအပြင် ဝန်ဆောင်မှုစရိတ်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် logistic cost များ သက်သာမှုကိုလည်း ကြည့်လေ့ရှိသည်။ ယခုအခါ ဝန်ဆောင်မှုအပိုင်းတွင် ယခင်ထက် အများစု ပိုမိုကောင်းမွန်လာသော်လည်း logistic cost အပိုင်းတွင် အဆင်မပြေမှုများ ရှိနေသေးပေသည်။

> နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် ကမ္ဘာ့ဈေးကွက်ရောင်းချနိုင်ရန် အဓိကရည်ရွယ်သည့်အတွက် FDI ကို အားပေးသည့် ကုန်သွယ်ရေးပေါ်လစီရှိရမည်ဖြစ်သည်။ အထူးသဖြင့် ပို့ကုန်များကို အမြန်ဆုံးဈေးကွက်ရောက်ရှိစေခြင်း၊ စရိတ်အသက်သာဆုံးဖြစ်စေခြင်း၊ သေချာသည့် အကျိုးအမြတ်ကို ဖော်ဆောင်ခြင်းနှင့် ကုန်သွယ်မှုဖြစ်မြောက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ညှိနှိုင်းပေါင်းစည်းပေးခြင်းတို့ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေပြီဖြစ်သလို မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အစည်းကိုလည်း ယခုထက် အဆင့်မြှင့်တင်နိုင်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် များစွာအထောက်အကူဖြစ်နိုင်ပေသည်

နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် ကမ္ဘာ့ဈေးကွက်ရောင်းချနိုင်ရန် အဓိကရည်ရွယ်သည့်အတွက် FDI ကို အားပေးသည့် ကုန်သွယ်ရေးပေါ်လစီရှိရမည်ဖြစ်သည်။ အထူးသဖြင့် ပို့ကုန်များကို အမြန်ဆုံးဈေးကွက်ရောက်ရှိစေခြင်း၊ စရိတ်အသက်သာဆုံးဖြစ်စေခြင်း၊ သေချာသည့် အကျိုးအမြတ်ကို ဖော်ဆောင်ခြင်းနှင့် ကုန်သွယ်မှုဖြစ်မြောက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ညှိနှိုင်းပေါင်းစည်းပေးခြင်းတို့ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေပြီဖြစ်သလို မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အစည်းကိုလည်း ယခုထက်အဆင့်မြှင့်တင်နိုင်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် များစွာ အထောက်အကူဖြစ်နိုင်ပေသည်။ အရေးကြီးသည်မှာ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စီးပွားရေးတည်ငြိမ်မှုကိုပျက်ပြားစေရန် အမြတ်တစ်ခုတည်း မျှော်ကိုးပြီး ဈေးကစားမှုများ (ဒေါ်လာဈေး၊ ဆန်ဈေး၊ စက်သုံးဆီဈေး) စသည်ကိုလည်း ဥပဒေကြောင်းအရ ထိရောက်စွာ ဖော်ထုတ်အရေးယူမှသာ ပြည်သူတစ်ရပ်လုံးရင်ဆိုင်ရသည့် ကုန်ဈေးနှုန်းကြီးခြင်းကို ထိန်းသိမ်းနိုင်မည်ဖြစ်သလို ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**ပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်း**

ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကိုရှုမျှော်သည့် မူဝါဒကျင့်သုံးနေသည့်အတွက် နိုင်ငံစီးပွားတိုးတက်ဖွံ့ဖြိုးရေးကို လက်တွေ့လုပ်ဆောင်သူများမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များပင် ဖြစ်သည်။ မိသားစုလုပ်အားကို အခြေခံသည့် လုပ်ငန်းငယ်လေးများမှစ၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းကြီးများအထိ အကျုံးဝင်သည်။ "အတ္တာဟိ အတ္တာနော နာထော" ဟူသည့် ဆိုရိုးစကားအတိုင်း မိမိလုပ်ငန်းတိုးတက်မှုသည် မိမိ၏ ကြိုးစားအားထုတ်မှုအပေါ် အဓိကမူတည်နေသည့်အတွက် လုပ်ငန်းနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာခြင်း၊ ပို၍ကောင်းစေရန် ဆောင်ရွက်ခြင်း၊ စားသုံးသူများ၏ ကြိုက်နှစ်သက်မှုနှင့် နှစ်သိမ့်မှုရရှိစေရန် ကြိုးစားခြင်း၊ မိမိထုတ်ကုန်အရည်အသွေးတိုးတက်စေရန် ဆောင်ရွက်ခြင်း စသည်တို့ဖြင့် မိမိထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုကို နာမည်ကောင်းရရှိစေရန် လုပ်ဆောင်နိုင်ရန် အားထုတ်ရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိအောင်လုပ်ဆောင်ပြီး အမြန်ဆုံးတုံ့ပြန်နိုင်လေ အကျိုးများလေဖြစ်သည်။ လုပ်ငန်းရှင်တိုင်း မိမိကုန်ထုတ် (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်းများ၏ တန်ဖိုးမြှင့်တက်စေရန် အရေးပါသည့် အချက်များဖြစ်သော စားသုံးသူများ၏ ကြိုက်နှစ်သက်မှုကို မြှင့်တင်ပေးသည့် ထုတ်ကုန်ဒီဇိုင်း၊ ထုတ်လုပ်မှုစရိတ်အနည်းဆုံးဖြစ်စေသည့် ထုတ်လုပ်မှုပမာဏဖြစ်စေရေး၊ အရောင်းမြှင့်တင်ရေးနည်းလမ်းများ၊ ရောင်းချပြီးနောက်ပိုင်းတာဝန်ယူမှု စသည်တို့ ဆောင်ရွက်ရန်လိုအပ်ပေသည်။ လုပ်ငန်းများ ကြီးပွားတိုးတက်မှုလမ်းကြောင်းအနေဖြင့် မိသားစုလုပ်ငန်းမှ လုပ်ငန်းအသေး၊ အလတ်၊ အကြီးအဆင့်သို့ တိုးတက်နိုင်ပြီး နိုင်ငံတကာလုပ်ငန်းကြီးများနှင့် ပေါင်းစည်းလုပ်ကိုင်နိုင်သည့် ကုမ္ပဏီကြီးအဆင့်အထိ တက်လှမ်းနိုင်သလို လုပ်ငန်းပမာဏပြောင်းလဲမှုသိပ်မရှိသော်လည်း မိမိလုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေခြင်း၊ အရည်အသွေးပိုကောင်းလာခြင်း၊ စားသုံးသူ၏ ယုံကြည်မှုနှင့် အသိအမှတ်ပြုမှု စသည်တို့ကြောင့် နာမည်ကောင်းရရှိစေပြီး သိသာသည့်လုပ်ငန်းတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**စီးပွားရေးအခွင့်အလမ်းသစ်များ အသုံးချနိုင်ရေး**

ယနေ့ပြောင်းလဲဖြစ်ပေါ်နေသည့် ကမ္ဘာနှင့် မြန်မာ့စီးပွားရေးအခြေအနေများ အပေါ်မူတည်ပြီး ဆီလျော်မှန်ကန်သည့် အပြောင်းအလဲများအမြန်ဆုံး စီမံဆောင်ရွက်ခြင်းဖြင့်လည်း တိုးတက်မှုကို ဖော်ဆောင်နိုင်သည်။ ပြည်တွင်း၊ ပြည်ပစီးပွားရေးဆိုင်ရာ အပြောင်းအလဲများကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများ ရှိလာသလို အခွင့်အလမ်းသစ်များလည်း ဒွန်တွဲပါစမြဲပင်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် နောက်ဆုံးဖြစ်ပေါ်နေသည့် စီးပွားရေးသတင်းအချက်အလက်များ အားလုံးရအောင်ယူ၍ မိမိလုပ်ငန်းအတွက် အမြန်ဆုံး အသုံးချနိုင်လျှင် အောင်မြင်တိုးတက်စေမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများအနက် အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးနှင့် ကောင်းကျိုးများ (အခွင့်အလမ်းသစ်များ)၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများရှိသလို အခွင့်အလမ်းများလည်း ရှိနေပြီဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်ဒေါ်လာဈေးတက်လာမှုသည် တင်သွင်းနေရသည့် သွင်းကုန်ဈေးနှုန်းမြင့်တက်လာစေပြီး အထွေထွေကုန်ဈေးနှုန်းမြင့်တက်လာမှုဖြစ်ပေါ်နေသော်လည်း တစ်ဖက်တွင်လည်း ပြည်တွင်းကျပ်ငွေတန်ဖိုး လျော့နည်းလာခြင်းသည် ပို့ကုန်ဈေးနှုန်းချိုသာလာ၍ ပို့ကုန်မြှင့်တင်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်မှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဒေါ်လာဘီလီယံ များစွာတန်ဖိုးရှိသည့် လယ်ယာကုန်စည်ပို့ကုန်များ အခွန်ကြီးမြင့်မှုကြောင့် တင်ပို့နိုင်ခြင်းမရှိသည့်အခြေအနေတွင် မြန်မာ့လယ်ယာပို့ကုန်များအတွက် ကြီးမားသည့်အခွင့်အလမ်းပင်ဖြစ်သည်။ ထို့အတူ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်မှုများကြောင့် လယ်ယာအခြေပြုစားသောက်ကုန်များ ပိုမိုလိုအပ်သည့်အခြေအနေတွင် လယ်ယာစိုက်ပျိုးရေးတိုးချဲ့ထုတ်လုပ်ရန် အလားအလာ အများဆုံးရှိနေသေးသည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကြီးပင် ဖြစ်သည်။

**စာမျက်နှာ ၉ သို့ ☆**

# ပုသိမ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ အကဲဖြတ်တွင်း ရှေ့ရည်ထွန်း(၂) မှ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ကြောင်း စမ်းသပ်တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဝင်းငွေးတို့နှင့်အတူ ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၁၀၂ ကီလိုမီတာခန့် အကွာကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် အကဲဖြတ်တွင်း ရှေ့ရည်ထွန်း(၂)ကို တူးဖော်နေသော တွင်းတူးစက် Dhirubhai Deep Water KG2 (DDKG2) သို့ ယနေ့ နံနက်ပိုင်းက သွားရောက်၍ တွင်းတူးဖော်စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား တွင်းတူးစက်ပေါ်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ အစုရှယ်ယာဝင်များဖြစ်သည့် MPRL E&P ၊Woodside နှင့် Total ကုမ္ပဏီတို့မှ တာဝန်ရှိသူများက တွင်းတူးဖော်ခဲ့မှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ စမ်းသပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အကဲဖြတ်တွင်း တူးဖော်စမ်းသပ်နေမှုအခြေအနေများကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် အကဲဖြတ်တွင်းရှေ့ရည်ထွန်း(၂)အား ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် ရည်မှန်းအနက် ၄၈၅၀မီတာ (၁၅၉၁၂ပေ)အထိ တူးဖော်ခဲ့ရာ



အနက် ၄၃၇၃ မီတာခန့်တွင် သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထူ ၄၀ မီတာခန့်ကို စမ်းသပ်တွေ့ရှိခဲ့သည်။

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် MPRL E&P Pte Ltd. မှ ရင်းနှီးမြှုပ်နှံမှု (၂၀ ရာခိုင်နှုန်း)၊ ဩစတြေးလျ နိုင်ငံ Woodside Energy (Myanmar) Pte Ltd. မှ (၄၀ ရာခိုင်နှုန်း)၊ ပြင်သစ်နိုင်ငံ Total E&P Myanmar Co.,Ltd.မှ (၄၀ ရာခိုင်နှုန်း) အသီးသီးအချိုးကျ ပါဝင်ကာ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အကဲဖြတ်တွင်း ရှေ့ရည်ထွန်း-၂ ကိုလုပ်ကွက် A-6 ၏ ပဉ္စမမြောက်တွင်းအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်တွင် ရေအနက် ၂၃၂၅ မီတာနေရာ၌ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရှာဖွေရေးတွင်း၊ အကဲဖြတ်တွင်းများတူးဖော်ခြင်း၊ ရှာဖွေခြင်းဆိုင်ရာလုပ်ငန်းများကို စီးပွားဖြစ် ထုတ်လုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ (၄၆)ကြိမ်မြောက်မှ
ပြိုင်ပွဲများအဖြစ် အမျိုးသမီး ၄၅ ကီလိုတန်းတွင် ထန်နွမ်းကိမ်း(ချင်း)နှင့် နော်သောနေထူး(ကရင်) တို့ယှဉ်ပြိုင်ရာ ထန်နွမ်းကိမ်း(ချင်း)ကလည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းတွင် ဗျားမြာ(ကယား)နှင့် ငြိမ်းအေးကိုကို (ရန်ကုန်)တို့ယှဉ်ပြိုင်ရာ ဗျားမြာ(ကယား)ကလည်းကောင်း၊ အမျိုးသား ၄၆ ကီလိုတန်းတွင် ရဲသူရအောင်(စစ်ကိုင်း) နှင့် ဇော်ညီညီအောင်(ရန်ကုန်)တို့ယှဉ်ပြိုင်ရာ ရဲသူရအောင်(စစ်ကိုင်း)ကလည်းကောင်း၊ ဆက်နိုင်(နေပြည်တော်)နှင့် အောင်မိုးကျော်(မန္တလေး)တို့ယှဉ်ပြိုင်ရာ ဆက်နိုင်(နေပြည်တော်)ကလည်းကောင်း၊ တင်အောင်လင်း(ကချင်)နှင့် ချမ်းသာဦး (ပဲခူး) တို့ ယှဉ်ပြိုင်ရာ တင်အောင်လင်း(ကချင်) ကလည်းကောင်း၊ အမျိုးသား ၅၂ ကီလိုတန်းတွင် သူရ(ရန်ကုန်)နှင့် အောင်အောင်(ရခိုင်)တို့ယှဉ်ပြိုင်ရာ သူရ(ရန်ကုန်)က လည်းကောင်း၊ စောမောင်ချဲ(ကရင်)နှင့် မျိုးချစ်အောင်(မကွေး) တို့ ယှဉ်ပြိုင်ရာ စောမောင်ချဲ (ကရင်) က လည်းကောင်း၊ နေလင်းစိုး(မွန်) နှင့် ရှုဗင်ဘွဲ့ထောင်းလျှန်(ကချင်) တို့ယှဉ်ပြိုင်ရာ နေလင်းစိုး(မွန်)က လည်းကောင်း၊ ချစ်စန်းမောင်(တနင်္သာရီ)နှင့် ဇော်ဇော်အောင် (ပဲခူး) တို့ ယှဉ်ပြိုင်ရာတွင် ချစ်စန်းမောင် (တနင်္သာရီ)က လည်းကောင်း၊ အမျိုးသား ၆၄ ကီလိုတန်း သီဟဇော်(စစ်ကိုင်း)နှင့် ရဲဝင့်ရှင်း(ဧရာဝတီ) တို့ ယှဉ်ပြိုင်ရာ သီဟဇော်(စစ်ကိုင်း)ကလည်းကောင်း၊ နိုင်နိုင်လင်း (တနင်္သာရီ)နှင့် နေလင်းနိုင် (ပဲခူး) တို့ ယှဉ်ပြိုင်ရာတွင် နိုင်နိုင်လင်း (တနင်္သာရီ)က လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲများဆက်လက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ်(အမျိုးသား/အမျိုးသမီး)လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ နေ့စဉ် မွန်းလွဲ ၂ နာရီ မှစ၍ ဝဏ္ဏသိဒ္ဓိအားကစား လက်ဝှေ့ရုံ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

☆ စာမျက်နှာ ၈ မှ
ထို့အတူ ပြည်တွင်းစီးပွားရေးဆိုင်ရာ အပြောင်းအလဲတွင် နိုင်ငံတော်က ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပလုပ်ငန်းရှင်များ စီးပွားရေးအရ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်းနိုင်ရေး တံခါးဖွင့်လိုက်ခြင်းပင်ဖြစ်သည်။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်ကို ယခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ အသက်ဝင်လာပြီဖြစ်ရာ ဒါရိုက်တာတစ်ဦးတည်ရှိသည့် ကုမ္ပဏီမှ အများပိုင်ကုမ္ပဏီအထိ စုစုပေါင်းအရင်းအနှီး၏ ၃၅ ရာခိုင်နှုန်းအထိ နိုင်ငံခြားကုမ္ပဏီများထည့်ဝင်မှုကို ခွင့်ပြုလိုက်သလို ကုန်စည် ၂၄ အုပ်စုတွင်လည်း နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းရှင်များပါဝင်သည့် ဖက်စပ်ကုမ္ပဏီများအား ခွင့်ပြုထားသောကြောင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ကြီးမားသည့် စီးပွားရေးအခွင့်အလမ်းများပင် ဖြစ်သည်။

### အမြန်ဆုံးပေါင်းစည်းနိုင်ရန် ကြိုးစားပါ

Globalization ခေတ် အမြန်ဆုံးကြီးပွားတိုးတက်နိုင်သည့်နည်းလမ်းမှာ နိုင်ငံတကာလုပ်ငန်းများနှင့် ထဲထဲဝင်ဝင် ပေါင်းစည်းနိုင်လေ တိုးတက်လေဖြစ်သည်။ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် တိုးတက်ကြီးပွားရေးအတွက် လက်တွေ့ရင်ဆိုင်နေရသည့်အခက်အခဲများအနက် အရင်းအနှီးရှားပါးခြင်း၊ နည်းပညာသစ်မသုံးစွဲနိုင်ခြင်း၊ ဈေးကွက်ရရှိနိုင်မှု အခက်အခဲရှိခြင်း၊ စီမံအုပ်ချုပ်မှုစွမ်းရည်နိမ့်ကျခြင်း စသည်တို့ဖြစ်သည်။ နိုင်ငံခြားလုပ်ငန်းရှင်များနှင့် ပေါင်းစည်းခြင်းဖြင့် အဆိုပါအခက်အခဲများ ဖြေရှင်းနိုင်သလို အရင်းအနှီးနှင့် နည်းပညာသစ်ရရှိခြင်း၊ စီမံအုပ်ချုပ်မှုနည်းလမ်းကောင်းများရရှိခြင်း စသည်တို့ကြောင့် လုပ်ငန်း၏ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အရေးကြီးသည်မှာ လုပ်ငန်းရှင်တိုင်းပေါင်းစည်းရေးအတွက် အဆင်သင့်ဖြစ်စေရန် ကြိုးစားရမည်ဖြစ်သည်။ ကုမ္ပဏီဖွဲ့စည်းခြင်း၊ ကုမ္ပဏီ၏ အဓိကလုပ်ငန်းများအကြောင်းအရာ၊ လုပ်ငန်းလမ်းညွှန်၊ မြင်သာထင်သာရှိသည့် စာရင်းအင်းအချက်အလက်များ၊ ငွေသားအဝင်အထွက်၊ အရှုံးအမြတ် စသည့် ဘဏ္ဍာရေးဆိုင်ရာစာရင်းအင်းများ၊ လုပ်ငန်းစီမံကိန်း၊ ဒါရိုက်တာအရည်အချင်းများ စသည်တို့ ပြင်ဆင်ထားရန်လိုသလို မိမိကုမ္ပဏီ၏ လုပ်ငန်းများအနေဖြင့် တိုးတက်မှုလက္ခဏာဆောင်သည့် အလားအလာများရှိကြောင်း ဖော်ဆောင်နိုင်ရမည်ဖြစ်သည်။ ပေါင်းစည်းမှုအဆင်ပြေချောမွေ့ရေးအတွက် IT နည်းပညာအသုံးပြုမှုနှင့် အင်္ဂလိပ်ဘာသာစကား (သို့မဟုတ်) ဂျပန်၊ တရုတ်ဘာသာစကား တတ်ကျွမ်းရန် ကြိုတင်ပြင်ဆင်ရမည်ဖြစ်သည်။ သေချာသည့်အချက်မှာ နိုင်ငံခြားသားကုမ္ပဏီများအနေဖြင့်လည်း ယခင်လုပ်ခွင့်မရသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိလာမှုကြောင့် ပိုမိုဝင်ရောက်လာမည်ဖြစ်သည်။

ထို့အတွက် ပြည်တွင်းလုပ်ငန်းများအနေဖြင့် သဘောထားခံယူချက်များ ပြောင်းလဲရန်လိုအပ်ပြီး ပြည်တွင်းလုပ်ငန်းတူများ ပေါင်းစည်းခြင်း၊ ကုမ္ပဏီဖွဲ့စည်းခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများ ပြည့်မီစေရန် ဆောင်ရွက်ခြင်း၊ အရည်အသွေးနှင့်ပတ်သက်၍ ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် ISO အသိအမှတ်ပြုလက်မှတ်ရရှိစေရန်ဆောင်ရွက်ခြင်း စသည်တို့ ပြင်ဆင်ထားပြီးဖြစ်မှသာ ပေါင်းစည်းမှုမြန်သလို တိုးတက်မှုကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်များဘက်မှ အထက်ပါအချက်များမပြင်ဆင်နိုင်လျှင် “ပေးကား ပေး၏ မရ” သည့်အခြေအနေမျိုး ကြုံတွေ့လာနိုင်ပေသည်။

### အတ္တနှင့် ပရ မျှတရေး

လုပ်ငန်းရှင်တိုင်း အထူးအလေးထားလိုက်နာကျင့်သုံးရမည့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်ပင်ဖြစ်သည်။ လုပ်ငန်းရှင်တိုင်း အမြတ်ရရှိလိုမှုတစ်ခုတည်းကို ဦးစားမပေးဘဲ စားသုံးသူများကိုလည်း သင့်တင့်မျှတသည့်ဈေးနှုန်း၊ အရည်အသွေးနှင့် အရေအတွက်မှန်ကန်မှု၊ ဘေးအန္တရာယ်ကင်းရှင်းစေမှု စသည်တို့နှင့် ကိုက်ညီရန်လိုအပ်သလို လုပ်ဆောင်မှုတိုင်း မိမိအကျိုး(အတ္တ)နှင့် အများအကျိုးစီးပွား(ပရ) မျှတစေရန် အစဉ်နှလုံးသွင်းရပေမည်။ ထို့အတူ လုပ်ငန်းကြီးလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မတော်လောဘများဖြင့် ထူးကဲသည့်အမြတ်ရရှိရေးအတွက် ဈေးကစားခြင်းများကြောင့် နေ့စဉ်ကြုံတွေ့နေရသည့် (ဥပမာ-ဒေါ်လာဈေး၊ စက်သုံးဆီဈေး၊ ဆန်ဈေး စသည်တို့သည်) အထွေထွေကုန်ဈေးနှုန်းများကို မြင့်တက်စေ၍ ပြည်သူတို့၏ လူမှုစီးပွားဘဝ များစွာထိခိုက်ပါသည်။ ထို့အတူ နိုင်ငံတကာနှင့် ဆက်သွယ်တင်ပို့ရောင်းချရသည့် ပို့ကုန်များတွင်လည်း ကုန်သည်တစ်ဦး၏ အရည်အသွေး စံချိန်စံညွှန်း ချိုးဖောက်မှုသည်လည်း နိုင်ငံ၏ ပုံရိပ်ထိခိုက်သလို ပို့ကုန်လုပ်ငန်းရှင်များတို့အပေါ် ထိခိုက်ပါသည်။ ဆိုလိုသည်မှာ လုပ်ငန်းရှင်အချို့၏ မတော်လောဘကြောင့် လုပ်ဆောင်မှုသည် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားထိခိုက်စေ၍ လုပ်ငန်းရှင်များအနေဖြင့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးဆိုင်ရာကျင့်ဝတ်ကိုလည်း အထူးအလေးထားလိုက်နာရမည် ဖြစ်သည်။

လုပ်ငန်းရှင်တိုင်း တည်ဆဲဥပဒေများလိုက်နာ၍ လုပ်ငန်းများလုပ်ဆောင်ပြီး သတ်မှတ်သည့် အခွန်အခများ မှန်မှန်ကန်ကန် ပေးဆောင်ခြင်းဖြင့် အစိုးရဘတ်ဂျက်မှတစ်ဆင့် ပြည်သူ့အကျိုးစီးပွား ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အတူ CSR ဟုခေါ်သည့် လူထုအကျိုးပြုလူမှုရေးတာဝန်ယူမှုများကိုလည်း တတ်နိုင်သလောက် လုပ်ဆောင်စေခြင်း၊ သဘာဝဘေးဒဏ် ကြုံတွေ့နေရသည့် ပြည်သူများအတွက် လတ်တလော လိုအပ်ချက်နှင့် ပြန်လည်တည်ဆောက်မှုတို့တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အများအကျိုး ပံ့ပိုးပေးကြရမည်ဖြစ်သည်။

### လုပ်သားများ၊ လူငယ်လူရွယ်များ၊ အသင်းအဖွဲ့များ

နိုင်ငံတိုးတက်ရေးတွင် လက်ရှိလုပ်သားများ၊ ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ၊ သတင်းမီဒီယာများ စသည့် အခန်းကဏ္ဍသည်လည်း အရေးပါသည်။ စီးပွားရေးတိုးတက်မှုဖော်ဆောင်နိုင်ရန် လိုအပ်ချက်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုလိုအပ်ပါသည်။ တည်ငြိမ်မှုပျက်ပြားစေနိုင်သည့် အမှုကိစ္စများအားလုံး ပြည်သူတိုင်း ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရမည် ဖြစ်သည်။ စီးပွားရေးတည်ငြိမ်မှုရှိမှသာ စီးပွားရေးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အတူ နိုင်ငံ့ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည့်ကိစ္စများကိုလည်း မဖြစ်ပွားစေရန် နိုင်ငံသားတိုင်း အထူးအလေးထားဆောင်ရွက်မှသာ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။

လက်ရှိလုပ်ကိုင်နေသည့်လုပ်သားများ၊ ဝန်ထမ်းများနှင့် လူငယ်များ နားလည်သဘောပေါက်ရမည့်အချက်မှာ ၂၁ ရာစုခေတ် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်မှာ ကျွမ်းကျင်မှုရှိသည့် လုပ်သားများနှင့် ဝန်ထမ်းများပင်ဖြစ်သည်။ ထို့အတွက်လည်း လုပ်သားများကို ကျွမ်းကျင်မှုမရှိသည့်လုပ်သား၊ တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်လုပ်သားဟူ၍ ခွဲခြားထားသလို လုပ်ခလစာလည်း ကွာခြားပေသည်။ အလုပ်လုပ်သူတိုင်း၏ လုပ်ခလစာသည် ကျွမ်းကျင်မှု၊ ထုတ်လုပ်မှုစွမ်းအားရှိမှု၊ စွမ်းဆောင်ရည်ရှိမှု စသည့် အချက်များပေါ်မူတည်နေသည့်အတွက် အလုပ်လုပ်သူတိုင်းနှင့် အလုပ်ရှာနေသောသူတိုင်းအတွက် မိမိအရည်အသွေး ပိုမိုပြည့်ဝလာစေရန် အစဉ်ကြိုးစားရမည်ဖြစ်သည်။ လူငယ်တိုင်း မိမိဝါသနာပါသည့် လုပ်ငန်းများကို ရွေးချယ်ပြီး ကျွမ်းကျင်သူများ ဖြစ်လာစေရန် ကြိုးစားရမည်ဖြစ်သည်။ ယနေ့ခေတ်၏ တိုးတက်မှုတွင် လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်ပေါ် အဓိကမူတည်နေသည့်အတွက် လူငယ်တိုင်း အထူးအလေးထား ကြိုးစားရမည်ဖြစ်သည်။

ထို့ပြင် အသင်းအဖွဲ့များ၊ မီဒီယာများ စသည်တို့အနေဖြင့်လည်း အသင်း၏ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များ လိုက်နာလုပ်ဆောင်ပြီး နိုင်ငံတိုးတက်ရေးအတွက် မျှော်ကိုးကာ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရမည်ဖြစ်သလို နိုင်ငံဂုဏ်သိက္ခာနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းကို ထိခိုက်စေမည့် ပြုမူလုပ်ဆောင်ချက်များကိုလည်း ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရမည်ဖြစ်သည်။

### အမျိုးသားရေးတာဝန်

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် ကမ္ဘာ့အလယ်ဂုဏ်သိက္ခာရှိရှိဖြင့် ရေရှည်ရပ်တည်နိုင်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ အထူးသဖြင့် လက်ရှိကြုံတွေ့နေရသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံးလွတ်မြောက်ပြီး သိသာသည့် တိုးတက်မှုဖော်ဆောင်နိုင်ရန် ပြည်သူ့အားဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အရေးကြီးသည်မှာ နိုင်ငံတော်အပိုင်းမှ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းပေါ်ထွန်းရေး အလေးပေးဆောင်ရွက်နေသလို ဆက်လက်တိုးမြှင့်ပေးရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူတို့တွေ့ကြုံနေရသည့် ပကတိစီးပွားရေးဆိုင်ရာ အခက်အခဲများကိုလည်း အမြန်ဆုံး တုံ့ပြန်ကုစားဖြေရှင်းရမည်ဖြစ်သည်။ ထို့အတူ လုပ်ငန်းရှင်များ၊ လူငယ်လူရွယ်များအနေဖြင့်လည်း ယနေ့ ပွင့်လင်းလာသည့် စီးပွားရေးအခွင့်အလမ်းသစ်များ အမြန်ဆုံးနှင့် အထိရောက်ဆုံးအသုံးချနိုင်အောင် အထူးကြိုးစားဆောင်ရွက်နိုင်မည်ဆိုလျှင် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။ အချုပ်အားဖြင့်ဆိုသော် ပြည်သူ့အားဖြင့် တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်ခြင်းနည်းလမ်းဖြင့်သာ မြန်မာ့စီးပွားတိုးပွားလာမည် ဖြစ်ပေသည်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

**တောင်ကြီး စက်တင်ဘာ ၂၂**
ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက်က ကျင်းပသည်။





**နံ့သာရည်ပက်ဖျန်း**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဆောက်အအုံသစ်ကို ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသစ်ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့ပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရက နေရာဒေသ အသီးသီးတွင် မိမိဒေသအဆင့်များနှင့် ကိုက်ညီမည့် ရုံးအဆောက်အအုံများကို ဆောက်လုပ်ပေးနေသကဲ့သို့ အဆောက်အအုံသစ်တွင် နေထိုင်ပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြမည့် ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း ရုံးအဆင့်နှင့် လျော်ညီစွာ နေထိုင်တတ်ပြီး အဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ပြည်သူနှင့်အတူ စိတ်ဓာတ်ခွန်အားအပြည့်ဖြင့် လက်တွဲ၍ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ရုပ်ရှင်သရုပ်ဆောင် ရဝမ်တိုင်းရင်းသူ ဆာရာဆောင်းဦးနှင့်တွေ့ဆုံခြင်း

*မြန်မာရုပ်ရှင်ပရိသတ်များ မမြင်တွေ့ဖူးသေးသော်လည်း ရုပ်ရှင်ဇာတ်ကားကြီး သုံးကားအပါအဝင် ဇာတ်ကားကြီးပေါင်းငါးကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်သရုပ်ဆောင်အသစ် ရဝမ်တိုင်းရင်းသူ ဆာရာဆောင်းဦးနှင့် ခဏတာ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြရလျှင်-*

**မေး။ ။ တိုင်းရင်းသူဖြစ်တဲ့အတွက် မွေးရပ်ဒေသအကြောင်းလေး မိတ်ဆက်ပေးပါလား။**

ဖြေ။ ။ ဆောင်းဦးက ကချင်ပြည်နယ် ပူတာအိုက ကချင်တိုင်းရင်းသူ ရဝမ်လူမျိုးစုထဲကပါ။ နာမည်က "ဆာရာဆောင်းဦး"လို့ ခေါ်ပါတယ်။ ပူတာအိုဟာ အတော်ငြိမ်းချမ်းတဲ့နယ်မြေပါ။ ဒေသရှိရင်းစွဲက ရိုးသားဖြူစင်မှုရှိပြီးသားမို့ စကားသံဝဲတဲ့အပေါ်မှာ ထူးဆန်းနေလို့ဖြစ်မယ်။ ဆောင်းဦးကို အနုပညာလောက ဆရာသမားတွေအားလုံးက ချစ်ချစ်ခင်ခင်နဲ့ ဆက်ကြိုးစားသွားဖို့လည်း တိုက်တွန်းကူညီအားပေးကြပါ တယ်။

**မေး။ ။ အနုပညာလောကထဲ ဝင်ရောက်အခြေချခဲ့ပုံလေး ပြောပေးပါဦး။**

ဖြေ။ ။ ဆောင်းဦးရဲ့အနုပညာအစ "စကားဝါပရဟိတ"သင်တန်းကျောင်းကလို့ ဆိုရမှာပါ။ အဲဒီမှာလေ့လာသင်ကြားတယ်။ MTV ရိုက်တယ်။ တိုင်းရင်းသူဖြစ်တဲ့အတွက် သီချင်းဆိုတာ၊ MTV ရိုက်တာ မစိမ်းဘူးပေါ့။ ရုပ်ရှင်ရိုက်တော့လည်း အတွေ့အကြုံအရ အများကြီးအကျိုးပြုပါတယ်။ သီချင်းဆိုတာကို ငယ်ငယ်ကတည်းက ဝါသနာပါတာပါ။ နယ်ကသီချင်းဆိုပြိုင်ပွဲတွေဆို မလွတ်စေရဘူး။ MTV ရိုက်တာ ရန်ကုန်ရောက်မှပါ။

**မေး။ ။ သီချင်းဆို၊ ဗီဒီယိုရိုက်တာနဲ့ ပတ်သက်ပြီး ဘယ်နှခွေထုတ်ပြီးပြီလဲ ဆိုတာ သိပါရစေ။**

ဖြေ။ ။ အခွေတွေမှာ တိုင်းရင်းသား သီချင်းသီဆိုမှုတွေ များပါတယ်။ မြန်မာသံအခွေအတွဲနဲ့ သီဆိုမှုအခွေတွေလည်း ထွက်ထားတယ်။ ကိုနီတာရဲ့ "အချစ်အိမ်"အတွဲအခွေမှာပါဖူးတယ်။ တစ်ယောက်တည်းတစ်ပုဒ်၊ ကိုနီတာနဲ့တွဲဆိုထားတာလည်းပါတယ်။ ဗီဒီယိုဇာတ်ကားသုံးကားလုံး ဆောင်းဦးက အပြိုင်နေရာမှာ ရိုက်ထားရတာ။ ကိုခန့်စည်သူက ခေါင်းဆောင်ဆိုတော့ လက်တွဲခေါ်ပါတယ်။

**မေး။ ။ ရုပ်ရှင်လောကထဲရောက်ရှိစ ဖြတ်သန်းမှုအခြေအနေကို သိပါရစေ။**

ဖြေ။ ။ ပထမဦးဆုံး Lucky Seven က ထုတ်လုပ်တဲ့ "ဟီးရိုး" ရုပ်ရှင်ဇာတ်ကားကြီးပါ။ သရုပ်ဆောင် ကိုမြင့်မြတ်နဲ့ မဝတ်မှုန်ရွှေရည်တို့ပါတယ်။ ဇာတ်ပို့ဇာတ်ရံတွေလည်း များပါတယ်။ မလေးရှားနိုင်ငံက ဒါရိုက်တာတွေ ရိုက်တာပါ။ အဲဒီဇာတ်ကားမှာ ကိုမြင့်မြတ်ရဲ့ညီမအဖြစ် သရုပ်ဆောင်ရတာပါ။ ၂၀၁၈ ခုနှစ် ၅ လပိုင်းက ရိုက်တယ်။ ဒါပထမဦးဆုံးပါပဲ။ ရုပ်ရှင်ဇာတ်ကားကြီးတွေ ဆက်တိုက်ရိုက်နေရပါတယ်။ အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးက ဒါရိုက်တာ "စတီး"ရိုက်တဲ့ "နိုင်ငံကြီးသား" ဇာတ်ကား၊ ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေးက Old Gangster ဇာတ်ကား၊ Lucky Seven က ထုတ်လုပ်တဲ့ ရုပ်ရှင်ဇာတ်ကားကြီးသုံးကားလုံးမှာပါတယ်။ အားလုံးဇာတ်ကားကြီးပေါင်း ငါးကား သရုပ်ဆောင်ထားတယ်။ ဆောင်းဦးသရုပ်ဆောင်တဲ့ ဇာတ်ကားကြီးတွေ ရုံမတင်ရသေးပါဘူး။ ရုပ်ရှင်ပရိသတ်တွေ မသိသေးတဲ့၊ မမြင်ဖူးသေးတဲ့ ရုပ်ရှင်သရုပ်ဆောင်အသစ်တစ်ယောက်ကို တွဲခေါ်ပေးချင်တဲ့သဘောလို့ မြင်ပါတယ်။ ဆောင်းဦးလည်း စွမ်းအားရှိသရွေ့ ကြိုးစားသွားပါမယ်၊ အားပေးကြပါဦးလို့ ပြောချင်ပါတယ်။




**အမေး၊ အဖြေ-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကြီး ရွှေသောင်းနှင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်ဦးတို့ ဦးဆောင်ပြီး ၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းပွဲပြုလုပ်ရာ တိုင်းဒေသကြီးအတွင်း ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၅၇ ဦးသွေးလှူဒါန်းစဉ်။ ပုသိမ်လှကြည်

## မအူပင်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**မအူပင် စက်တင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလဒုတိယပတ်က အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်မြင့်က လျှပ်စစ်မှတစ်ဆင့်ဖြစ်ပေါ်နိုင်သည့် အန္တရာယ်အကြောင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်းက ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစု နည်းလမ်းများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်း မပြုရန်၊ ရေစိုလက်၊ ရေစိုဖိနပ်စီး၍ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်အသုံးမပြုရန်၊ ကျောင်းဝင်းအတွင်း၊ အပြင် ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ လျော့ကျနေခြင်း တွေ့ရှိပါက ကိုင်တွယ်ခြင်း၊ နင်းမိခြင်းမပြုရန်နှင့် လျှပ်စစ်ရုံးသို့ အကြောင်းကြားရန်၊ ဓာတ်လိုက်နေသူအား လက်ဖြင့်မဆွဲရန်၊ ဓာတ်မလိုက်သော သစ်သား၊ ဝါးချောင်းတစ်ခုခုဖြင့် တွန်းထုတ်ခြင်း၊ ဖယ်ရှားခြင်းတို့ဆောင်ရွက်သွားစေရန်တို့ကို ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**အမှတ် ၃ လုံခြုံရေး ရဲကွပ်ကဲမှုအောက်ရှိ အမှတ် ၁၄ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(ပလိပ်)မှ အရာရှိ အခြားအဆင့် တပ်ဖွဲ့ဝင်များ၊ စာရေး၊ အိမ်ထောင်သည်မိသားစုဝင် ၉၉ ဦးတို့က မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးလှူဘဏ်တွင် စက်တင်ဘာ ၂၂ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ရာ အမှတ် ၃ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ်ဝင်းဗိုလ်၊ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး စောမြင့်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။**
တင်မောင်(မန်းကိုယ်ပွား)



**အမှတ် ၂ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၏ ဦးဆောင်မှုဖြင့် ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး သန်းဝင်း၊ အမှတ် ၃ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး မျိုးကြည်၊ အမှတ် ၄ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ရဲခိုင်နှင့် ဦးစီးအရာရှိ(ပထမတန်း)(ဦး/ရေး/ထောက်) ဒုရဲမှူးကြီး ဇော်မိုးတို့နှင့်အတူ တပ်ဖွဲ့ဝင်အင်အား ၁၀၀ တို့က ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓမ္မာရုံအနီး ခေမာသီဝံဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။** ကိုရဲ

**မိုးညှို**

သာယာဝတီခရိုင် မိုးညှိုမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ခန့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော့ဟန်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်အင်အား ၂၀ တို့က စက်တင်ဘာ ၁၈ ရက်တွင် မိုးညှိုမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။
**ကိုမင်း(မိုးညှို)**

**မရမ်းကုန်း**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေစခန်းမှ စခန်းမှူး ရဲအုပ်သန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၂ ရက်က နံနက်ပိုင်းက ဘုရင့်နောင်ပွဲရုံအနီးရှိ ရန်ကင်းစေတီ၌ သန့်ရှင်းရေးစုပေါင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
**ညီညီ(သမိုင်း)**



**လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေး ဦးစီးတပ်ဖွဲ့ဝင် ၇၀ နှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများက စက်တင်ဘာ ၂၂ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးရုံး၌ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။** မီးမီး(လှိုင်)

# မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၂

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဌေးကျော်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဌေးကျော်

**လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသား မြန်မာပြည်သူများခင်ဗျား . . .**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)က မင်္ဂလာပါလို့ ရိုသေလေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်က မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)၊ Myanmar People's Democratic Party ၏ ပါတီဥက္ကဋ္ဌ ဦးဌေးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပါတီရဲ့ကိုယ်စား ပါတီမူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို အနှစ်ချုပ်တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီသည် ပြည်ထောင်စုတိုင်းရင်းသားများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးစုများနှင့် တိုင်းရင်းသားများဖြစ်သော မြန်မာပြည်သူများကို အခြေခံဖွဲ့စည်းထားသော ပြည်သူ့အမြုတေပါတီသစ်တစ်ရပ် ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် မြန်မာ့နိုင်ငံရေးလောကရဲ့ အထွေထွေဖြစ်စဉ်အခြေအနေများအရ နိုင်ငံတော်တည်ဆောက်ရေးသမား၊ နိုင်ငံရေးသမားများ လိုအပ်လျက်ရှိတာကြောင့် ၎င်းကွက်လပ်ကို ဖြည့်ဖို့အတွက် ၂၀၁၇ ခုနှစ် မေလ (၁၈) ရက်နေ့တွင် တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိခဲ့ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုတစ်ဝန်းလုံး ပါတီစည်းရုံးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စည်းရုံးဆောင်ရွက်လျက်ရှိသောကြောင့် ဥပဒေအရ ဥပဓိဂုဏ်ရှိသည့်ပါတီသစ် (Legal Personality Party)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီဌာနချုပ်ကတော့ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့မြို့ ပဲခူးလမ်းရပ်ကွက် ဦးဘသင်းလမ်း အိမ်အမှတ်(၃)မှာ တည်ရှိပါတယ်။

ပါတီ(MPD)ဖွဲ့စည်းတည်ထောင်ရသော ဦးတည်ချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီပြည်သူ့အစိုးရစနစ် တည်ဆောက်ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စများမှာ ပြည်သူများကိုယ်တိုင်ပါဝင် ဆောင်ရွက်ရွေးချယ်ဆုံးဖြတ်ခွင့်ရရေးနှင့် ပြည်သူ့ဘဝကို ပြည်သူများကိုယ်တိုင်ပုံဖော်ထုဆစ်ဖော်ဆောင်သွားနိုင်ရေး စသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တည်ထောင်ရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒများကို ပြည်သူများအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ဦးတည်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရည်ရွယ်ချက်ကတော့ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော နိုင်ငံသားပြည်သူများလက်ဝယ်သို့ အချုပ်အခြာအာဏာအပြည့်အဝပြန်လည်ရရှိကျင့်သုံးနိုင်ရေးပဲ ဖြစ်ပါတယ်။ ပြည်သူများရဲ့ ဘဝကံကြမ္မာကို ပြည်သူများကိုယ်တိုင် ဆုံးဖြတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

ပါတီအခြေခံမူကတော့ အာဏာရှင်၊ အာဏာရှင်ပုံစံအမျိုးမျိုးနဲ့ အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး ခေတ်မီသော မူဝါဒနှင့် စည်းမျဉ်းဥပဒေများကိုအခြေခံပြီး ဖွဲ့စည်းထားသော အဖွဲ့အစည်းအခြေပြု ဒီမိုကရက်တစ်နိုင်ငံရေးစနစ် (Rule base democratic political Institution system)ဖြင့် စစ်မှန်သောဒီမိုကရေစီပြည်သူ့အစိုးရစနစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်သွားရန် ဖြစ်ပါတယ်။

ပါတီမူဝါဒကတော့ ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့ရေးရာမူဝါဒ(Public Policy)များပင် ဖြစ်ပါတယ်။ ပြည်သူများ၏ ဆန္ဒသဘောထားကို ထင်ဟပ်၍ ပကတိ နိုင်ငံတော်အခြေအနေများနှင့် ကိုက်ညီသင့်လျော်သည့် ကောင်းမွန်သောဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် မူဝါဒကောင်းများဖြင့် အခိုင်အမာ တည်ဆောက်သွားရန်ဖြစ်ပါတယ်။

ပါတီရပ်တည်ချက်ကတော့ ပါတီ၏ အခြေခံရပ်တည်ချက် မဏ္ဍိုင်(၃)ရပ်အပေါ်မှာ အခိုင်အမာရပ်တည်ပြီး ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်လည်း မကိုက်ညီ၊ ဓမ္မဓိဋ္ဌာန်လည်းမကျ၊ လျော်ကန်သင့်မြတ်မှုလည်းမရှိ ပြည်သူများနှင့်လည်း အံ့ဝင်ခွင်ကျ သဟဇာတဖြစ်မှုမရှိဘဲ ပြည်သူနှင့် နိုင်ငံတော်ကို ထိခိုက်နစ်နာ အကျိုးယုတ်လျော့စေမည့် ပုံတူကူးချ ဝါဒသဘောတရား အယူအဆများကို ဆန့်ကျင်ပြီး ပြည်ပသြဇာခံလူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် လုံးဝပူးပေါင်း လက်တွဲဆောင်ရွက်သွားမည်မဟုတ်ဘဲ မူဝါဒတူ၊ ရည်ရွယ်ချက်တူသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။ ဒါကြောင့် ပါတီရဲ့ အခြေခံရပ်တည်ချက် မဏ္ဍိုင် (၃)ရပ်ကို တင်ပြရလျှင်-

(၁) အမျိုးသားအကျိုးစီးပွား (National Interest)
(၂) အမျိုးသားလုံခြုံရေး (National Security)နှင့်
(၃) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး (National Development) တို့ပဲဖြစ်ပါတယ်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီက အစဉ်စောင့်ထိန်းဆောင်ရွက်သွားမယ့် တရား (၃) ပါးကတော့ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းဆိုသည့် လောကပါလတရားများ နိုင်ငံတော်နှင့် ပြည်သူများအတွင်း ထွန်းကားလာရေးအတွက် အစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

ပါတီအနေနဲ့ပြည်သူများရဲ့ မူလအခွင့်အရေးများ မဆုံးရှုံးစေဖို့ ကာကွယ်စောင့်ရှောက်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (People's Initial Rights- PIR)

နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများမှ ပြည်သူ့ကိုယ်စား ပြည်သူ့အတွက် ဆောင်ရွက်ပေးရန် ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့တာဝန်ပျက်ကွက်လျှင် ကိုယ်စားလှယ်တာဝန်မှ ပြန်ရုပ်သိမ်းခွင့်(Right to Recall) ရရှိစေရန်နှင့် ပြည်သူ့အကျိုးစီးပွားဖျက်ဆီးသော၊ ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူ့တာဝန်မဆောင်ရွက် တာဝန်မကျေ တာဝန်ပျက်ကွက်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားရေးမဏ္ဍိုင်များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဖွဲ့များအား ပြစ်တင်ရှုတ်ချပြီး တာဝန်မှ ရုပ်စဲခွင့် (Impeachment Power) ပြန်လည်ရရှိရေး ကျင့်သုံးဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများ၏ အမြင့်ဆုံး အဆုံးအဖြတ်ပေးမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ (Referendum Power- RP) ကိုလည်း ပြည်သူများကျင့်သုံးနိုင်စေရန်အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီလမ်းစဉ်အနေဖြင့် ပြည်သူရေးရာကဏ္ဍများဖြစ်သော တိုင်းရင်းသားလူမျိုးများရေးရာ၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဘာသာရေး၊ အမျိုးသားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ တောင်သူလယ်သမားရေးရာ၊ အလုပ်သမားရေးရာ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစောင့်ရှောက်ကာကွယ်ရေး၊ အမျိုးသမီးရေးရာ၊ ကျောင်းသားလူငယ်ရေးရာ၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာဆက်ဆံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ပါတီလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အသေးစိတ်ချမှတ်ထားရှိပြီး ဖြစ်ပါတယ်။ မူဝါဒကောင်းနဲ့ လုပ်ငန်းစဉ်ကောင်း သဟဇာတဖြစ်မှသာ ပန်းတိုင်ရောက်မှာ ဖြစ်ပါတယ်။ မူဝါဒနဲ့ လမ်းစဉ် ဘယ်လောက်ကောင်းကောင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိုယ်စားလှယ်က ပဓာနကျတာတွေ့ရှိရပါတယ်။ ပါတီကို ကြည့်ရွေးရင် မူဝါဒကောင်း၊ လမ်းစဉ်ကောင်းကိုပဲ ရမှာဖြစ်ပါတယ်။ လူကြည့်ရွေးမှ အရည်အချင်းရှိတဲ့ လုပ်ရည်ကိုင်ရည်ရှိတဲ့ ကိုယ်စားလှယ်ကောင်းကို ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပါတီလည်းကြည့်၊ လူလည်းကြည့်ရွေးချယ်ပါမှ ရွေးကောက်ပွဲပြီးတဲ့အခါ မဲဆန္ဒရှင်ပြည်သူတွေနဲ့ မိမိတို့မြို့နယ်မှ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းကို လက်ဝယ်ရရှိမှာ ဖြစ်ပါတယ်။ ပြည်သူများ၏ ဒီမိုကရေစီအခြေခံကျင့်စဉ်ဖြစ်သော ရွေးကောက်ပွဲများတွင် ပြည်သူများ ဆန္ဒမဲပေးခြင်းဖြင့် မိမိတို့၏ ရင်ထဲမှာရှိသည့် ပြည်သူ့ဆန္ဒသဘောထားအသစ်များကို ဖော်ထုတ်ခွင့်၊ ရွေးချယ်ခွင့် အသစ်များကိုလည်း ရရှိစေမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခုကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် (၃) နယ်မှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံသွားမှာ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ် ၁ တွင် ပါဝင်သည့် ကျေးရွာများမှာ နေထိုင်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား . . .**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီသည် ကျေးလက်နေ မဲဆန္ဒရှင် ပြည်သူများရဲ့ လူမှုစီးပွားဘဝ အခြေအနေများနှင့် ပြည်သူ့ဆန္ဒလိုအပ်ချက်များကို သိရှိနားလည်သော ပါတီဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ပဓာနကျတဲ့ ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားအတွက် ကျေးလက်ပြည်သူ့ဘဝကိုနားလည်ပြီး၊ ကျေးရွာအကျိုးကို ဆောင်ရွက်နိုင်စွမ်း အရည်အချင်းနှင့်ပြည့်စုံပြီး၊ ဆောင်ရွက်လိုစိတ်ရှိသော ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ပါတီမှရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ ပညာအရည်အချင်းရှိသူတစ်ဦးဖြစ်ပြီး လက်ရှိ ပဲခူးတိုင်းဒေသကြီး အုတ်ဖို/ မင်းလှဒေသမှာ မြေလွတ်၊ မြေရိုင်းဖော်ထုတ်စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူ လက်တွေ့ဆောင်ရွက်နေပြီး ရပ်ရေး၊ ရွာရေး၊ လူမှုပရဟိတလုပ်ငန်းများလည်း ဆောင်ရွက်နေတာကြောင့် ဒေသလိုအပ်ချက်နှင့် မဲဆန္ဒရှင်ပြည်သူများရဲ့ လိုအပ်ချက်ဆန္ဒနဲ့ လူမှုစီးပွားဘဝကို တစ်ထပ်တည်းကျစေမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးကိုယ်စားလှယ်လောင်းရဲ့ အမည်ကတော့ ဦးချစ်ခိုင် ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်မှာရှိကြတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား. . .**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)သည် မြို့ပြနေမဲဆန္ဒရှင်ပြည်သူများရဲ့ လူမှုစီးပွားဘဝ အခြေအနေများနှင့် ပြည်သူ့လိုအပ်ချက်ဆန္ဒများကို ကျေးလက်နေပြည်သူများနည်းတူ သိရှိနားလည်ထားသောပါတီဖြစ်ပါတယ်။ ပညာအရည်အချင်းရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိသော ဆိပ်ကမ်းမြို့နယ်သား စက်မှုအင်ဂျင်နီယာပညာရှင်တစ်ဦးကို ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါတီမှ ရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ လူမှုပရဟိတစိတ်ဓာတ်ကောင်း ရှိပြီး ဆိပ်ကမ်းမဲဆန္ဒရှင် ပြည်သူများရဲ့လူမှုစီးပွားဘဝနဲ့ဆန္ဒကို အစွမ်းကုန်ဆောင်ရွက်ပေးနိုင်မယ့်သူ ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်ကတော့ ဦးဇီဝ ဖြစ်ပါတယ်။



**ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဲဆန္ဒနယ်အတွင်းမှာ ပါဝင်နေထိုင်ကြတဲ့ မဲဆန္ဒရှင် ပြည်သူများခင်ဗျား . . .**

ပါတီအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစွာဖြင့် ဘက်စုံ၊ ကဏ္ဍစုံတိုးတက်နေတဲ့ မြို့နယ်ဖြစ်သော တာမွေမြို့နယ်အတွက် အဓိကလိုအပ်နေမှာကတော့ အရည်အချင်းပြည့်ဝတဲ့ စီမံခန့်ခွဲမှု ကောင်းမွန်သော ဖွံ့ဖြိုးရေးပညာရှင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ခွင့်ရရှိရေးပဲဖြစ်မယ်ဆိုတာ ယုံကြည်မိပါတယ်။ အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ရပညာရှင်တစ်ဦးကို တာမွေမြို့နယ် မဲဆန္ဒရှင် ပြည်သူများအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့အမည်ကတော့ ဦးမြင့်ဆန်းထွန်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား . . .**

ပါတီအနေဖြင့် အလေးအနက်တင်ပြလိုတာကတော့ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD) ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအားလုံးကို မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ်ပါတီမှ မဲဆန္ဒရှင်ပြည်သူများထံ ယုံကြည်စွာအပ်နှံလိုက်ပါကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာပြည်သူများခင်ဗျား . . .**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီသည် ပါတီသစ်တစ်ရပ်ဖြစ်တဲ့အတွက် ပါတီ၏ ထူးခြားသောပုံရိပ်များကို ပြည်သူများ သိရှိသတိမူမိစေရန် တင်ပြအပ်ပါတယ်။

(၁) ပြည်သူကိုအခြေခံဖွဲ့စည်းထားသော ပါတီဖြစ်ခြင်း
(၂) ပုဂ္ဂိုလ်အခြေပြုပါတီမဟုတ်ဘဲ ဥပဒေစည်းမျဉ်းအခြေခံထားသော အဖွဲ့အစည်း အခြေပြုပါတီဖြစ်ခြင်း
(၃) ပြည်သူများ လိုလားနှစ်သက်သည့် အစွဲကင်းသည့်ပါတီဖြစ်ခြင်း
(၄) လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစသည့် အစွဲကင်းသည့် ပါတီဖြစ်ခြင်း
(၅) လူမျိုးကြီးဝါဒ၊ ကျဉ်းမြောင်းသောလူမျိုးစွဲဝါဒများ၊ ခွဲခြားဆက်ဆံမှုဝါဒများ ကင်းသည့်ပါတီဖြစ်ကြောင်း
(၆) ပြည်ပအဖွဲ့အစည်း/လူပုဂ္ဂိုလ်များ၏ငွေကြေးအထောက်အပံ့ကင်းသော ငွေကြေးအရှုပ်အရှင်းကင်းသည့်ပါတီဖြစ်ခြင်း
(၇) ပြည်ပသြဇာခံသည့် ပါတီမဟုတ်ဘဲ နှောင်ကြိုးမဲ့လွတ်လပ် အမှီခိုကင်းသော ပါတီဖြစ်ခြင်း
(၈) အမိန့်ပေးနိုင်ငံရေးစနစ် အပါအဝင် အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ပါတီဖြစ်ခြင်း
(၉) အစွန်းရောက်ဝါဒနှင့်အကြမ်းဖက်ဝါဒများကိုဆန့်ကျင်သည့် ပါတီဖြစ်ခြင်း
(၁၀) မည်သည့်ပါတီအဖွဲ့အစည်းနှင့်မှ မဟာမိတ်ဖွဲ့ထားခြင်း၊ တပ်ပေါင်းစုဖွဲ့ထားခြင်းမရှိဘဲ နိုင်ငံရေးလိပ်ပြာသန့်သန့်ဖြင့် ဥပဒေဘောင်အတွင်း ဆောင်ရွက်မည့်ပါတီဖြစ်ခြင်း
(၁၁) ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် မည်သည့်ပါတီနှင့်မဆို ဆရာမလုပ်၊ တပည့်မခံ၊ ခွဲခြားဆက်ဆံမှုမရှိဘဲ၊ တန်းတူပူးပေါင်း လက်တွဲဆောင်ရွက်သွားမည့် ပါတီဖြစ်ခြင်း
(၁၂) ပြည်သူသည် အဓိက၊ ပါတီသည် သာမည ဟု ခံယူကျင့်သုံးနေသည့် ပါတီဖြစ်ခြင်း
(၁၃) ပြည်သူများ မျှော်လင့်စောင့်စားနေသည့် ပြည်သူ့ဘက်က ပြည်သူနှင့် တစ်သားတည်းရပ်တည်သွားမည့် ပါတီဖြစ်ခြင်း တို့ပဲဖြစ်ပါတယ်။

**မြန်မာပြည်သူများခင်ဗျား . . .**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ ပါတီအမှတ်တံဆိပ်မှာ ဖော်ပြထားသော အဝါရောင်အောက်ခံအပေါ်မှာ ရွှေရောင်ငြိမ်းချမ်းရေး သံလွင်ခက်များခြံရံလျက် ရွှေရောင်ပြည်ထောင်စုမြန်မာနိုင်ငံမြေပုံဟာ နိုင်ငံတော်နဲ့ နိုင်ငံသားမြန်မာပြည်သူများကို ကိုယ်စားပြုနေတာဖြစ်ပြီး ကမ္ဘာတည်သရွေ့ နိုင်ငံတော်နဲ့ နိုင်ငံသားများ အစဉ်ထာဝရ ထွန်းလင်းတောက်ပထည်ဝါစွာ ရပ်တည်နေမယ်ဆိုတာ ကြယ်ဖြူကြီးတစ်လုံးက သက်သေထူနေပါတယ်။

**မြန်မာပြည်သူများခင်ဗျား . . .**

ပါတီ MPD ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ ကျေးဇူးသစ္စာကို ဘယ်တော့မှ သစ္စာမဖောက်ဟု ကတိသစ္စာပြုရင်း တင်ပြမှုကို နိဂုံးချုပ်လိုက်ပါတယ်။

မြန်မာပြည်သူများအားလုံး

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ဘေးဘယာဝေးကွာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။

ကျေးဇူးတင်ပါတယ်။ ။

# အီရန်နိုင်ငံအနောက်တောင်ပိုင်း၌ပြုလုပ်သည့် စစ်ရေးပြပွဲအား သေနတ်သမားများကပစ်ခတ်၊ ၂၄ ဦးသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရ

**တီဟီရန် စက်တင်ဘာ ၂၂**

အီရန်နိုင်ငံ အနောက်တောင်ပိုင်းတွင် စက်တင်ဘာ ၂၂ ရက်က စစ်ရေးပြပွဲတစ်ခု ပြုလုပ်စဉ်တွင် စစ်သွေးကြွများ၏ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးနှင့် ကလေးများအပါအဝင် လူ ၂၄ ဦး သေဆုံးခဲ့ကြောင်း အီရန်အစိုးရသတင်းဌာနက သတင်းဖော်ပြသည်။ ရှားရှားပါးပါးဖြစ်ပွားသည့် ယင်းတိုက်ခိုက်မှုအတွက် အီရန်အစိုးရက ဒေသတွင်းရှိ အမေရိကန်၏မဟာမိတ်အား ပြစ်တင်ပြောကြားခဲ့သည်။

လတ်တလောတွင် ယင်းပစ်ခတ်မှုအား မည်သည့်အဖွဲ့အစည်းက ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ အီရန်အစိုးရ တာဝန်ရှိသူများကမူ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုဟု အမည်တပ်ထားပြီး ယင်းတိုက်ခိုက်မှုတွင် လူပေါင်း ၅၃ ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

လူအသေအပျောက်များပြားသည့် ယင်းတိုက်ခိုက်မှုသည် ကူဇက်စတန်ပြည်နယ်မြို့တော် အာဗက်စ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကူဇက်စတန်ပြည်နယ်သည် အိမ်နီးချင်းအီရတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။ ယင်းပြည်နယ်အတွင်းတွင် အာရပ်မျိုးနွယ်စုဝင်များက အင်အားကြီးမားစွာ နေထိုင်လျက်ရှိပြီး ယခင်က ခွဲထွက်ရေးဝါဒီများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ဖူးသည်။ ယင်းဖြစ်ရပ်များနှင့်ပတ်သက်၍ အီရန်က ၎င်း၏ဒေသတွင်း ပြိုင်ဘက်အား ပြစ်တင်ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရသူအများစုမှာ ဒဏ်ရာပြင်းထန်ကြသဖြင့် သေဆုံးရသူအရေအတွက် မြင့်တက်လာဖွယ်ရှိကြောင်း အီရန်အစိုးရ အိုင်အာရ်အင်န်အေသတင်းအရ သိရသည်။



ယင်းတိုက်ခိုက်မှုကို စစ်သွေးကြွလေးဦးက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သုံးဦးကို အသေရမိကာ အခြားတစ်ဦးအား ဒဏ်ရာဖြင့် ဖမ်းဆီးရမိထားကြောင်း အီရန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**အေအက်ဖ်ပီ**

# တန်ဇန်းနီးယားနိုင်ငံတွင် ကူးတို့ရေယာဉ်နစ်မြုပ်မှု သေဆုံးသူအရေအတွက် ၂၀၉ ဦးထိ ရှိလာ



**ဒါရက်ဆလမ် စက်တင်ဘာ ၂၂**

တန်ဇန်းနီးယားနိုင်ငံရှိ ဝိတိုရိယရေအိုင်ကြီးအတွင်း၌ ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့မှုကြောင့် သေဆုံးသူအရေအတွက်သည် ၂၀၉ ဦးထိ မြင့်တက်လာခဲ့ကြောင်းနှင့် တန်ဇန်းနီးယားသမ္မတ ဂျွန်မာဂူဖူလီက စက်တင်ဘာ ၂၁ ရက်တွင် ယင်းဘေးဒုက္ခရောက်သူများအတွက် အမျိုးသားဝမ်းနည်းကြေကွဲသည့်အထိမ်းအမှတ်အဖြစ် လေးရက်သတ်မှတ်ပြီး ထုတ်ပြန်ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြသည်။

ရေယာဉ်နစ်မြုပ်မှုကြောင့် လတ်တလောတွင် သေဆုံးသူအရေအတွက် ၂၀၉ ဦးရှိပြီဖြစ်ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အကြီးအကဲ ဟာဆန်အဘတ်စ်၏ပြောကြားချက်ကို တန်ဇန်းနီးယား အမျိုးသားအသံလွှင့်ဌာနက ကောက်နုတ်ဖော်ပြသည်။

နစ်မြုပ်သွားသည့် အဆိုပါကူးတို့ရေယာဉ်သည် ခရီးသည် ၁၀၀ ဦးနှင့် ကုန်တန်ချိန် ၂၅ တန်ကိုသာ တင်ဆောင်နိုင်ကြောင်း သတင်းများအရ သိရသည်။ အဆိုပါရေယာဉ်သည် စက်တင်ဘာ ၂၀ ရက် ဒေသ စံတော်ချိန် မွန်းလွဲ ၁ နာရီတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး ကူးတို့ရေယာဉ်၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ စစ်ဆေးသူများအား ဖမ်းဆီးရန် တန်ဇန်းနီးယားသမ္မတ မာဂူဖူလီက ကုန်းလမ်းနှင့်ရေကြောင်း သယ်ယူပို့ဆောင်ရေး တာဝန်ရှိသူများကို အမိန့်ပေးခဲ့သည်။

ဝိတိုရိယရေအိုင်ကြီးအတွင်း၌ ကြီးမားသော ကူးတို့ရေယာဉ် မတော်တဆဖြစ်မှုကြီးတစ်ခု ၁၉၉၆ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့ရာ လူပေါင်း ၅၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# ဂျပန်-တရုတ် ကာကွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ခြောက်နှစ်ကြာရပ်ဆိုင်းပြီးနောက် ပြန်လည်ကျင်းပ

**ပေကျင်း စက်တင်ဘာ ၂၂**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် တရုတ်တပ်မတော်တို့အကြား ခြောက်နှစ်ကြာ ရပ်ဆိုင်းထားခဲ့သည့် ကာကွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို စက်တင်ဘာ ၂၁ ရက်က ပေကျင်းမြို့တွင် ကျင်းပခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအခမ်းအနားသို့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ တာဝန်ရှိသူ ၁၃ ဦးနှင့် တရုတ်တပ်မတော် အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်တပ်မတော် အခြေစိုက်စခန်းများသို့ သွားရောက်လည်ပတ်ကာ စက်တင်ဘာ ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။



နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်မှုအစီအစဉ်အရ နှစ်နိုင်ငံအရာရှိများက စစ်အခြေစိုက်စခန်းများသို့ အပြန်အလှန်သွားရောက်လည်ပတ်ကာ နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုရရှိလာစေရန် ကာကွယ်ရေးအမြင်များ ဆွေးနွေးဖလှယ်ကြခြင်းဖြစ်သည်။

ဂျပန်ကိုယ်စားလှယ်အဖွဲ့ကို ရေတပ်ဗိုလ်ချုပ် တိုမိုဟီကို မာဒိုနိုက ဦးဆောင်ခဲ့သည်။ ယခုဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကာကွယ်ရေးအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ရန် မျှော်လင့်ပါကြောင်း တိုမိုဟီကို မာဒိုနိုက ဆိုသည်။

ဂျပန်ကိုယ်စားလှယ်အဖွဲ့က တရုတ်တပ်မတော် အခြေစိုက်စခန်းတစ်ခုကို သွားရောက်လည်ပတ်ကာ စစ်ရေးပြပွဲတစ်ခုကို ကြည့်ရှုလေ့လာခဲ့သည်။ ထို့ပြင် ရေတပ်နှင့်လေတပ်စခန်းများသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း သိရသည်။

နိုင်ငံတကာမဟာဗျူဟာလေ့လာမှုဆိုင်ရာ တရုတ်နိုင်ငံ အင်စတီကျူမှ ဒုတိယဉက္ကဌ ဂျောင်ရှန်ဖုက ယခုကျင်းပသည့် ကာကွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲသည် နှစ်နိုင်ငံအကြား မတူညီသော ထင်မြင်ယူဆချက်များကို ဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ညှိနှိုင်းမှုပြုလုပ်နိုင်ရန် အခွင့်အလမ်းများပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

တရုတ်စစ်ဘက်အရာရှိကြီးများ၏ ကာကွယ်ရေးဆိုင်ရာအမြင်များနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ပြောကြားသည့်အတွက် လွန်စွာအားရကျေနပ်မိပါကြောင်းနှင့် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို မျက်နှာချင်းဆိုင် ဆွေးနွေးပွဲများကျင်းပခြင်းဖြင့် အဖြေရှာနိုင်မည်ဟု ယုံကြည်ပါကြောင်း ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့ ရေတပ်ဗိုလ်ချုပ် မာဒိုနိုက ဆိုသည်။

ဂျပန်နှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် မကြာသေးမီက တိုးတက်ကောင်းမွန်လာသည့်အတွက် ယခုနှီးနှောဖလှယ်ပွဲကို ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် ဂျပန်အစိုးရက တောင်တရုတ်ပင်လယ်အတွင်းရှိ ဆင်ကာကူကျွန်းအချို့ကို ပိုင်ရှင်ဂျပန်လူမျိုးထံမှ ဝယ်ယူခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်ရှိ အဆိုပါကျွန်းများကို ဂျပန်နိုင်ငံက ထိန်းချုပ်သည်ဟု အခိုင်အမာပြောကြားသော်လည်း တရုတ်နှင့် တရုတ်(တိုင်ပေ)တို့က ၎င်းတို့အပိုင်ဖြစ်ကြောင်း ပြောဆိုကြသည်။

**အင်န်အိတ်ချ်ကေ**



# ကာဂလီယာယီကွင်းလယ်ကစားသမား ဘာရယ်လာအား ပေါင် ၃၁ သန်းဖြင့် လီဗာပူးအသင်း ခေါ်ယူမည်

ဂျူဗင်တပ်အသင်းက ကာဂလီယာယီကွင်းလယ်ကစားသမား ဘာရယ်လာအား ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း လက်ရှိတွင် ခေါ်ယူတော့မည်မဟုတ်ကြောင်း သတင်းများထွက်ပေါ်လာခြင်းကြောင့် လီဗာပူးအသင်းက ဘာရယ်လာအား ပြောင်းရွှေ့ကြေးပေါင် ၃၁ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဘာရယ်လာအား ခေါ်ယူရန် အီတလီစီးရီးအေကလပ်အသင်းများဖြစ်ကြသည့် အေစီမီလန်အသင်း၊ အင်တာမီလန်အသင်း၊ ရိုးမားအသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန်ပစ်မှတ်ထားနေချိန်တွင် လီဗာပူးအသင်းက ပေါင် ၃၁ သန်းအထိ ပေး၍ခေါ်ယူရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဘာရယ်လာသည် ယခုလအတွင်း ယူအီးအက်ဖ်အေနေရှင်းလိဂ်ပွဲစဉ်များအဖြစ် ပိုလန်အသင်း၊ ပေါ်တူဂီအသင်းတို့နှင့် ကစားခဲ့သည့် ပွဲစဉ်များတွင် နည်းပြမန်စီနီ၏ အီတလီနိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ဘယ်ရယ်လာအနေဖြင့် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အီတလီမြေတွင် အကောင်းဆုံးကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ပီယာလိုက ချီးကျူးပြောကြားခဲ့သည်။ လက်ရှိတွင် လီဗာပူးအသင်းနှင့် အီတလီကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေပြီး ကစားသမားကိုယ်တိုင်ကလည်း ကာဂလီယာယီအသင်းမှ ထွက်ခွာရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



# အလဲထိုးဘုရင် ဝိုက်ဒါနှင့် တိုင်ဆန်ဖူရီတို့၏ ကမ္ဘာ့ဟဲဗီးဝိတ်ခါးပတ်လုပွဲ ဒီဇင်ဘာတွင် ထိုးသတ်မည်

ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား တိုင်ဆန်ဖူရီသည် ကမ္ဘာ့ဟဲဗီးဝိတ်ခါးပတ်လုပွဲအဖြစ် ဒဗလျူဘီစီချန်ပီယံဒီအွန်တေးဝိုက်ဒါနှင့် ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိစ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်ဆန်ဖူရီသည် လက်ရှိတွင် အသက် ၃၀ အရွယ်သာရှိသေးပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် လက်ဝှေ့သမားဘဝစတင်ခဲ့သူဖြစ်သည်။ လက်ရှိအချိန်အထိ ၂၆ ပွဲယှဉ်ပြိုင်ထိုးသတ်ထားကာ ၂၆ ပွဲစလုံးအနိုင်ရရှိထားပြီး ၁၉ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိထားခဲ့သူဖြစ်သည်။

လက်ဝှေ့လောကတွင် အလဲထိုးဘုရင်အဖြစ် နာမည်ကြီးနေသည့် အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဒီအွန်တေးဝိုက်ဒါကမူ အသက်အားဖြင့် ၃၂ နှစ်ရှိပြီဖြစ်ပြီး လက်ဝှေ့သမားဘဝကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်ခဲ့ကာ လက်ဝှေ့ပွဲပေါင်း ၄၀ အထိ ယှဉ်ပြိုင်ထိုးသတ်ထားခဲ့ပြီးဖြစ်သည်။ ယင်းသို့ ပွဲပေါင်း ၄၀ ပါဝင်ထိုးသတ်ခဲ့ရာတွင် ပွဲ ၄၀ စလုံးနိုင်ပွဲရရှိခဲ့ပြီး အလဲထိုးနိုင်ပွဲ ၃၉ ပွဲအထိ ရှိထားခဲ့သူဖြစ်သည်။

တိုင်ဆန်ဖူရီသည် ပြစ်ဒဏ်ကျခံထားရခြင်းကြောင့် နှစ်နှစ်ကြာ ကြိုးဝိုင်းပြင်ပရောက်နေခဲ့ရသူဖြစ်ပြီး လက်ရှိတွင် ဒီအွန်တေးဝိုက်ဒါနှင့် ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုထားပြီဖြစ်သည်။

တိုင်ဆန်ဖူရီနှင့် ဒီအွန်တေးဝိုက်ဒါတို့ နှစ်ဦးစလုံးသည် ဟဲဗီးဝိတ်လက်ဝှေ့လောကတွင် နာမည်ကြီးလက်ဝှေ့သမားများဖြစ်ခြင်းကြောင့် ယခုပွဲသည် ပြိုင်ဆိုင်မှုပြင်းထန်လာမည်ဖြစ်သည်။

# ဆော်ဒီအာရေဗျ၊ အာဂျင်တီးနားတို့နှင့် ခြေစမ်းပွဲကစားရန် ဂျီးဆပ်အား ဘရာဇီးအသင်း ပြန်လည်ခေါ်ယူ

ဘရာဇီးလက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ဆော်ဒီအာရေဗျအသင်း၊ အာဂျင်တီးနားအသင်းတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များ ကစားရမည်ဖြစ်သောကြောင့် မန်စီးတီးတိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်အား ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

ဘရာဇီးအသင်းနည်းပြ တိုက်သည် ခြေစမ်းပွဲစဉ်များ ကစားရမည့် ဘရာဇီးကစားသမားစာရင်းကို စက်တင်ဘာ ၂၁ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါကစားသမားစာရင်းတွင် ဘော်ဒိုးနောက်တန်းကစားသမား ပါဘလို၊ ဟန်နိုဗာကွင်းလယ်ကစားသမား ဝေါလေ့စ်၊ ဘာစီလိုနာတိုက်စစ်မှူး မယ်လ်ကွန်စသည့် မျက်နှာသစ်ကစားသမားသုံးဦးလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

ထို့ပြင်နည်းပြ တိုက်သည် အသက် ၂၁ နှစ်အောက်လူငယ်ဂိုးသမား ဖီလစ်ပီကိုလည်း နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရှိရန်အတွက် လက်ရှိကစားသမားစာရင်းတွင် ထည့်သွင်းလာခဲ့ပြီး အဆိုပါချစ်ကြည်ရေးခြေစမ်းပွဲစဉ်များကို အောက်တိုဘာ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးအသင်းက တိုက်စစ်မှူး ဂျီးဆပ်အား အသင်းအတွက် ခေါ်ယူခဲ့သော်လည်း ရုရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ကွာတားဖိုင်နယ်အဆင့်အထိ ဘရာဇီးအသင်း ရောက်ရှိခဲ့သော်လည်း စုစုပေါင်းပွဲစဉ် ခြောက်ခုတွင် ဂျီးဆပ်အနေဖြင့် တစ်ဂိုးမှ သွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ဂျီးဆပ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် အယ်လ်ဆာဗေးဒိုးတို့ကို အနိုင်ရရှိခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင်မူ ဘရာဇီးအသင်းနှင့်အတူ ပါဝင်ခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဂျီးဆပ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်ငါးပွဲတွင် တစ်ဂိုးသာသွင်းယူထားခဲ့သော်လည်း ဘရာဇီးနည်းပြအနေဖြင့် ဂျူဗင်တပ်တောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာကို ရွေးချယ်ခြင်းမပြုခဲ့ဘဲ ဂျီးဆပ်ကိုသာ ရွေးချယ်ခဲ့သည်။

ခြေစမ်းပွဲစဉ်များအတွက် ရွေးချယ်ထားသည့် ကစားသမားများမှာ ဂိုး-အဲလစ်ဆင်၊ အီဒါဆန်၊ ဖီလစ်ပီ၊ နောက်တန်း-အဲလက်ဆန်ဒရို၊ ဒန်နီလို၊ မီလီတာအို၊ ဖာဘင်ဟို၊ မာကွင်ဟို၊ မာဆယ်လို၊ မီရန်ဒါ၊ ပါဘလို၊ ကွင်းလယ်-အာသာ၊ ကက်စမဲရိုး၊ ဖရက်ဒ်၊ ကော်တင်ဟို၊ အော်ဂတ်စတို၊ ဝေါလေ့စ်၊ တိုက်စစ်-အီဗာတန်၊ ဖာမီနို၊ ဂါဘရီယယ်ဂျီးဆပ်၊ မယ်လ်ကွန်၊ နေမာ စသည့်ကစားသမားများဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



**စနေနေ့ည ပရီမီယာလိဂ်ရလဒ်များ**

| | | |
|---|---|---|
| ဖူလ်ဟမ် | ၁ - ၁ | ဝက်ဖို့ဒ် |
| ဘန်လေ | ၄ - ၀ | ဘုန်းမောက် |
| ကာဒစ်ဖ် | ၀ - ၅ | မန်စီးတီး |
| ခရစ္စတယ်ပဲလေ့ | ၀ - ၀ | နယူးကာဆယ် |
| လက်စတာ | ၃ - ၁ | ဟက်ဒါဖီးလ် |
| လီဗာပူး | ၃ - ၀ | ဆောက်သမ်တန် |
| မန်ယူ | ၁ - ၁ | ဝုလ်ဗာဟမ်တန် |

# ဖာဂူဆန် ဦးနှောက်ခွဲစိတ်ပြီး ပထမဆုံးအကြိမ် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိ

မန်ယူအသင်းနည်းပြဟောင်း ဆာအဲလက်စ်ဖာဂူဆန်သည် ဦးနှောက်ခွဲစိတ်ကုသမှုခံယူပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိုးထရက်ဖို့ဒ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ဆာအဲလက်စ်ဖာဂူဆန်သည် မေ ၅ ရက်က အရေးပေါ်ဦးနှောက်ခွဲစိတ်ကုသရန်အတွက် ဆဲလ်ဖော့ဒ်ရိုင်ရယ်ဆေးရုံတွင် ရက်ပေါင်းများစွာ ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဖာဂူဆန်သည် ဦးနှောက်ခွဲစိတ်ကုသမှုခံခဲ့ရပြီးနောက် စက်တင်ဘာ ၂၂ ရက်(စနေနေ့)ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူအသင်းနှင့် ဝုလ်ဗာဟမ်တန်အသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်ကို လာရောက်ကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ဖာဂူဆန်သည် မန်ယူအသင်းတွင် ၁၉၈၆ ခုနှစ်မှ စတင်ကာ ၂၀၁၃ ခုနှစ်အထိ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး မန်ယူအသင်းအား ပရီမီယာလိဂ်ဖလား ၁၃ ကြိမ်၊ အက်ဖ်အေဖလားငါးကြိမ်၊ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် စသည်ဖြင့် ရယူပေးနိုင်ခဲ့သူဖြစ်သည်။



# ဘားအံ-သထုံကားလမ်းတွင် နိုင်ငံခြားသားလိုက်ပါလာသည့်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်

**ဘားအံ စက်တင်ဘာ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်းတွင် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ပြင်သစ်နိုင်ငံသားလိုက်ပါလာသည့် မတ်တူးယာဉ်တစ်စီး လမ်းဘေးသစ်ပင်ဝင်တိုက်မိသဖြင့် ပြင်သစ်နိုင်ငံသားနှင့် စကားပြန်အမျိုးသမီးတို့ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲက ဘားအံ-သထုံ ကားလမ်းတွင် ယာဉ်တစ်စီး လမ်းဘေးသစ်ပင်အား ဝင်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်း ဦးစီးအဖွဲ့ သွားရောက်စစ်ဆေးရာ ရန်ကုန်မှ ဘားအံသို့ ယာဉ်မောင်း သက်ဝေငြိမ်းချမ်း ၃၀ ရပ်ကွက် မြောက်ဒဂုံ ရန်ကုန်မြို့နေသူ မောင်းနှင်လာသောယာဉ်သည် ဘားအံမြို့နယ် ကော့ရင်းအထက်ကျေးရွာ ဆန်းထူးကုမ္ပဏီကွေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျပြီး သစ်ပင်အား ဝင်တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ပြင်သစ်နိုင်ငံသားနှင့် စကားပြန် မယွန်းမွှံဖူးတို့တွင် ဒဏ်ရာများရရှိခဲ့၍ ဘားအံဆေးရုံကြီးသို့ တင်ပို့ထားခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း သက်ဝေငြိမ်းချမ်းကို ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများအား တွေ့ရစဉ်။

# လားရှိုးမြို့နယ်၌ ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**
နမ့်ပေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းက လားရှိုးမြို့နယ် နမ္မဘောဒကျေးရွာရှိ နမ္မဘောဒ တံတားတွင် လားရှိုးမြို့မှ မိုင်းရယ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်ကိုရှာဖွေရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထွက်ပြေးတိမ်းရှောင်သွားပြီး မော်တော်ယာဉ်၏ နောက်ပိုင်းတွင် ပလတ်စတစ်ပုံး ၁၄၀ ဖြင့် ထည့်လျက် ANTHRANILIC ACID လီတာ ၂၈၀၀၊ သံပီပါ ၂၃ လုံးဖြင့် ထည့်လျက် TOLUENE လီတာ ၄၆၀၀၊ သံပီပါနှစ်လုံးဖြင့် ထည့်လျက် 1-PHENYL-2-PROPANONE လီတာ ၄၀၀၊ သံပီပါငါးလုံးဖြင့်ထည့်လျက် N-ACETYLANTHRANIC ACID လီတာ ၁၀၀၀၊ လေအိုးအလုံး ၂၀ နှင့် မြေဆီအိတ် ၆၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂ ဒသမ ၈၆၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၈၆၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀ ဒသမ ၇၂၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။




ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် FUSO ၁၂ ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသား ၄ ဒသမ ၂၈၇၄ တန်နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂ ဒသမ ၈၆၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် အိမ်ဖောက်ထွင်းခိုးယူသူအား ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၂၂**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၁၅၅ ရပ်ကွက်တွင် စက်တင်ဘာ ၁၆ ရက် ည ၈ နာရီခန့်က ပစ္စည်းခိုးယူမှုဖြစ်ပွားခဲ့ရာ စက်တင်ဘာ ၂၁ ရက် ညနေ ၆ နာရီတွင် မြို့နယ် မြို့မရဲစခန်းမှ တာဝန်ရှိသူများက ခိုးယူခံရသူ၏ နေအိမ်အနီး(အိမ်အငှားနေသူ) အောင်လေး(ခ)မဲကြီးအား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ အောင်လေး(ခ)မဲကြီးက ဇနီးဖြစ်သူ ပြစ်မှုတစ်ခုဖြင့် အမှုရင်ဆိုင်နေရ၍ ငွေလိုနေသဖြင့် ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ အောင်လေး(ခ)မဲကြီးအား ယခင်ပြစ်မှုများ ရှိ၊ မရှိ ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုက်ထိုမြို့၌ အမျိုးသမီးတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိ

**ကျိုက်ထို စက်တင်ဘာ ၂၂**
မွန်ပြည်နယ် ကျိုက်ထိုမြို့၌ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက အမျိုးသမီးတစ်ဦးအား မူးယစ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျိုက်ထိုမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက် ကမ္ဘောဇဘဏ်ရှေ့ ကားလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် ဘီးလင်းမြို့မှ ကျိုက်ထိုမြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းလာသော နန်းမိမိမော် (ခ) မမော်မော် (ခ) ကရင်မအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၂ ပြားအား ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းပြီး ကျိုက်ထိုမြို့မရဲစခန်းက နန်းမိမိမော်အား အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# လှည်းကူးမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**လှည်းကူး စက်တင်ဘာ ၂၂**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ စက်တင်ဘာ ၂၁ ရက်က တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် တရားမဝင်သစ်ဖမ်းဆီးရေး ဆောင်ရွက်နေစဉ် မသင်္ကာဖွယ် ယာဉ်တစ်စီး ရန်ကုန်ဘက်သို့ ဦးတည်မောင်းနှင်လာပြီး နံနက် ၆ နာရီတွင် မိုင်တိုင်အမှတ် ၀/၇ ရှိTollGate အရောက်တွင် TollGate ရှိ တာဝန်ကျ သစ်တောဝန်ထမ်းများက စစ်ဆေးရန် တားဆီးရာ ၎င်းယာဉ်သည် ရပ်တန့်ခြင်းမရှိဘဲ ကုန်တင်ကားများဖြတ်သန်းသည့် ကတ္တားခုံပေါ်မှတစ်ဆင့် မောင်းနှင်သွားသဖြင့် TollGate တွင် အသင့်စောင့်ဆိုင်းနေသော ဝန်ထမ်းများက ၎င်းယာဉ်အား သံဆူးပြားပစ်၍ ဖမ်းဆီးခဲ့ရာ ဘယ်ဘက်နောက်ဘီးပေါက်၍ ဆက်လက်မောင်းနှင်ထွက်ပြေးသွားရာ မိုင်တိုင်အမှတ် ၀/၁ နှင့် ၀/၂အကြားတွင် ယာဉ်အားစက်နှိုးလျက် ရပ်တန့်ထားခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် ၎င်းယာဉ်အားစစ်ဆေးရာ တရားမဝင်ကျွန်းခွဲသား တစ်တန်ကျော်ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



အဆိုပါ သိမ်းဆည်းရရှိမှုနှင့်ပတ်သက်၍ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ ပစ္စည်းပိုင်ရှင်တို့အား အမှတ်(၃) လမ်းဆုံအမြန်လမ်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# ခန္တီးမြို့တွင် ဇနီးဟောင်းအား ခင်ပွန်းဟောင်းမှ ဓားထိုးမှုဖြစ်ပွား

**ခန္တီး စက်တင်ဘာ ၂၂**
ခန္တီးမြို့ ပြည်သူ့ဆေးရုံကြီးတွင် မီးဖွားနေသော ခန္တီးမြို့နယ် ပဒူးမုန်းကျေးရွာနေ မဇင်မာဝင်းနှင့် သုံးရက်သားတို့သည် ဆေးကုသမှုခံယူနေစဉ် မဇင်မာဝင်း၏ ခင်ပွန်းဟောင်းဖြစ်သူ ဝေဖြိုး (ခ)ပေါက်ကြီးသည် စက်တင်ဘာ ၂၁ ရက် ည ၁၁ နာရီတွင် ဓားမြှောင်ကိုင်ဆောင်လျက်ဝင်လာပြီး မဇင်မာဝင်းအား ဓားဖြင့်ထိုးစဉ် လက်ရှိခင်ပွန်းဖြစ်သူ သန်းဇော်ဦးက ဝင်ရောက်တားဆီးရာ သန်းဇော်ဦးအား ဓားဖြင့်ထပ်မံထိုးခုတ်သဖြင့် ဝဲဘက်လက်မောင်းတွင် ပြတ်ရှဒဏ်ရာနှင့် မဇင်မာဝင်း၏ ဝမ်းဗိုက်ဝဲဘက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ကျောပြင်ဝဲဘက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့ရာ ခန္တီးမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဝေဖြိုး(ခ)ပေါက်ကြီးအား ခန္တီးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခေါင်ရည်ချို(နာဂမြေ)**

# တာချီလိတ်၌ ယာဉ်တစ်စီး ဓာတ်တိုင်ဝင်တိုက်၊ မောင်းသူသေဆုံး

**တာချီလိတ် စက်တင်ဘာ ၂၁**
တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံလမ်းမကြီးပေါ်တွင် စက်တင်ဘာ ၂၁ ရက်က မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်အား တိုက်မိရာမှ ယာဉ်မောင်းသေဆုံးပြီး ယာဉ်မှာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် နံနက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု လွန်းကျိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီး တာချီလိတ်-ဝမ်ပုံလမ်းမကြီးပေါ်တွင် ယာဉ်မောင်း ဦးအောင်နိုင် မောင်းနှင်လာသော ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဓာတ်တိုင်အား တိုက်မိကာ ယာဉ်မောင်းမှာ ဒဏ်ရာရရှိပြီး သတိလစ်နေကြောင်း သတင်းပေးချက်အရ ဝမ်ပုံနယ်မြေရဲစခန်းမှ ရဲအုပ်မောင်မောင်စိုးနှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး ဒဏ်ရာရရှိသူ ဦးအောင်နိုင်အား တာချီလိတ်ခရိုင်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးအောင်နိုင်(သေဆုံး)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# သစ်တောဥပဒေ ပြဌာန်း

**ယမန်နေ့မှအဆက်**

## အခန်း(၈)

## ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း

၂၇။ ထိန်းသိမ်းကွပ်ကဲမှုမရှိဘဲ မျောလာသည့် သစ်ဖောင် သို့မဟုတ် သစ်ကို ရေမျောကမ်းတင်သစ်ဟု သတ်မှတ်သည်။

၂၈။ (က) အောက်ပါသစ်များသည် တစ်ဦးတစ်ယောက်ပိုင်ဆိုင်ကြောင်းကို သတ်မှတ်သည့်ကာလအတွင်း ခိုင်လုံစွာ တင်ပြခြင်းမပြုနိုင်လျှင် ပိုင်ရှင်မဲ့သစ်ဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ရေမျောကမ်းတင်သစ် သို့မဟုတ် နစ်မြုပ်လျက် တွေ့ရှိသည့် သစ်များ၊

(၂) မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ် ရိုက်မှတ်ထားခြင်းမရှိသည့် သစ်များ၊

(၃) ရိုက်မှတ်ထားသော မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကို ပုံသဏ္ဌာန် ပြောင်းလဲဖျက်ဆီးထားသည့် သစ်များ။

(ခ) သစ်တောဝန်ထမ်းသည် ပုဒ်မခွဲ (က) ပါသစ်များကို စာရင်းရေးသွင်း မှတ်တမ်းယူပြီး သစ်တောကင်းရုံး သို့မဟုတ် သစ်ဆိပ်များသို့ စုသိမ်းယူဆောင်လာခွင့်ရှိသည်။

၂၉။ သစ်တောအရာရှိသည် ရေမျောကမ်းတင်သစ်နှင့်ပိုင်ရှင်မဲ့သစ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း(၉)

## သစ်အခြေခံ အသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း

၃၀။ သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ လွှစင်၊ လက်ကိုင်စက်လွှ၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်ကိုဖြစ်စေ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော သစ်ပရိဘောဂလုပ်ငန်း သို့မဟုတ် သစ်အခြေခံအခြားလုပ်ငန်းကိုဖြစ်စေ တည်ထောင်လုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုမိန့်ကို ရရှိပြီးမှသာ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၃၀ ပါကိစ္စအလို့ငှာ အခွန်အခနှုန်းများ၊ ခွင့်ပြုမိန့်သက်တမ်းနှင့် ခွင့်ပြုမိန့်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

## အခန်း(၁၀)

## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ သစ်တောဝန်ထမ်းများ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများတွင် သတ်မှတ်ပေးရမည်။

၃၃။ (က) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ လက်ဝယ်တွေ့ရှိသူကို အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) တစ်တန်ထက်မပိုသော ကျွန်းသစ်ကိုဖြစ်စေ၊ ကျွန်းသစ်မဟုတ်သော တားမြစ်သစ်ပင်မှ ထွက်ရှိသည့် တစ်တန်ထက်မပိုသော သစ်ကိုဖြစ်စေ ဖမ်းဆီးရမိခြင်းဖြစ်လျှင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(၂) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှ ထွက်ရှိသော သစ်မှအပ တစ်တန်ထက်မပိုသော အခြားသစ်များ ဖမ်းဆီးရမိခြင်းဖြစ်လျှင် သစ်များ၏ ဒေသတန်ဖိုး နှစ်ဆနှင့် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြန်လည်ပေးအပ်ခြင်း၊

(၃) သစ်မှအပ ဒေသတန်ဖိုးကျပ်တစ်သိန်းထက်မပိုသော အခြားသစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှင့် ကျပ်သုံးသိန်းထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း၊

(၄) မရွေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုး နှစ်ဆနှင့် ကျပ်သုံးသိန်းထက်မပိုသော ဒဏ်ကြေးငွေ ပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း။

(ခ) ပုဒ်မခွဲ(က) အရ ချမှတ်သည့် အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ၊ လိုက်နာရန် ပျက်ကွက်သူများကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

၃၄။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမား တစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် ဖမ်းဆီးသူ သစ်တောအရာရှိသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူထံ ဆောလျင်စွာတင်ပြ၍ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟု ယူဆလျှင် သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

၃၅။ (က) သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ရရန်ရှိသော အခွန်အခ၊ ဒဏ်ကြေးများကို မရရှိသေးသမျှ ယင်းသစ်တောထွက်ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်။

(ခ) သတ်မှတ်ကာလအတွင်း အခွန်အခ၊ ဒဏ်ကြေးများ ပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားသော သစ်တောထွက်ပစ္စည်းကို သစ်တောအရာရှိသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း(၁၁)

## အယူခံခြင်း

၃၆။ (က) ဤဥပဒေအရ မြို့နယ် သို့မဟုတ် ခရိုင်သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိထံ သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိသည် မြို့နယ် သို့မဟုတ် ခရိုင် သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၇။ (က) ဤဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ရမည်။

## အခန်း(၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို တရားဝင်ပိုင်ဆိုင်သော သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။ ဖမ်းဆီးရမိသော သစ်တောထွက်ပစ္စည်းများကို တရားဝင်ပိုင်ဆိုင်သူအား ပြန်လည်ပေးအပ်ရမည်-

(က) မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းခြင်း၊

(ခ) မျှောစာတွင် ဖော်ပြထားသော ခရီးလမ်းဆုံးမှတစ်ပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၄၀။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(၂) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(၃) ခွင့်ပြုမိန့်မရရှိဘဲ သစ်တောနယ်မြေအတွင်း ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(၄) သစ်တောနယ်မြေအတွင်း ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(၅) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၆) သစ်တောနယ်မြေအတွင်း ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(၇) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားခြင်းမှအပ သစ်မဟုတ်သည့် သစ်တော ထွက်ပစ္စည်း တစ်စုံတစ်ရာကို ခွင့်ပြုမိန့်မရှိဘဲ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) (၂) (၃) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ တရားခံကို ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် လူ၊ တိရစ္ဆာန်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို စီရင်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားစေ၍ ယင်းသစ်တောနယ်မြေအား ဝန်ကြီးဌာနကို လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ရမည်။

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ အခြားသစ်ပင်မှ ထွက်ရှိသော သစ်များအား ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (စ) အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း၊

(ဃ) သစ်တောနယ်မြေအတွင်း သစ်တောများကို မီးဖြင့် ပျက်စီးစေခြင်း၊

(င) ဝန်ကြီးဌာနက စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့်စက် တည်ထောင်လုပ်ကိုင်ခြင်း၊ လက်ကိုင်စက်လွှ လက်ဝယ်ထားရှိခြင်း။

၄၃။ (က) မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ တစ်တန်ထက်ပိုသော ကျွန်းသစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ငါးနှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံးငါးနှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဂ) မည်သူမဆိုသစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်မှအပ အခြားကျွန်းပင်ကိုသော်လည်းကောင်း ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်းပြုလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**(ဆက်လက်ဖော်ပြပါမည်)**













# ဘက်ညီ လက်ညီ ရှေ့ကြဖို့လိုသည်

**ကိုရင်ဩ**

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ယခုနှစ်အတွင်း တတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲပြုလုပ်နိုင်ရန် မြို့တော်ပြုံယမ်းတွင် တွေ့ဆုံခဲ့ကြခြင်းမှာ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်းကို သက်သေပြလိုက်ခြင်းဖြစ်သည်ဟု ကမ္ဘာက ရှုမြင်ကြလေသည်။

ကိုရီးယား နှစ်နိုင်ငံအကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ခြင်းမှ တစ်ဆင့် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုအကြား အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်လာနိုင်ပေလိမ့်မည်။ မြောက်ကိုရီးယားနှင့် အမေရိကန်အကြား အပြန်အလှန် မယုံသင်္ကာဖြစ်မှုမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

## ဂုဏ်ရှိန်တက်

အဏုမြူလက်နက် ဖျက်သိမ်းရေးနှင့် ပတ်သက်၍ မြောက်ကိုရီးယားနှင့် အမေရိကန်အကြား ဆွေးနွေးမှုများ ရပ်တန့်နေခဲ့ရသည်မှာ တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာစိတ်ရှိနေခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းကြောင့် သမ္မတမွန်းမှာ ခေါင်းဆောင်ကြီးကင်နှင့် သမ္မတ ဒေါ်နယ်ထရန့်တို့အကြား စေ့စပ်ညှိနှိုင်းပေးသူအဖြစ် ဂုဏ်ရှိန်တက်လာပေလိမ့်မည်။

မြောက်ကိုရီးယားအနေဖြင့် အရေးယူပိတ်ဆို့မှုခံနေရသည့်ဘဝမှ လွတ်မြောက်ရေး၊ အမိနိုင်ငံ လုံခြုံရေးအတွက် အာမခံချက် ရရှိရေးတို့ကို မျှော်လင့်လျက် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲ ရလဒ်ကို အားခဲထားပေလိမ့်မည်။

မြောက်ကိုရီးယားနှင့် အမေရိကန်အကြား ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေးအတွက် အထောက်အကူဖြစ်ပေါ်ပါက မြောက်ကိုရီးယားသို့ သွားရောက်သည့် တောင်ကိုရီးယားသမ္မတမွန်းဂျယ်အင်း၏ ခရီးစဉ်မှာ အောင်မြင်မှုရရှိမည်ဟု မျှော်လင့်သည်။

ကိုရီးယား နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ပုံမှန်ဆွေးနွေးခြင်းမျှသာ မဟုတ်တော့ဘဲ ခေါင်းဆောင်နှစ်ဦး ဆန္ဒရှိလျှင်ရှိသည့်အတိုင်း တွေ့ဆုံဆွေးနွေးနိုင်သည့်အဆင့်သို့ ဝင်ရောက်ခဲ့ပြီဟု ဆိုသည်။

သမ္မတ မွန်းသည် မြို့တော်ပြုံယမ်းသို့ စက်တင်ဘာ ၁၈ ရက် နံနက်တွင် လေယာဉ်ဖြင့် ဆိုက်ရောက်လာရာ ခေါင်းဆောင်ကြီးကင်ဂျုံအန်က လေဆိပ်တွင် ဆီးကြိုနှုတ်ဆက်ခဲ့သည်။

## အပြုံးပန်းများ ဖလှယ်

ဆုနန်းနိုင်ငံတကာလေဆိပ်တွင် ပြည်သူများက ပန်းများနှင့် အမျိုးသားအလံတော်များကို ဝှေ့ယမ်းကာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လေယာဉ်ပေါ်မှ ဆင်းသက်လာသော သမ္မတမွန်းနှင့် လာရောက် ကြိုဆိုသူ ခေါင်းဆောင်ကြီးကင်တို့က တစ်ဦးနှင့်တစ်ဦး အားပါးတရပွေ့ဖက်ကာ အပြုံးများ ဖလှယ်ခဲ့ကြသည်။

သမ္မတမွန်းသည် သုံးရက်ကြာခရီးစဉ်အဖြစ် ပြုံယမ်းသို့ဆိုက်ရောက်လာခဲ့သည်။ တောင်ကိုရီးယားသမ္မတတစ်ဦး မြောက်ကိုရီးယားသို့ ခရီးသွားရောက်ခြင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး အလံတော်ကို ဝှေ့ယမ်းကြလျက် လူထုကြီးက သမ္မတမွန်းကို ကြိုဆိုခဲ့ကြသည်။

## ပျော်တပြုံးပြုံး

မြို့တော် ပြုံယမ်းသို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာချိန်မှစ၍ ခေါင်းဆောင်ကြီး ကင်နှင့်တကွ အိမ်ရှင်များနှင့် သမ္မတမွန်းနှင့်တကွ ဧည့်သည်များအားလုံး ပျော်တပြုံးပြုံး မော်မဆုံးရှိနေကြသည်ကို ထူးခြားစွာ တွေ့မြင်ခဲ့ကြရသည်။

သမ္မတမွန်းသည် မြို့တော်ပြုံယမ်းသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။ သူ၏ မိဘများမှာ မြောက်ကိုရီးယားမှ ထွက်ပြေးလာခဲ့ကြသော ဒုက္ခသည်များဖြစ်ကြသည်ဆို၏။

မြောက်ကိုရီးယား၏ အဏုမြူလက်နက် အစီအစဉ်ကို အကြောင်းပြု၍ ယင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား သံတမန်ရေးတင်းမာမှုများ ဖြေလျှော့နိုင်


ဓာတ်ပုံ – Photo Pool

စေရေးအတွက် ကြားဝင်စေ့စပ်ပေးနိုင်မည်ဟု တောင်ကိုရီးယားသမ္မတမွန်းက မျှော်လင့်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်မှာမူ တောင်ကိုရီးယားနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်နိုင်ရန် မျှော်လင့်ချက် ထားရှိပုံရသည်။ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုမှ လွတ်မြောက်နိုင်ရေး၊ ၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ တရားဝင် ပြီးဆုံးခြင်းဆိုင်ရာ သဘောတူညီချက် ရရှိနိုင်ရေးတို့ကိုလည်း မြောက်ကိုရီးယားနိုင်ငံက မျှော်လင့်ဖွယ်ရှိလေသည်။

ပြီးခဲ့သည့် ဇွန်လက စင်ကာပူနိုင်ငံတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ကင်တို့ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်နိုင်ရေးအတွက် သမ္မတမွန်းက ကြားဝင်ညှိနှိုင်းပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ထိပ်သီးဆွေးနွေးပွဲအစမှာပင် ကင်က ထုတ်ဖော်ပြောဆိုခဲ့သည်။

သမ္မတမွန်းတည်းခိုနေထိုင်ရာ ပတ်ဝါဝန် ဧည့်ဂေဟာ၌ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးခဲ့ကြမှုမှာ နွေးထွေးမှုရှိလှသည်။

သံတမန်ရေး ဆက်ဆံမှုအရ အပြုသဘောရလဒ်ကောင်းများကို ပေါ်ထွန်းစေလိမ့်မည်ဟု မြောက်ကိုရီးယားပြည်သူတို့က မျှော်လင့်ကြသည်ဟု ကင်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းသော ခေတ်သစ်တစ်ရပ်ကို ဖွင့်လှစ်ရန် ခေါင်းဆောင်ကြီးကင်က သတ္တိရှိရှိဆုံးဖြတ်ခဲ့ခြင်းမှာ ချီးကျူးဖွယ်ရာကောင်းလှကြောင်း သမ္မတမွန်းက တုံ့ပြန်ပြောကြားခဲ့သည်ဆို၏။

## ဆွေးနွေးပွဲ ပထမနေ့

သမ္မတမွန်းနှင့် ခေါင်းဆောင်ကြီး ကင်တို့၏ ထိပ်သီးဆွေးနွေးပွဲ ပထမနေ့မှာ စက်တင်ဘာ ၁၈ ရက်တွင် ပြီးစီးခဲ့သည်။ အဆိုပါ ခေါင်းဆောင်များနှင့်အတူ တောင်ကိုရီးယားအမျိုးသားလုံခြုံရေးအကြီးအကဲနှင့် ထောက်လှမ်းရေးဌာန အကြီးအကဲများလည်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ မြောက်ကိုရီးယားဘက်မှ အာဏာရပါတီ ဒုတိယဥက္ကဋ္ဌနှင့် ခေါင်းဆောင်ကြီးကင်၏ နှမဖြစ်သူတို့ တက်ရောက်ခဲ့သည်။

ထိပ်သီးဆွေးနွေးပွဲ၏ ဒုတိယမြောက်နေ့ဖြစ်သော စက်တင်ဘာ ၁၉ ရက်တွင် "စက်တင်ဘာ ၂၀၁၈ ပြုံယမ်းပူးတွဲကြေညာချက်" ဟု အမည်ပေးထားသော သဘောတူညီချက်တစ်ရပ်ကို ခေါင်းဆောင်ကြီးနှစ်ဦးတို့က အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

## သဘောတူညီ

ကိုရီးယားနှစ်နိုင်ငံတို့၏ နယ်စပ်ဒေသများ ဆုံစည်းရာနယ်မြေတစ်ကြောတွင် တည်ရှိနေသော မြေမြှုပ်မိုင်းဗုံးများ ရှင်းလင်းဖယ်ရှားကြရန် အဆိုပါ သဘောတူညီချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံ တုန်ချန်းရီဒေသရှိ ဒုံးပျံအင်ဂျင် စမ်းသပ်ရေးစခန်းနှင့် ဒုံးပျံလွှတ်တင်ရေးစခန်းတို့ကို နိုင်ငံတကာမှ ကျွမ်းကျင်သူပညာရှင်များ၏ ရှေ့မှောက်တွင် ထာဝရပိတ်သိမ်းရန် မြောက်ကိုရီးယားခေါင်းဆောင်က သဘောတူညီခဲ့ကြောင်း သမ္မတမွန်းက ပြောကြားခဲ့သည်။

## ဆိုးလ်သို့လာမည်

မဝေးသော အနာဂတ်ကာလတွင် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်သို့ သမိုင်းဝင်ခရီးအဖြစ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်လာရောက်မည်ဟု သမ္မတမွန်းဂျယ်အင်းက ပြောကြားခဲ့သည်။

ထူးခြားအခြေအနေများ ဖြစ်ပေါ်လာခြင်း မရှိပါက ယခုနှစ်အတွင်းမှာပင် မြို့တော်ဆိုးလ်သို့ မြောက်ကိုရီးယားခေါင်းဆောင် လာရောက်မည်ဟုဆိုသည်။

သမ္မတမွန်းသည် စက်တင်ဘာ ၁၉ ရက်တွင် မြောက်ကိုရီးယား ပြည်သူများအား ကိုရီးယားနှစ်နိုင်ငံ ပြည်သူတို့အကြား ယဉ်ကျေးမှုအရ ညီညွတ်ကြရေး၊ နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးတို့နှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

မြို့တော်ပြုံယမ်းရှိ မေဒေးအားကစားပြိုင်ပွဲရုံသို့ စုဝေးရောက်ရှိလာကြသော ပြည်သူ ၁၅၀၀၀၀ ရှေ့မှောက်တွင် သမ္မတမွန်း မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံတွင် တောင်ကိုရီးယားခေါင်းဆောင်တစ်ဦး ပြည်သူများအား မိန့် ခွန်းပြောကြားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

## တောင်ပေါ်သို့တက်

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းသည် ၎င်း၏ သုံးရက်ကြာခရီးစဉ်၏ နောက်ဆုံးနေ့ဖြစ်သောစက်တင်ဘာ ၂၀ ရက်တွင် ခေါင်းဆောင်ကြီးကင်နှင့်အတူ ပက်ခ်တုတောင်ပေါ်သို့ တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယားနယ်စပ်ရှိ ယင်းတောင်သည် မြောက်ကိုရီးယားနိုင်ငံသားများက ဘာသာရေးအရ အထွတ်အမြတ်ထားသော မီးတောင်ဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်၏ အမြင့်ဆုံးတောင်လည်းဖြစ်သည်။

အဆိုပါတောင်တည်ရှိရာဒေသမှာ ကင်၏ ဖခင် ကင်ဂျုံအီမွေးဖွားခဲ့ရာ နေရာဖြစ်သည်။ သမ္မတမွန်းသည် ပက်ခ်တုတောင်သို့ ပထမဆုံးသွားရောက်လည်ပတ်သော တောင်ကိုရီးယား ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။

ပက်ခ်တုတောင်ပေါ်သို့ မတက်ရောက်မီ ယင်းတောင်အနီးရှိ လေဆိပ်တစ်ခုသို့ သမ္မတမွန်းဆိုက်ရောက်လာချိန်တွင် မြောက်ကိုရီးယား နိုင်ငံသား ၁၀၀၀ ခန့်က ၎င်းအား ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ပန်းများကို ဝှေ့ယမ်းကာ "အမိမြေပြန်လည်ပေါင်းစည်းပြီ" ဟု ကြွေးကြော်ခဲ့ကြသည်။

ပြုံယမ်းခရီးစဉ်အပြီး ကြားသိရသော သတင်းကောင်းတစ်ရပ်မှာ မွန်း-ကင် ထိပ်သီးဆွေးနွေးပွဲရလဒ်များနှင့် ပတ်သက်၍ သမ္မတမွန်းက အမေရိကန်သမ္မတထရန့်အား အသေးစိတ် ရှင်းလင်းတင်ပြရန် စီစဉ်လိုက်ခြင်းဖြစ်သည်။ သမ္မတမွန်းသည် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိနေစဉ်အတွင်း စက်တင်ဘာ ၂၄ ရက်တွင် သမ္မတထရန့်နှင့် တွေ့ဆုံမည်ဖြစ်သည်။

## ဘက်ညီလက်ညီ

ဒုံးအင်ဂျင် စမ်းသပ်ရေးစခန်းနှင့် ဒုံးပျံလွှတ်တင်ရေးစင်မြင့်တို့ကို ဖျက်သိမ်းပေးရန်၊ အမေရိကန်က အလျားသင့်လိုက်ပါဆောင်ရွက်မည်ဆိုပါက ယုံဗြောင်အဏုမြူစခန်းကိုပင် ပိတ်သိမ်းပေးရန်၊ အဏုမြူစစ်ဆေးရေးမှူးများအား ခွင့်ပြုပေးရန်၊ နယ်စပ်ဒေသတစ်လျှောက် မြေမြှုပ်မိုင်းဗုံးများကို ရှင်းလင်းဖယ်ရှားရန်၊ ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲကာလအတွင်း ကျဆုံးခဲ့သော ကိုရီးယားစစ်သည်များ၏ ရုပ်ကြွင်းများကို ပူးတွဲရှာဖွေသွားရန်၊ စစ်ရေးတင်းမာမှုနှင့် မတော်တဆ ပစ်ခတ်မှုတို့မှ တားဆီးနိုင်ရေးအတွက် ကြည်းကြောင်းနှင့် ပင်လယ်ရေကြောင်း နယ်စပ်ဒေသများတစ်လျှောက်တွင် ကြားခံဇုန်များ ထူထောင်သွားရန်၊ ဒီဇင်ဘာလ နောက်ဆုံးထား၍ စစ်မဲ့ဇုန်အတွင်းမှ ကင်းမျှော်စင် ၁၁ ခုကို ရုပ်သိမ်းပေးရန်၊ စစ်ရေး နယ်နိမိတ်သတ်မှတ်ရေး မျဉ်းအထက်တွင် လေယာဉ်၊ ရဟတ်ယာဉ်၊ ဒရုန်းယာဉ် မပျံသန်းရ ဇုန်ထူထောင်ရန်၊ စစ်ရေးတင်းမာမှု လျှော့ချနိုင်ရေးအတွက် ပူးတွဲစစ်ရေးကော်မတီ ထူထောင်ရန်၊ ၂၀၃၂ နွေရာသီ အိုလံပစ်အားကစားပွဲကို ပူးတွဲကျင်းပခွင့်ရရှိရေးအတွက် ကြိုးပမ်းသွားကြရန် စသည့် သဘောတူညီချက်များအား ကိုရီးယားခေါင်းဆောင်နှစ်ဦး ရရှိခဲ့ခြင်းကို ထောက်ချင့်လျက် တည်ငြိမ်အေးချမ်းပြီး စည်ပင်ဖွံ့ဖြိုးသော ကိုရီးယားကျွန်းဆွယ်ကြီးကို ကမ္ဘာသားတို့ တွေ့မြင်လာကြရတော့မည်ဟု တွေးတောမိရင်း "ဘက်ညီ လက်ညီ ရှေ့ကြဖို့ လိုသည်"ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
Key moments from North and South Korea Summit (CNN)

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဌာန်း

**ယမန်နေ့မှအဆက်**

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံ စာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့်ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုမှုများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဌာန်းပြီး နောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါ ပြဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့ သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းခုနစ်ဆယ့်နှစ်သိန်းထက် မပိုစေရ။

## အခန်း(၃)
## ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက်သော် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်း အတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမပြဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါပြဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း(၄)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
## အခန်း(၁)
## ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေလက်ကျန် အခြေအနေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့် ကြွေးမြီ အသုံးစရိတ်အားလုံးတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အားလုံးကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်း ဝယ်ယူခြင်း အသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှု စရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ် တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း အသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှု စရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် မိမိတို့၏ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့်သုံးစွဲရမည့် အသုံးစရိတ်များမှအပ ပြည်ပသို့ ကြွေးမြီ ပြန်လည်ပေးဆပ်ရန်အသုံးစရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား (၇) နှင့်(၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**(ဆက်လက်ဖော်ပြပါမည်)**



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ငလျင်ဘေးဆိုင်ရာ သင်တန်းဖွင့်ပွဲတက်ရောက်

**ပဲခူး စက်တင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် UNDP တို့ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်သူများအတွက် နည်းပြသင်တန်းဖွင့်ပွဲကို ပဲခူးမြို့ Famous Hotel ၌ စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းလို့မရသလို ကြိုတင်သိရှိခြင်းလည်းမရှိသည့်အတွက် အလွန်အန္တရာယ်ကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုပမာဏလည်း အလွန်ကြီးမားနိုင်ကြောင်း၊ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည့် အကောင်းဆုံးနည်းလမ်းသည် ကြိုတင်ပြင်ဆင်ထားခြင်းနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းစသည့်အစီအမံများဖြစ်သောကြောင့် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရန်အတွက် ငလျင်မလှုပ်မီ ကြိုတင်ပြင်ဆင်ရန်၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးဆောင်ရွက်ရမည့် အရာများအား စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးခြင်းများ ကျယ်ပြန့်စွာဆောင်ရွက်သွားကြရန်၊ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးလျော့ပါးရေး အစီအမံများ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးကို သဘာဝဘေးအန္တရာယ်များမှ လုံခြုံစိတ်ချရပြီး ဘေးဒဏ်များကြံ့ကြံ့ခိုင်နိုင်သော တိုင်းဒေသကြီးအဖြစ် တည်ဆောက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်သူများအတွက် နည်းပြသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ UNDP မှ ဒေါ်သင်းလှိုင်ဦးက ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းအား စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်ထိ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ နည်းပြအဖြစ် ပြန်လည်သင်တန်းပို့ချပေးနိုင်မည့် ဆရာ ဆရာမ ၂၈ ဦး၊ ဘေးအန္တရာယ်ဦးစီးဌာနမှ ခြောက်ဦး စုစုပေါင်း ၃၄ ဦးအား အခြေခံပညာကျောင်းများတွင် ငလျင်ဆိုင်ရာ အသိပညာပေးခြင်းဆောင်ရွက်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရန်အတွက် ငလျင်မလှုပ်မီ ကြိုတင်ပြင်ဆင်ရန်၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးနောက်ဆောင်ရွက်ရမည့်အရာများကို သိရှိစေရန်၊ အသိပညာမြင့်မားရေး၊ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီသို့ ယာဉ်၊ စက်၊ ယန္တရား ၃၄ စီး လွှဲပြောင်းပေးအပ်

**တောင်ကြီး စက်တင်ဘာ ၂၂**
ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီကွပ်ကဲမှုအောက်ရှိ မြို့နယ်၊ မြို့နယ်ခွဲများ စည်ပင်သာယာရေးကော်မတီများသို့ ထောက်ပံ့ပေးအပ်သော ယာဉ်၊ စက်၊ ယန္တရား ၃၄ စီးလွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီခွဲက မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်ကုမ္ပဏီများနှင့် မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီများ တက်ရောက်ခဲ့ကြသည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အပိုင်း(၁) မှာ မြို့နယ်၊ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများအတွက် လိုအပ်နေတဲ့ ယာဉ်၊ စက်၊ ယန္တရား ၃၄ စီးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ထောက်ပံ့ငွေ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးဌာနများရဲ့ ရန်ပုံငွေများနဲ့ တင်ဒါအောင်မြင်တဲ့ ခြူးကမ္ဘာကုမ္ပဏီ၊ ထွန်းနေဝန်းသစ္စာကုမ္ပဏီ၊ မြန်မာကိုင်ဒိုကုမ္ပဏီနှင့် MSP CAT ကုမ္ပဏီတို့မှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မြို့နယ်၊ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများအနေဖြင့်လည်း မိမိတို့၏စည်ပင်သာယာရေးဌာနပိုင် ယာဉ်၊ စက်၊ ယန္တရားများကို စနစ်တကျသုံးစွဲဖို့၊ ရေရှည်ကြံ့ခိုင်ဖို့အတွက် ပြုပြင်ထိန်းသိမ်းဖို့ စနစ်တကျထားရှိဖို့လိုကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြို့နယ်စည်ပင်သာယာရေးကော်မတီနှစ်ခုအတွက် မြေတူးစက်ရှစ်တန်နှစ်စီးကို ကျိုင်းတုံနှင့် ကျောက်မဲမြို့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအားလည်းကောင်း၊ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစိုင်းလုံကျော်က မြို့နယ်စည်ပင်သာယာရေးကော်မတီ လေးခု၊ မြေတူးစက် ခြောက်တန်လေးစီးကိုပေးအပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က လက်ခံရယူခဲ့ကြကြောင်း၊ ပြည်နယ်ဝန်ကြီးများက မြို့နယ်စည်ပင်သာယာရေးကော်မတီများအတွက် အမှိုက်သိမ်းယာဉ်၊ လမ်းကြိတ်စက်၊ ရေသယ်ယာဉ်၊ ရေပုပ်စုပ်ယာဉ်၊ ကတ္တရာဖျန်းယာဉ်တို့ကိုပေးအပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က အသီးသီးလက်ခံရယူခဲ့ကြသည်။

ယင်းနောက် မြို့တော်ခန်းမဝင်းအတွင်း ရပ်နားထားသော ယာဉ်၊ စက်၊ ယန္တရားများအား လှည့်လည်ကြည့်ရှုပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



## (၇၄) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန်**
ရေကြောင်း ရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဦးစီး၍ တပ်ဖွဲ့ဝင်အင်အား ၅၀ ဖြင့် စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီက ကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွင်းရှိ ချုံနွယ်၊ မြက်ပင်၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

**ပွင့်ဖြူ**
ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဇော်၊ မြို့မစခန်းမှူး ဒုရဲမှူး အေးဇော်နှင့် တပ်ဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် သံဃနာယက ကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ရဲဝင်းနိုင် (ညောင်ဦး)**

**မိုင်းယု**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယုမြို့နယ်မြေရဲစခန်းမှ ကြီးမှူးကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီက မြို့မရပ်ကွက် ထေရဝါဒကျောင်းအနီးရှိ အားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသည့် နဂါးနှစ်ကောင်၊ ဝန်ထမ်းပေါင်းစုံ၊ ပညာရေး၊ နယ်ခြားတပ်(က) နှင့်(ခ)၊ ရဲတပ်ဖွဲ့(က) နှင့် (ခ)၊ မြို့မလူငယ်၊ ကျောင်းဆရာများ၊ ခါဆမ်မိန်း၊ ဟိန်းကောင်းဆက်နှင့် အလုပ်သမားအသင်းဟူ၍ အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင် ကစားကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ မိုင်းယုမြို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့သို့ မေတ္တာသဇင်လူမှုကူညီရေးအဖွဲ့ အောက်ဆီဂျင်အိုးနှစ်အိုး လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံးခန်းတွင် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက အမှတ် ၂ ရပ်ကွက် မေတ္တာသဇင်လူမှုကူညီရေးအဖွဲ့က သုံးခွမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့သို့ လူမှုကရုဏာလုပ်ငန်းများ၌ အသုံးပြုနိုင်ရန်အတွက် တစ်သိန်းခွဲခန့်တန်ဖိုးရှိ အောက်ဆီဂျင်အိုးနှစ်အိုးကို (ကွယ်လွန်သူအသင်းသား) များအား ရည်စူး၍ လှူဒါန်းကြောင်း သိရသည်။

ယင်းလှူဒါန်းပွဲတွင် မေတ္တာသဇင်လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေဘော်က အဖွဲ့စတင်ဖြစ်ပေါ်လာပုံနှင့် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အောက်ဆီဂျင်အိုးနှစ်အိုးကိုလှူဒါန်းရာ ကြက်ခြေနီတပ်ဖွဲ့ခွဲမှူး ဦးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်တို့က လက်ခံယူကာ သုံးခွမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင်**

# ဂန့်ဂေါခရိုင်အတွင်း၌ သက်တမ်းလွန် စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**ဂန့်ဂေါ စက်တင်ဘာ ၂၂**
စားသုံးရန်မသင့်သည့် အစားအစာများ၊ သက်တမ်းလွန်စားသောက်ကုန်များကို ဂန့်ဂေါခရိုင်အတွင်း၌ စားသုံးသူရေးရာဦးစီးဌာနမှ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း ဂန့်ဂေါမြို့နယ်၌ သုံးကြိမ်၊ ထီးလင်းမြို့နယ်၌ လေးကြိမ်၊ ကျောက်ထုဒေသ၌ တစ်ကြိမ် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

"မီးရှို့ဖျက်ဆီးပွဲများကို စာသင်ကျောင်းဝင်းတွေမှာ ပြုလုပ်တာပါ၊ ကျောင်းတွေမှာ စားသောက်ကုန်လုံခြုံစိတ်ချရေး အသိပညာပေးဟောပြောပွဲတွေ ပြုလုပ်ပါတယ်၊ ပြီးတော့ ဆရာ၊ ဆရာမတွေ၊ ကျောင်းသားတွေကို မီးရှို့ဖျက်ဆီးစေပါတယ်" ဟု စားသုံးသူရေးရာဦးစီးဌာန ဂန့်ဂေါမြို့နယ်တာဝန်ခံ ဒေါ်စိုးယုဆွေက ပြောသည်။

စက်တင်ဘာ ၂၁ ရက်က စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲနှင့် စားသုံးရန်မသင့်သည့် အစားအစာများ၊ သက်တမ်းလွန်စားသောက်ကုန်များ မီးရှို့ဖျက်ဆီးပွဲကို ကျောက်ထုအ-ထ-က၌ ပြုလုပ်ရာ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးက စားသုံးရန်မသင့်သည့် စားသောက်ကုန်များအကြောင်း ဟောပြောကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေ၊ ကျန်းမာရေးစသည့်ဌာနများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးသည့် စားသောက်ကုန်များမှာ ကျောက်ထုမြို့တွင်းရောင်းချသည့် ဆိုင်များမှ သိမ်းဆည်းရမိသည့် သရေစာများ၊ အချိုရည်ဘူးများ အများစုပါဝင်ကြောင်း သိရသည်။ **၄၆၅**

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**တောင်ကြီး စက်တင်ဘာ ၂၂**
တောင်ကြီးတန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေးကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးစိုးညွန့်ရွှေက ကော်မတီမှဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြဆွေးနွေးပြီး လုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့၏ အထင်ကရ တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲများကို (တန်ဆောင်မုန်းလဆန်း ၈ ရက်) နိုဝင်ဘာ ၁၅ ရက်မှ (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) နိုဝင်ဘာ ၂၃ ရက်ထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်မစတင်မီနှင့် ပွဲတော်ကာလအတွင်း ပြန်ကြားရေး၊ မှတ်တမ်းတင်ရေး၊ ဖိတ်ကြားရေးလုပ်ငန်းများနှင့်အတူ ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲတွင်အသုံးပြုမည့် သီချင်း စိစစ်ရွေးချယ်ပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် ပွဲတော်နှင့်စပ်လျဉ်းသည့် စာပေဆိုင်ရာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲတွင်အသုံးပြုမည့် သီချင်းစိစစ်ရွေးချယ်သည့်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြမည့် ဒေသခံတေးရေး၊ တေးဆို အနုပညာရှင်များအနေဖြင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပွဲတော်ကာလအတွင်း အသင့်အသုံးပြုနိုင်ရန် CD/DVD များကို အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးပို့ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အလားတူ စာပေဆိုင်ရာပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည့် ပြိုင်ပွဲခေါင်းစဉ်များအား ကော်မတီမှ ပွဲတော်မတိုင်မီ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၈၁-၂၁၂၁၃၆ နှင့် ၀၉-၄၂၅၂၇၂၀၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မမ၁**

## နေပြည်တော်ရုပ်ရှင်ရုံတွင် (၂၇) ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော်ပြသလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**
ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် (၂၇) ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်ထိ ပြသလျက်ရှိသည်။

ဥရောပရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၆ ကား ပြသမည်ဖြစ်ပြီး လက်မှတ်များကို ရုပ်ရှင်ပြသရန် ၁ နာရီအလိုမှ မပြသမီ ၁၅ မိနစ်အလိုထိ ဦးရာလူစနစ်ဖြင့် အခမဲ့ ထုတ်ယူကြည့်ရှုနိုင်သည်။

ပြသမည့် ရုပ်ရှင်ဇာတ်ကားများမှာ Django (ပြင်သစ်)၊ In the Fade(ဂျာမနီ)၊ Land of Mine (ဒိန်းမတ်)၊ Amy (ဗြိတိန်)၊ Little Wing (ဖင်လန်)၊ Breaking the Limits (ပိုလန်)၊ The Wave (နော်ဝေ)၊ The Divine Order (ဆွစ်ဇာလန်)၊ A Serious Game (ဆွီဒင်)၊ Mother Knows Best (ပေါ်တူဂီ)၊ appy 140 (စပိန်)၊ Boys (နယ်သာလန်)၊ Perfect (အီတလီ)၊ Apples from the Dersert (အစ္စရေး)၊ Beigian Rhapsody (ဘယ်လ်ဂျီယံ) တို့ ဖြစ်သည်။

ယင်းဥရောပရုပ်ရှင်ပွဲတော်ကို ရုပ်ရှင်အနုပညာရှင်တွေအနေနဲ့ရော အနုပညာကို စိတ်ဝင်စားတဲ့ ပရိသတ်တွေပါ လာရောက်ကြည့်ရှုသင့်ကြောင်း ရုပ်ရှင်သရုပ်ဆောင် ဇာဏ်ခီက ပြောသည်။

"သူတို့ရဲ့ မတူတဲ့တင်ဆက်မှုတွေ တွေ့ရမယ်။ သူတို့ရဲ့ ဥရောပမှာရှိတဲ့ ယဉ်ကျေးမှုပေါ့နော်။ ယဉ်ကျေးမှုတွေ လေ့လာခွင့်ရှိတယ်။ ရုပ်ရှင်သမားအနေနဲ့ဆိုရင်လည်း သူတို့ရဲ့ ရိုက်ကူးပုံတွေ၊ ကွာခြားပုံတွေ၊ ပြောမယ်ဆို သူတို့က ဟောလိဝုဒ်နဲ့လည်း မတူပြန်ဘူး။ သူတို့ထုတ်လုပ်မှုတွေက lighting ထိုးဖို့ story stracture တည်ဆောက်ပုံတွေကအစ လုံးဝကွာတယ်။ နည်းနည်းအနုပညာဘက်ကို ပိုပြီးတော့ ဇောင်းပေးတယ်။ လူတွေကို ဖျော်ဖြေတာထက်စာရင် အနုပညာမြောက်ဖို့ကို ပိုပြီးတော့ ဇောင်းပေးကြတယ်။ စိတ်ဝင်စားဖို့ ကောင်းတယ်။ အဲဒါကြောင့် ကြည့်သင့်ပါတယ်။ အားလုံးအပြေးအလွှား လေးပေါ့နော်။ အချိန်ပေးပြီးတော့ လာပြီးတော့ ကြည့်သင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် Goethe Institute Myanmar တို့က ကြီးမှူးကျင်းပပြီး ဥရောပ ၁၆ နိုင်ငံမှပူးပေါင်းပါဝင်တင်ဆက်ထားကြောင်း သိရသည်။

SMW

## မဒေါက်မြို့တွင် လျှပ်စစ်ဓာတ်အားပိုမိုကောင်းမွန်ရေး ဆောင်ရွက်

**မဒေါက် စက်တင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီးဘတ်ဂျက်ဖြင့် မဒေါက်မြို့၌ မြို့တွင်းလျှပ်စစ်ဓာတ်အားပေးမှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန် ဓာတ်အားခွဲရုံတိုးချဲ့ခြင်း၊ ကွန်ကရစ်တိုင်များလဲလှယ်ခြင်းနှင့် မီးကြိုးဟောင်းများအား ကာဘာကြိုးများဖြင့်လဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွင်နေကြောင်း မဒေါက်မြို့လျှပ်စစ်မှူးရုံးမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးမိနီဘတ်ဂျက်ဖြင့် ဆောင်ရွက်ရာတွင် မြို့မ(၁)ရပ်ကွက် ကျောင်းဟောင်းလမ်းဆုံ၌ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အသစ်ပြုလုပ်ခြင်း၊ မြို့မ(၂) တံခွန်တိုင်ပိုင်း၌ ကိုယ့်အားကိုယ်ကိုး ၄၀၀ ဗို့လိုင်းပေ ၁၃၀၀ တည်ဆောက်ရာတွင် လိုအပ်နေသော ကြေးကြိုး၊ ကြွေသီးနှင့် လက်တန်းများဝယ်ယူတပ်ဆင်ခြင်း၊ ကမ်းနားလမ်း၌ ကွန်ကရစ်တိုင် ၁၁ တိုင်၊ သံလက်တန်းနှင့် ကာဘာကြိုးပေ ၁၇၆၀ လဲပေးခြင်း၊ ငွေသောင်ယံ(၂)လမ်း၌ ကွန်ကရစ်တိုင်ခြောက်တိုင်၊ သံလက်တန်းနှင့် ကာဘာကြိုးပေ ၇၅၀ လဲပေးခြင်း၊ ဈေးပိုင်း၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတွင် တိုင်နှစ်တိုင်နှင့် ဆက်စပ်ပစ္စည်းများလဲခြင်းနှင့် မင်းလမ်း၌ သံတိုင်များအား ကွန်ကရစ်တိုင် ၂၆ တိုင်၊ သံလက်တန်းနှင့် ကာဘာကြိုးပေ ၄၇၀၀ လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း မဒေါက်မြို့လျှပ်စစ်မှူး ဦးဝင်းညွန့်၏ ပြောကြားချက်အရ သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**



မှုခင်းရေးရာ အဖြာဖြာ

## ဝမ်ကျိုင်းကျေးရွာ ဘုန်းကြီးကျောင်းပိုင် ဆိုင်ကယ်ခိုးယူမှုဖြစ်ပွား

**မိုင်းယု**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ ဝမ်တာကြန့်ကျေးရွာအုပ်စု ဝမ်ကျိုင်းကျေးရွာအဆင်းလမ်းအနီး လယ်တွင်အလုပ်လုပ်ကိုင်နေသူ (မိုင်းယုမြို့နေ) ဦးအိုက်ကောင်းအား ဝမ်ကျိုင်းကျေးရွာ ကျောင်းထိုင်ဆရာတော်မှ ဘုန်းကြီးကျောင်းနှင့် ကိုးမိုင်ခန့်အကွာတွင်ရပ်ထားသည့် ယိုးဒယားနိုင်ငံထုတ် Honda Dream 110 (အနက်ရောင်)၊ နံပါတ်မပါ ကျောင်းပိုင်ဆိုင်ကယ်အား အမည်မသိ လိမ္မော်ရောင်အင်္ကျီလက်တို ဝတ်ဆင်ထားသောလူတစ်ဦးမှ ခိုးယူမောင်းနှင်ထွက်ပြေးသွားကြောင်းပြောပြသဖြင့် ဦးအိုက်ကောင်း၊ တစ်ရွာတည်းနေ ဦးအိုက်အင်နှင့် မိုင်းယောင်းမြို့နယ်ရဲစခန်းမှ ဟွေထမ်းကျေးရွာမှ ကင်းလှည့်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းရှာဖွေခဲ့ရာ မိုင်းဖြတ်-မိုင်းယောင်းသွားလမ်း မုန်းလိုက်တံတား လုံခြုံရေးနှင့် စစ်ဆေးရေးဂိတ်တွင် ကျိုင်းတုံမြို့နယ် မိုင်းဇင်းအုပ်စု ယန်းလူးလမ်းခွဲအနီးတွင်နေထိုင်သူ မောင်နာတာလည်(ခ)ရာပါ ဖြစ်သူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်ခိုးယူသူ မောင်နာတာလည်(ခ)ရာပါအား မိုင်းယုနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## သေစေရန် ရည်ရွယ်ချက်ဖြင့် ဟင်းအိုးအတွင်း အဆိပ်ခတ်မှုဖြစ်ပွား

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပေါ့မိုင်းရပ်ကွက် အုပ်စု ၈ တွင် ဟင်းအိုးအတွင်းငါးအဆိပ်ချရာတွင် အသုံးပြုသောအဆိပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ပေါ့မိုင်းရပ်ကွက် အုပ်စု ၈ နေ ဒေါ်ပါဆွမ့်၏ ခင်ပွန်းဖြစ်သူ လုံးပွဲသည် ငါးဟင်းအိုးအတွင်းသို့ ထိုင်းစာတန်းပါ ငါးအဆိပ်ခတ်ရာတွင် အသုံးပြုသော အဆိပ်များခတ်ထားမှုကြောင့် ငါးဟင်းစားမိသူ မိသားစုဝင် ဒေါ်ပါဆွမ့်၊ စိုင်းအိန္တနှင့်စိုင်းကြာတို့သုံးဦးမှာ (မစိုးရိမ်ရ)ဖြင့် မိုးနဲ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိပ်ခတ်သူ လုံးပွဲ ၆၄ နှစ်အား မြို့မရဲစခန်းက (ပ)၉/၂၀၁၈၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၃၂၈ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မမ၁**

## မိုးကောင်းမြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**မိုးကောင်း**
မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ၌ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ ရဲအုပ်မျိုးမင်းထွန်း ဦးစီးအဖွဲ့သည် ပင်းဘောနယ်မြေရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် အောင်အောင်လတ်၊ သက်သေများနှင့်အတူ သတင်းအရ ဒေါ်ညွန့်မြိုင် ၄၉ နှစ်၏ နေအိမ်သို့ စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်မီးဖိုဆောင်အတွင်း ခုတင်ပေါ်ရှိ ဖျာအောက်တွင် အဖုံးပိတ်ကော်ဘူးနှစ်ဘူးနှင့် ပုလင်းအတွင်းထည့်ထားသည့် ဖြူ/ဝါဘိန်းဖြူမှုန့်ဟု ယူဆရသော ၄ ဒသမ ၅ ဂရမ်ကို တွေ့ရှိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အလုပ်ရုံဆွေးနွေး

**ဘိုကလေး စက်တင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်ထိ ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"လက်ရှိဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များ၊ မြေစစ်အမှုတွဲများရဲ့ အခြေအနေများကို လုပ်ဆောင်ရမယ့်အဆင့်တွေ သေချာစွာသိရှိဖို့နဲ့ စစ်ဆေးရာမှာလည်း အဂတိတရားကင်းရှင်းပြီး ဗဟိုမြေစစ်ကော်မတီရဲ့ မူဝါဒ ၅၂ ရပ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ပါတယ်။ မြေစစ်အမှုတွဲများဆောင်ရွက်ကြရာမှာ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ရပ်အပေါ် စဉ်းစားရမှာဖြစ်ပြီး သာမန်ဆောင်ရွက်နေရုံဖြင့် အချိန်မီပြီးနိုင်ရန် ခက်ခဲသောကြောင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မြေစစ်အဖွဲ့များမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါတယ်၊ ယခင်စိစစ်ပြီးသားတွေကို လုပ်ငန်းဆောင်ရွက်ကြသူများက မူဝါဒအပေါ်မှာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ဖို့ အခက်အခဲရှိခဲ့လို့ မကြာသင့်တာတွေ ကြာခဲ့ရတာပါ။ ယခုလက်ရှိအခြေအနေမှာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က မူဝါဒအပေါ်ရပ်တည်ပြီး အဂတိကင်းရှင်းပါက အမှန်အတိုင်းသုံးသပ်ဆုံးဖြတ်နိုင်ကြောင်း လမ်းညွှန်ခဲ့တဲ့အပေါ်မှာ မိမိတို့မြို့နယ်အနေနဲ့ မူဝါဒနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်မြေစစ်ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

ဆွေးနွေးပွဲတွင် မြို့နယ်မြေစစ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗဟိုမြေကော်မတီ၏ မူဝါဒနှင့်အညီ အဆင့်အလိုက် လက်တွေ့စစ်ဆေးဆောင်ရွက်ခြင်းနှင့် သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဘိုကလေးမြို့နယ် မြေစစ်ကော်မတီမှ မြေစစ်တိုင်ကြားစာပေါင်း ၃၃၀ လက်ခံရှိရရှိထားကြောင်း သိရပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် လေးရက်ကြာကာလအတွင်း ဘိုကလေးမြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု မြေစစ်ကော်မတီမှ စစ်ဆေးရမည့်တိုင်ကြားစာများကို အဆင့်ဆင့် လက်တွေ့စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ မြို့နယ်အဆင့်လိုက် လက်ခံရရှိထားသည့် မြေစစ်အမှုတွဲများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း နောက်ဆုံးထား စိစစ်တင်ပြကြရန် လမ်းညွှန်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# မြို့နယ်ချင်းဆက်လမ်းများ ဖောက်လုပ်လျက်ရှိ

**စစ်ကိုင်း စက်တင်ဘာ ၂၂**
ယနေ့နိုင်ငံတော်အစိုးရသည် အမိနိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့်လမ်းပန်းဆက်သွယ်ရေးကောင်းစေရန်အတွက် ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများကိုအရှိန်ဟုန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့တွင်လည်း မြို့နယ်ချင်းဆက်လမ်းပိုင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အင်းတော်မြို့နယ် သီလကျေးရွာနှင့် ဗန်းမောက်မြို့နယ် သောင်ကြီးကျေးရွာ နှစ်မိုင်အရှည်လမ်းပိုင်းကို ငွေကျပ်သန်း ၆၁၁၈၀ ဖြင့်လည်းကောင်း၊ အင်းတော်မြို့နယ် ညောင်ပင်ဆိပ်ကျေးရွာနှင့် ဗန်းမောက်မြို့နယ် မံထုံကျေးရွာသို့ (၇-၆) မိုင် အရှည်လမ်းပိုင်းကို ငွေကျပ်သန်း ၂၄၄၇၅၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကုန်ကျခံ၍ ဂျင်းတင်မြေသားလမ်းအကျယ် ပေ ၃၀ မှ ပေ ၄၀ ကို ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းပိုင်းများ အလျင်အမြန်ပြီးစီးရေး စက်ယန္တရားများဖြင့် ဆောင်ရွက်နေပြီး ဗန်းမောက်မြို့နယ်နှင့် ဝန်းသိုမြို့နယ်ချင်းဆက်လမ်းပိုင်းကိုလည်း န. တ. လ မှ တာဝန်ယူ၍ အရှည်ခုနစ်မိုင်ဖောက်လုပ်ခဲ့ပြီး အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်လမ်းပိုင်းကို ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်ချင်းဆက်လမ်းပိုင်းများ ဖောက်လုပ်ပြီးစီးသွားပါက အင်းတော်၊ ဗန်းမောက်၊ ဝန်းသို သုံးမြို့နယ်သည် ကွန်ရက်သဖွယ်ရှိပြီး တစ်မြို့နယ်နှင့်တစ်မြို့နယ် အချိန်မရွေး၊ ရာသီမရွေး လွယ်လင့်တကူ သွားလာနိုင်သောကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို အထောက်အကူပြုကာ ခရီးသွားလုပ်ငန်းများတွင်လည်း ယခင်ကထက် ပိုမိုကောင်းလာနိုင်မည်ဖြစ်သဖြင့် အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်နေပြည်သူများ ဝမ်းသာနေကြကြောင်း ကြားသိရသည်။

အင်းတော်နှင့် ဗန်းမောက်မြို့နယ်ချင်းဆက်လမ်း လျင်မြန်စွာပြီးစီးနိုင်ရေးအတွက် မြို့နယ်နှစ်မြို့နယ်မှ စီမံခန့်ခွဲရေးဥက္ကဋ္ဌနှင့်အဖွဲ့များ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ညောင်ဦးတွင် လက်နက်ငယ်များ စနစ်တကျကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး(မွမ်းမံ)သင်တန်းဆင်း

**ညောင်ဦး စက်တင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်အတွင်းရှိ တပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုရဲလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန်နှင့် လက်နက်ငယ်များ ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် လက်နက်ငယ်များ စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေလင်းက ပို့ချသင်ကြားပေးခဲ့သော အခြေခံလက်နက်ငယ်များ စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းပညာများကို လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရာတွင် လက်တွေ့အသုံးချ ဆောင်ရွက်သွားကြရန်နှင့် ပြည်သူ့အကျိုးပြု ရဲလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ လက်နက်ငယ်များ စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းကို ခရိုင်အတွင်းရှိ တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၅၀ စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ခဲ့ပြီး အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ၂၁ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောင်းသား ကျောင်းသူများ စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာအုပ်စာစောင်များ ပိုမိုလေ့လာဖတ်ရှုနိုင်ရန် စာဖတ်ရိုန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

**ဒီမော့ဆို စက်တင်ဘာ ၂၂**
ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အသင်းဝင်ထားသော ကျောင်းသား၊ ကျောင်းသူများ စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာအုပ်စာစောင်များကို ပိုမိုလေ့လာဖတ်ရှုနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြီးဒဲရယ်က မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ နေ့စဉ်နှင့်အမျှ စာအုပ်စာစောင်များကို လာရောက် ငှားရမ်းဖတ်ရှုလျက်ရှိပြီး စာကြည့်တိုက်များ ကောင်းစွာအသုံးပြုတတ်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ စာပေနှင့် ရင်းနှီးကျွမ်းဝင်ကာ စာအုပ်စာစောင်များ ပိုမိုလေ့လာဖတ်ရှုနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် အသင်းဝင်ထားသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေသော စက်တင်ဘာ ၁၅ ရက် ဒို့ကျေးရွာဂျာနယ် အတွဲ-၁၅၊ အမှတ်-၁၈ တွင် ပါဝင်သော ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေးနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်ရေး ပိုမိုထိရောက်စွာဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ရာ အကြောင်းအရာတွင် ပါဝင်သောအချက်များအား ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**



# သမီးလေးရဲ့ ဓာတ်ပုံကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသလာတဲ့ လီဒေါင်ဂန်နဲ့ ဂျီယွန်ဟီး



တောင်ကိုရီးယားရဲ့ နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား လီဒေါင်ဂန်နဲ့ မင်းသမီး ဂျီယွန်ဟီးတို့ဟာ သမီးဖြစ်သူကို မွေးခဲ့တာ ကိုးလခန့် ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် လတ်တလောမှာမှ သမီးငယ်လေးရဲ့ဓာတ်ပုံကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၁ ရက်နေ့မှာတော့ လီဒေါင်ဂန်က သူ့သမီးလေးရဲ့ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံရဲ့အောက်မှာတော့ သူက "အတော်လေးကြာခဲ့ပြီးနောက်မှာတော့ ပရိသတ်တွေကို ပထမဆုံးအကြိမ် နှုတ်ဆက်လိုက်ပါတယ်" လို့ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒ့ါအပြင် မင်းသားက သူဟာ ရုပ်ရှင်သစ်ကို လက်ခံရိုက်ကူးပေးနေကြောင်းလည်း ပရိသတ်ကို တစ်ပါတည်း အသိပေးပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

ဆက်လက်ပြီး မင်းသားက သူ့ရဲ့ သမီးလေးကို ရိုအာလို့ အမည်ပေးထားကြောင်း၊ အသက် ကိုးလအရွယ်ရှိပြီဖြစ်ကြောင်းနဲ့ ဇနီးဖြစ်သူဟာလည်း ကလေးပြုစုစောင့်ရှောက်တဲ့နေရာမှာ အတော်လေးကျွမ်းကျင်လာပြီဖြစ်ကြောင်းလည်း ဆက်လက်ဖော်ပြခဲ့ပါတယ်။

ဂျီယွန်ဟီးကလည်း သူ့ရဲ့သမီးဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ လီဒေါင်ဂန်နဲ့ ဂျီယွန်ဟီးတို့ဟာ သူတို့ရဲ့ သမီးဦးလေးကို ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မျက်နှာမြင်ခွင့်ရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## ပြန်လည် တွေ့မြင်ရဦးမယ့် Goblin စုံတွဲ

တောင်ကိုရီးယားရဲ့ တကယ့်ကို ကျော်ကြားခဲ့တဲ့ ဇာတ်လမ်းတွဲ "Goblin"မှာ ဇာတ်ဆောင်တွေအဖြစ် ပါဝင်ခဲ့ကြတဲ့ မင်းသား လီဒေါင်ဝတ်နဲ့ မင်းသမီး ယိုအင်နာတို့ကို ရုပ်သံဇာတ်လမ်းတွဲသစ်မှာလည်း ပြန်လည်တွဲဖက်ကာ တွေ့မြင်ရဦးမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရုပ်ရှင်အသိုင်းအဝိုင်းမှ သတင်းရင်းမြစ်တွေရဲ့ ထုတ်ဖော်ပြောကြားချက်အရ tvN ရုပ်သံလိုင်းရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် "The Reach of Sincerity"မှာ အဓိကဇာတ်ဆောင်တွေအဖြစ် မင်းသား လီဒေါင်ဝတ်နဲ့ မင်းသမီး ယိုအင်နာတို့ တွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းတွဲဟာ အလွန်ကို ကျော်ကြားတဲ့ မင်းသမီးတစ်ဦးနဲ့ သူ့ရဲ့ အောင်မြင်မှုတွေ ကျဆုံးသွားချိန်မှာ တွေ့ဆုံခဲ့ရတဲ့ ရှေ့နေတစ်ဦးတို့အကြားက အချစ်ဇာတ်လမ်းကို ပုံဖော်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ကုလသမဂ္ဂအထွေထွေညီလာခံကို တက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရတဲ့ BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ လတ်တလောကျင်းပနေတဲ့ ကုလသမဂ္ဂရဲ့ အထွေထွေညီလာခံကို တက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကုလသမဂ္ဂအထွေထွေညီလာခံကို ပြီးခဲ့တဲ့ စက်တင်ဘာ ၁၈ ရက်က စတင်ကျင်းပခဲ့တာဖြစ်ပြီး လာမယ့် စက်တင်ဘာ ၂၄ ရက်မှာ ပြုလုပ်သွားမယ့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မယ့် "Generation Unlimited" အစီအစဉ်မိတ်ဆက်ခြင်းအခမ်းအနားကို တက်ရောက်ရမှာဖြစ်ကြောင်း ကုလသမဂ္ဂဘက်က ပြောကြားချက်များကို ကိုးကားကာ အဆိုပါ မီဒီယာက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ "BTS"အဖွဲ့တက်ရောက်သွားမယ့် အခမ်းအနားကိုတော့ စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် ည ၁၂ နာရီမှာ ကုလသမဂ္ဂဌာနချုပ်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

RUBY MART
8th Anniversary
Big Big Lucky Draw
လက်မလွှတ်သင့်သည့် အခွင့်အရေး
ကံစမ်းမဲကာလ (၁.၁၀.၁၈ မှ ၃၀.၁၁.၁၈)
Slip တစ်စောင်ထဲကျပ် ၃၀,၀၀၀/- ဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက်
Lucky Draw Coupon တစ်စောင် ရယူကံစမ်းနိုင်ပြီနော်...
ကျပ်သိန်း (၂၀) တန်ဖိုးရှိ ရွှေသားဆု




No. 294/304,Corner Of Pansodan Street & Bogyoke Street, Kyauktada Tsp,Yangon. Tel: 01-8398246.



ဘဝမှာ low profileနဲ့ နေတာလေးက ကိုယ့်အတွက် အန္တရာယ်ကင်းပါတယ်။ စိတ်အေးချမ်းမှုကိုလည်း ရပါတယ်။ ကြိုက်သူ မကြိုက်သူတွေ မရှိရာ low profile နဲ့နေတာလေးကလည်း အန္တရာယ်ကင်းတဲ့ အေးချမ်းတဲ့ ဘဝလေးတစ်ခုပါပဲ။

ရဝေနွယ်(အင်းမ)
စိတ်ညစ်ရမယ့်စကားများ
မပြောပါနဲ့လား

ထွက်ပြီ

News Watch စောင်ကြည့် သတင်းဂျာနယ်နှင့် စံတော်ချိန်သတင်းစာ တို့တွင် ဖော်ပြခဲ့သော ဆောင်းပါးများ

တန်ဖိုး-၁၂၀၀ကျပ်

ဖြန့်ချိရေး- ၀၉- ၂၅၇ ၂၅၂၅၇၇၊ ပင်ရင်း- ဖုန်း-၀၉-၇၃၀ ၂၆၆၇၄၊ ၀၉-၇၃၁ ၀၁၆၃၄

## ဖိတ်ကြားလွှာ

i-Land Park Myanmar Ltd အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီး ကျေးရွာအတွင်း၌ i-Land Industrial Estate စီမံကိန်းအကောင်အထည် ဖော်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment) လုပ်ငန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြခြင်းနှင့် အများပြည်သူများ၏ သဘောထားခံယူပွဲ (Public Hearing Meeting)ကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(ဆက်သွယ်ရန် 09-971022111)

ရက်စွဲ။ ။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)
၁၃၈၀ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂)ရက်
အချိန်။ ။ နံနက်(၁၀း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ
နေရာ။ ။ သီရိဟံသာခန်းမ၊ ပဲခူးမြို့။

## စီးပွားဖြစ်မှိုမျိုးစုံမွေးမြူစိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ်(၅/၂၀၁၈) - (၁၀-၁၀-၂၀၁၈)မှ (၁၆-၁၀-၂၀၁၈)ထိ
(ခ) သင်တန်းချိန် - (၉း၀၀)နာရီမှ (၄း၀၀)နာရီထိ
၂။ သင်ကြားပို့ချမည့်ဘာသာရပ်များ - မှိုမျိုးစုံမွေးမြူစိုက်ပျိုးနည်း
၃။ သင်တန်းကြေး - အခမဲ့ (သင်တန်းကာလတွင်ဌာနမှ သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်ပြုပါမည်။)
၄။ စားစရိတ်၊ သင်တန်းမှတ်စု၊ လက်တွေ့ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်နှင့်ပြင်ပမှိုခြံလေ့လာရေး- ၃၅၀၀၀/-ကျပ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ကော်ဖီ-ရာသီသီးနှံဌာနခွဲ
ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (၁၀မိုင်)သင်တန်းကျောင်း
ဟံသာဝတီဂေါက်ကွင်းရှေ့၊ ပဲခူးမြို့နယ်။

ဆက်သွယ်ရန်
-၀၉-၇၇၅၀၈၂၈၂၄၊ ၀၉-၄၂၀၀၆၂၃၉၃၊ ၀၉-၂၅၄၂၃၇၇၈၉၊ ၀၉-၄၂၀၃၇၇၁၁၅

### အမြန်ရောင်းမည်

လှိုင်သာယာ၊ အဆင့်မြင့်ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ (၆၀×၅၀)မြေကွက်
09-264590106

### Air-Con

အဟောင်း/အပျက်များ ဈေးကောင်းပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၇၃၀၉၅၉၅၀၊ ၀၉-၇၆၅၀၈၅၈၅၀

### ကားမောင်းသင်ပေးသည်

အိမ်တိုင်ရာရောက်၊ အိမ်စီးကားများအတွက်၊ အမျိုးသမီးသီးသန့်
ဖုန်း-၀၉-၇၉၅၂၅၈၆၈၃
၀၉-၇၉၅၂၅၁၇၀၇

### အမည်ပြောင်း

ဦးရဲမင်းထွန်း၏သမီး အထက(၂) ဗဟန်း၊ နဝမတန်း(F)မှ မကြယ်စင်လင်းထွန်းအား ယနေ့မှစ၍ မချမ်းမြေ့ခင်ဟု ပြောင်းလဲခေါ်ပါရန်။
မချမ်းမြေ့ခင်

### မွေးသက္ကရာဇ်အမှန်

ကွမ်းခြံကုန်းမြို့နယ်၊ တော်လန်းရွာနေ အဖ ဦးချိန်၏သား ဦးမြင့်ဖေ၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၆-၁၉၆၀ဖြစ်ပါသည်။

STI MYANMAR UNIVERSITY
ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

မြန်မာနိုင်ငံသို့ ဂုဏ်ယူစွာဖြင့် ယူဆောင်လာပါသည်
လူကြိုက်အများဆုံးနှင့် အထူးပြုဘာသာရပ် အစုံလင်ဆုံး MBA Program

- MBA General
- MBA Hospital and Health Services
- MBA Marketing
- MBA Finance
- MBA Human Resource
- MBA Digital Technology
- MBA Logistics and Supply Chain
- MBA Oil and Gas Management



WORLD CLASS DEGREE IN PARTNERSHIP WITH
University of Bedfordshire

USD 3,000
ပညာသင်ဆု ရရှိမည့် အခွင့်အရေး

Program အသေးစိတ်ကို www.stiedu.net တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။
အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၉၅၅ ၁၂၃၄ ၄၆ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ-၁၅/၁၆၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄

https://www.facebook.com/STIMyanmarUni
www.stiedu.net

CALIFORNIA UNITEC
Institute of Engineering
Edinburgh Napier UNIVERSITY

2018 October Intake အတွက် Civil Engineering ကို တက်ရောက်မည့် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။

- မြန်မာပြည်တွင် Napier University (UK) မှ ဘွဲ့လက်မှတ်အတိုင်း ထပ်တူရရှိနိုင်မည့် Civil Engineering တက္ကသိုလ်။
- Napier University (UK) မှ Professor များ ကိုယ်တိုင် လာရောက်သင်ကြားပေးနေပါသည်။
- ပြည်တွင်းပြည်ပ Site များသို့ ပါ သွားရောက်လေ့လာနိုင်ပါသည်။
- Napier University(UK) သို့ သွားရောက်ပြီး ဘွဲ့ အခမ်းအနားကို တက်ရောက် ယူနိုင်ပါသည်။
- တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ၊ Foundation မှ စတင်၍ Napier University(UK) မှ ပေးအပ်သော BEng(Hons),MSc, MEng ဘွဲ့ များကို မြန်မာပြည်ရှိ California Unitec တွင် တက်ရောက်နိုင်ပါသည်။
- အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက California Unitec (Institute of Engineering), Block C နှင့် Block D ကြား၊ 3F (တတိယထပ်) ပုလဲကွန်ဒို၊ ကမ္ဘာ့အေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၀၉၂၅၀ ၅၅၅ ၅၅၈၊ ၀၉ ၂၅၀ ၅၅၅ ၅၅၉၊ ၀၉ ၂၅ ၈၀၀၀ ၃၀၀။
www.facebook.com/californiaunitec




မူးလျှင်ရှူ-မောလျှင်သောက်
ရွှေမြင်းမိုရ်
အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR000849(0519)
အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်မြိုက်စွာအိပ်မပျော်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသား အရေရိုပြေမှုကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊ မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး – အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ဖုန်း – ၀၁–၃၇၆၀၀၈၊၅၄၉၀၄၂၊၅၃၉၀၀၃၄၊၀၉–၈၅၃၈၄၅၃

ACE® PE WATER TANK
WITH HI-TECH



သန့်ရှင်းခေတ်မီ ACE ရေတိုင်ကီ
- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူး သင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယား ကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်




HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။
Ph: 01-3684743, 09-450048469, 09-443094221
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

Home Since 1996
ပါကေးအခင်းထိုး ကြမ်းခင်း
Grade အလိုက် ရွေးချယ်လိုက်
16~ 30.9.2018

| Grade A | Grade B | Grade C | Grade D | Grade E |
| --- | --- | --- | --- | --- |
| ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် |
| Shoe rack | Side Table | Glass Mirror | Book Shelf | Wall Covering (1) လိပ် |



အောင်ဆန်းကွင်းဆိုင်ခွဲ
အမှတ် F(2~8) ဝ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
သဃ်န်းကျွန်းဆိုင်ခွဲ
အမှတ်(E-11A) လေးဒေါင့်ကန်လမ်း၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
အင်းစိန်ဆိုင်ခွဲ
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ ဆေးရုံ မှတ်တိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
09-950 950 950
09-79 700 70 70

အစာကြေဆေးကောင်းကောင်း သုံးစွဲလိုသူများအတွက်
လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လိုက်သော...
သုခအောင် အမှတ်တံဆိပ်
အစာကြေဆေးပြား



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012356 (0919)
တဆဓက စာနယ်ဇင်း ၂၂၄/၀၁၁၈
- ပင်ရင်း -
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအမှတ် ၄၄၉ (၅)လွှာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၉၂၃၅၈၀၈ ၊ ၀၉ ၂၆၁၉၉၃၆၅၃ ၊ ၀၉ ၄၂၂၄၄၃၈၄၅

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ်(၂၂/ခ)၊ မြေအကျယ်ပေ(၁၂×၆၀)ရှိ မြေနှင့်အိမ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးအေးလွင်၊ ဒေါ်အေးအေးမြတ်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းမင်းသန်း(LL.B)** / **(စဉ်-၁၀၆၉၁)** / **တရားလွှတ်တော်ရှေ့နေ**

**ဦးမြအေး(H.G.P)** / **(စဉ်-၁၈၇၃၂)** / **အထက်တန်းရှေ့နေ**

**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ ဆရာစံ ရပ်ကွက်၊ စက်မှု(၁)လမ်း၊ (ရန်ကင်းအိမ်ရာစခန်း)၊ တိုက်အမှတ်(၃၈၇)၊အခန်းအမှတ်(၂၃) (၄လွှာ)၊အကျယ်အဝန်း(၁၀၀၀စတုရန်းပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နိုင်နိုင်မိုး (၁၂/ဗဟန (နိုင်)၀၄၇၄၄၂) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး / LL.B, D.B.L, D.I.L., / တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

ဦးထိန်လင်းသန်း / LL.B, D.B.L, D.I.L, D.M.L, / တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂)

Hein Htet San Law Firm ဖုန်း– ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

# ရွှေကျင်မီးမျှောရေသဘင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရွှေကျင် စက်တင်ဘာ ၂၂**

စဉ်ဆက်မပြတ်ကျင်းပခဲ့သည်မှာ ၁၆၇ ကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်သော ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ မီးမျှောပူဇော်ပွဲတော်ကို ယခုနှစ်တွင်လည်း ပျော်ရွှင်ဖွယ်အစီအစဉ်သစ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မီးမျှောပူဇော်ပွဲ ဖြစ်မြောက်ရေးဗဟိုကော်မတီဝင် ဦးသိန်းလွင်က ပြောကြားသည်။

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက်အထိ (အောက်တိုဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ) ကျင်းပမည်ဖြစ်သော ရွှေကျင်မြို့ သီတင်းကျွတ်ပွဲတော်နှင့် ရှင်ဥပဂုတ္တမထေရ်မြတ် မီးမျှောပူဇော် ရေသဘင်ပွဲတော်တွင် နှစ်စဉ်ပါဝင်မြဲ ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲများအပြင် ဘောလုံးအားကစားပြိုင်ပွဲပါ ထည့်သွင်း၍ ဆုကြေးငွေများ ချီးမြှင့်မည်ဟု သိရသည်။

ပွဲတော်လာပရိသတ်များ ဘေးအန္တရာယ်ကင်းဝေး၍ ရေရှည်တည်တံ့နိုင်အောင် ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်ကို

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ✳**



ယမန်နှစ်က ကျင်းပသော ရွှေကျင်မြို့ သီတင်းကျွတ်ပွဲတော်နှင့် ရှင်ဥပဂုတ္တမထေရ်မြတ် ရေမျှောပူဇော်ပွဲ မြင်ကွင်း။



## (၄၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်က ဝဏ္ဏသိဒ္ဓိအားကစားလက်ဝှေ့ရုံ၌ ကျင်းပသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင်အသင်း ယနေ့ယှဉ်ပြိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုနောက်ဆုံးပွဲများကို စက်တင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် တက်ရောက်နိုင်ရန် အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။ အုပ်စု(င) နောက်ဆုံးနေ့အဖြစ် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် အိမ်ရှင်နီပေါအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အိမ်ရှင်နီပေါအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဖိလစ်ပိုင်အသင်းက အိမ်ရှင်နီပေါအသင်းကို လေးဂိုးပြတ်၊ မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် တွေ့ဆုံသည့်နောက်ဆုံးပွဲမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရရန် အဆုံးအဖြတ်ပွဲဖြစ်လာပြီး ဂိုးကွာခြားချက်တွင် ဖိလစ်ပိုင်အသင်းထက် များစွာအသာရထားသောကြောင့် သရေကျရုံဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြန်မာနှင့်ထိုင်း ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲကစားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းနှင့် အောက်တိုဘာ ၅ ရက်နှင့် ၇ ရက်တို့တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် စင်ကာပူအမျိုးသမီးအသင်း စက်တင်ဘာလအတွင်းက ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားစဉ်။



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

စက်တင်ဘာ ၂၃၊ ၂၀၁၈ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## ဆူးကြယ်စင်

### အခန်း ၁

တောမကျ မြို့မကျ ဖွံ့ဖြိုးဆဲရွာလေး တစ်ရွာ။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မီးရထား၊ ကား၊ ဆိုင်ကယ် စသည်တို့နှင့် ကူးသန်းရလွယ်ကူသော ဒေသလေး။ ထိုဒေသလေးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်သူများနှင့် ပြောင်းရွှေ့နေထိုင်လာကြသူများဖြင့် စည်ကားလျက်ရှိသည်။ ထိုလူများသည် အသက်မွေးဝမ်းကျောင်းဖြစ်သော ဒေသရင်းမြစ်ဖြစ်သည့် ရွှေတူးဖော်ရေးလုပ်ငန်းကိုသာ ဇောက်ချလုပ်ကိုင်ကြ၏။ ဒေသခံဟူ၍ တိုင်းရင်းသားလူမျိုးစုအနည်းငယ်သာရှိသည်။ သို့သော် ရေကြည်ရာမြက်နုရာရှာဖွေရင်း ပြောင်းရွှေ့နေထိုင်လာသူများကြောင့် လူဦးရေ အနည်းငယ် ထူထပ်သော ရွာလေးတစ်ရွာလည်း ဖြစ်သည်။

"မညို ဈေးလား"

"ဟုတ်ကဲ့ မမြိုင် ဈေးသွားမလို့"

"အေး ဒါဆို ငါ့ကို ပဲပေါင်း နှစ်ရာဖိုးနဲ့ ချဉ်ပေါင်ရွက်တစ်ရာဖိုးလောက် ဝယ်ပေးခဲ့ပါဦးအေ"

"အော် ဟုတ်ကဲ့ မမြိုင်"

မမြိုင်ပေးလာသော ငွေသုံးရာကိုလှမ်း၍ ယူလိုက်သည်။

"ငါတော့ ဒီနေ့ဈေးကို မထွက်နိုင်ဘူး မညိုရယ် မနေ့ကအိမ်ကလူ အလုပ်က ပိုက်ဆံထုတ်မရလို့တဲ့ ဈေးဖိုးနှစ်ထောင်ပဲပေးတယ်။ ဆန်ကတစ်ပြည်ဝယ်တော့ ကျန်ရှစ်ရာက ကလေးမုန့်ဖိုး ငါးရာနဲ့ ဟင်းဖိုး သုံးရာပဲကျန်တယ်။ ဒီတော့ ပဲနဲ့ အချဉ်ဟင်းပေါ့အေ ဟင်"

သူ့အိမ်တွင်းအခက်အခဲကို ဟာသလေးနှောပြီး ပြောလာသော မမြိုင်ကြောင့် ပြုံးရုံသာ ပြုံးမိသည်။ ကိုယ်လည်း သူ့ထက်မပိုလျှင်ပင် မလျော့သောဘဝမျိုး မဟုတ်လား။

"နောက်ကျနေပြီ ကျွန်မသွားလိုက်ဦးမယ် မမြိုင် အပြန်ကလေးတွေကို မှာတဲ့ဟာတွေ ပို့ခိုင်းလိုက်ပါ့မယ်"

"အော် အေး အေး"

မမြိုင်နှင့်စကားကြောရှည်နေ၍ မဖြစ်။ အိမ်မှာ ထမင်းတစ်အိုးသာ တည်ထားခဲ့သည်။ ကလေးတွေကျောင်းချိန်အမီ ချက်ပြုတ်ရမည်။ ထို့ကြောင့် ဈေးသို့အမြန်သွားမှ ဖြစ်မည်။

××××××

### အခန်း ၂

"ယောကျ်ား"

"အင်း ပြော"

အဝတ်များကို မီးပူတိုက်နေရာမှ ခုံတစ်လုံးတွင် ဂျာနယ်ဖတ်ပြီးအနားယူနေသော ခင်ပွန်းဖြစ်သူကို ခေါ်မိသည်။

"မနက်ဖြန် ကျုပ်ကို ဈေးဖိုးလေး ပိုပေးပါလား တော်"

"ဘာကွ"

ဒေါသတကြီးဖြစ်သွားသော ခင်ပွန်းကြောင့်ကိုယ့်စကားများ မှားသွားသည်လားဟု စိုးထိတ်မိ၏။ သို့သော်လည်း ကိုယ်ပြောခဲ့သော စကားသည်အမှန်တရားဖြစ်သည်။

"ဆားနဲ့ အချိုမှုန့်လည်း ကုန်နေပြီ။ ပြီးတော့ ကြက်သွန်ဖြူလည်း ဝယ်ရမယ်။ ကလေးတွေကျောင်းကလည်း စာအုပ်ဖိုးဆိုလား အရပ်ကြေးကလည်း နှစ်ထောင်ဆုံရမှာ မနက်ဖြန်နောက်ဆုံးတဲ့"

"အဲ့တော့ ငါကမင်းကို ဈေးဖိုးပိုပေးရမယ်ပေါ့။ နေစမ်းပါဦး ငါမေးစမ်းပါဦးမယ်။

မင်းကပါးစပ်လေးနဲ့အိမ်ကနေ ယောကျ်ား ဈေးဖိုးပိုပေးဆိုပြီး တောင်းရအောင်က ငွေရှာရတာ လွယ်တယ်များထင်နေတာလား"

"မဟုတ်ပါဘူး ဒါပေမယ့်"

"ဘာမှ ဒါပေမမယ့်နဲ့ ဟောဒီတစ်အိမ်လုံးရဲ့ စားဝတ်နေရေးကို ဒီပခုံးပေါ် ထမ်းထားရတဲ့ ဝန်ကိုလည်း နည်းနည်းပါးပါးစာနာဦး။ မင်းက ပိုက်ဆံကိုသုံးကောင်းတိုင်း သုံးနေတာ ရှာရတဲ့ ငါ ပင်ပန်းလို့ သေတော့မယ်ကွ"

ထိုသို့ ဒေါကြီးမောကြီးနှင့် ပြောနေသော ခင်ပွန်းဖြစ်သူကို မယုံနိုင်ခြင်းများစွာဖြင့်သာ ငေးမောမိသည်။သူပြောသော အရာတွေသည် မမှားပါ။ သို့သော် ကိုယ်လည်း မမှား။ သူပြောသော စကားများကို လက်ခံသည်။ နားလည်း နားလည်ပါ၏။ နားမလည်နိုင်သောသူက ခင်ပွန်းဖြစ်သည်။ သူသာ ကိုယ့်အပေါ် နည်းနည်းလေးများ နားလည်ပေးခဲ့ပါလျှင်။ ခုတော့ ယောကျ်ားရယ်ဟုသာ တီးတိုးညည်းမိ၏။

××××××



### အခန်း ၃

"ဟဲ့ မညို မညို ရှိလား"

"ရှင် မမြိုင် ဝင်ခဲ့လေ ကျုပ်ရှိတယ်"

"အော် အေးအေး ငါဝင်လာပြီနော်"

"ဟုတ်ကဲ့ မမြိုင် ဝင်ခဲ့ဝင်ခဲ့"

အိမ်ရှေ့မှ မမြိုင်အော်ခေါ်သံကို ပြန်ထူးပြီး မမြိုင်ကို အိမ်အတွင်းသို့ဝင်ခိုင်းလိုက်သည်။ ကိုယ်လည်း မီးဖိုခန်းမှ ခဏထွက်လာခဲ့လိုက်၏။ ဘူးသီး အချဉ်ရည်ချက်နေသည်မို့ ထည့်ထားသည့်ရေများပွက်မလာခင်အထိ အေးအေးဆေးဆေးနေ၍ရသည်။ သို့သော် လက်အတွင်း၌ ကန်စွန်းရွက်များထည့်ထားသော ဆန်ခါတစ်လုံးကို အိမ်ရှေ့ခန်းသို့ ယူလာဖြစ်၏။

"ဘာတွေချက်လဲ အေ့"

"မနက်က ကြက်ဥဝယ်ခဲ့တယ်လေ။ အဲ့ဒါ ကြက်ဥကြော်ပြီး ခြံထဲက ဘူးသီးခူးပြီး ချဉ်ရည်ချက်ထားတယ်။ အငယ်လေးက ကန်စွန်းရွက်ကြိုက်တော့ ကန်စွန်းရွက်လေး ကြော်ပေးမလို့ မမြိုင်"

"အော် မညို မညို ညည်းလည်း မရှိရှိတာလေးနဲ့ မိသားစုအတွက် ထောင့်စေ့အောင်လုပ်တတ်လိုက်တာနော်"

"အဟင်း မလုပ်တတ်လို့မရဘူးလေ မမြိုင်ရဲ့ မိသားစုမှာက အိမ်ကလူဆိုတာ ရှာဖွေပေးတဲ့အပိုင်းကို တာဝန်ယူထားပြီလေ။ ဒီတော့ ကျုပ်ကအိမ်တွင်းရေးအပိုင်းကို နိုင်သလောက် တာဝန်ကျေရတာပေါ့တော်"

"ဒါပေါ့အေ ဒါပေါ့ မောင်တစ်ထမ်း မယ်တစ်ရွက်လို့ အဆိုရှိထားလေမှ ငါတို့ မိန်းမတွေဆိုတာ နိုင်သလောက်ဘက်ကနေ သူတို့ကို ကူရမှာပေါ့"

မမြိုင်စကားကို ပြုံး၍သာ နားထောင်နေဖြစ်သည်။ မနေ့ညက ကိုယ့်ခင်ပွန်းပြောသည့် စကားများကိုသာ မမြိုင်ကြားရလျှင် မည်သို့ ပြောမည်နည်း။

"ဒါနဲ့ မမြိုင် အိမ်ကိုလာတာက"

"အော် ဟုတ်သားပဲ လာရင်းကိစ္စမေ့တော့မလို့ မနက်ဖြန်ကျရင် ဦးစိန်မောင်ရဲ့ ရွှေတွင်းမှာ ရွှေမြေစာပုံးသယ်ဖို့လူလိုတယ်တဲ့။ အဲ့ဒါ ငါသွားမလို့ ညည်းရော လိုက်ချင်လား။ လူက နှစ်ယောက်လိုတာလို့ပြောတယ်။ အဲ့ဒါနဲ့ ငါလည်း ညည်းကို သတိရလိုက်တာနဲ့ ညည်း လုပ်ချင်မလားလို့ လာမေးတာ"

"ဟုတ်လား မမြိုင်လည်းလုပ်မှာဆိုရင် ကျုပ်လိုက်မယ်။ ဒါနဲ့ဘယ်လောက်တဲ့လဲ"

"ပိုက်ဆံနှစ်ထောင့်ငါးရာနဲ့ ရွှေမြေစာ သုံးပုံးပေးမယ်တဲ့"

မမြိုင်ပြောလာသော နေ့တွက်က မဆိုးလှ။ ငွေသားချည်းပဲ နှစ်ထောင့်ငါးရာ။ ပြီးတော့ ရွှေမြေစာက သုံးပုံး။ ထိုရွှေမြေစာသုံးပုံးက ကိုယ်ကံကောင်းလျှင် ထိုနေ့တွက်တစ်ရက်အတွက် ငါးထောင်၊ ခြောက်ထောင်က အသာလေးပင်။ ထို့ကြောင့် မမြိုင်လာခေါ်သော အလုပ်ကို လိုက်လုပ်ဖို့ဆုံးဖြတ်ခဲ့သည်။ အတန်အသင့်တော့ ဈေးဖိုးအတွက် ဦးနှောက်ခြောက်နေရသည့် ဘဝက လွတ်မြောက်နိုင်မည်။

××××××

### အခန်း ၄

"အမေ့"

"ဝေ့ သမီးလေး ပြောလေ"

ကြက်သွန်နီ အခွံနွှာနေရာမှ သမီးခေါ်သံကြောင့် ထူးဖြစ်သည်။ ကိုယ်ထမင်းဟင်းချက်လျှင် သမီးငယ်က အနားမှာလာလာထိုင်တတ်၏။ သားကြီးကတော့ ဘယ်ဆီဘယ်ဝယ်မှန်းပင် မသိ။ ဖမ်း၍မမိ။

"ဆရာမက မနက်ဖြန်ကျရင် မီးနင်းစာအုပ် ဝယ်ရမယ်တဲ့ အဲ့ဒါသမီးကို မုန့်ဖိုး အများကြီးပေးနော်"

"ဟုတ်လား ပေးမှာပေါ့ အမေ့ချစ်တုံးလေးကို အများကြီးပေးမယ်နော်"

"ဟုတ် ကိုကိုထက်ပိုပြီး ပေးနော်"

"ဒါပေါ့ သမီးရဲ့ ပေးမှာပေါ့"

သမီးငယ်၏ ခေါင်းလေးကို ဖွဖွငုံ့နမ်းလိုက်သည်။ ကြက်သွန်ခိုးတွေ မွှန်နေသည့် မိခင်၏အနားမှာ ဒုက္ခခံပြီးလာထိုင်နေသော သမီးလေး။ မည်သို့ပင် နှင်လွှတ်နေပါစေ၊ ထ၍မသွားသော သမီးလေး။ မိခင်၏ ဒုက္ခတွေကို မျှဝေခံစားပေးသူဆို၍ ဤသမီးငယ်လေးသာ ရှိသည်လေ။

"အညို အညို"

"ဟော သမီးအဖေ ပြန်လာပြီနဲ့ တူတယ်။ လာ လာ သမီး အဖေ့ကိုသွားကြိုရအောင်" သမီးငယ်၏လက်ကိုဆွဲကာ မီးဖိုခန်းထဲမှ သားအမိနှစ်ဦး ထွက်လာခဲ့သည်။ အလုပ်ကပြန်လာသော ခင်ပွန်း အိမ်ရှေ့ခန်းမှ ခုံတစ်လုံးတွင်ထိုင်နေ၏။ သောက်ရေအိုးက ရေတစ်ခွက်ခပ်ကာ ခင်ပွန်းထံ ယူလာပေးလိုက်သည်။

"ယောကျ်ား ရေသောက်ဦး"

ကမ်းပေးလိုက်သော ရေခွက်ကိုယူ၍ သူ ရေသောက်သည်။ ပြီးလျှင် ကိုယ့်ကို စူးစမ်းသလို ကြည့်နေ၏။

"မင်း ငါမေးတာကို မှန်မှန်ဖြေစမ်း အညို မင်း ဦးစိန်မောင်ရဲ့ ရွှေတွင်းမှာ ပုံးသယ်နေ့စားသွားဆင်းတယ်ဆို"

"ဟင်"

"ဟင်မနေနဲ့ ငါမေးတာကိုဖြေ ငါ့ဟာငါ ဘယ်ကသိသိ ပြန်မမေးနဲ့ဖြေ ဟုတ်လား၊ မဟုတ်ဘူးလား"

"ဟုတ် ဟုတ်ပါတယ် ကျုပ်"

"တော် ကျန်တာဆက်မပြောနဲ့ နေစမ်းပါဦး မင်းက အဲဒီအလုပ်တွေ သွားလုပ်တာက ငါ့ကိုအာခံတာလား ဟမ် မင်းတို့ကိုလုပ်ကျွေးနေတဲ့ငါ့ကို ပုန်ကန်တာလား"

"မဟုတ်ဘူး မဟုတ်ပါဘူး ယောကျ်ားရယ်"

"ဘာမဟုတ်လဲ မင်း အဲအလုပ်သွားလုပ်တာ မင်းမှာအားကိုးစရာ လင်မရှိလို့လား။ မင်းလင်သေသွားလို့လား မင်းဒီအလုပ်ကို သွားလုပ်တာ မင်းမှာတခြားလုပ်စရာ အိမ်အလုပ်တွေ မရှိတော့ဘူးလား မင်းကွာ"

ဒေါသတကြီးအော်ဟစ်နေသော ခင်ပွန်းကြောင့် ကိုယ့်ဘေးမှာ ရပ်နေသော သမီးငယ် အော်ငိုလေသည်။ ဖခင်ဖြစ်သူက မိခင်ကို အော်ငေါက်နေတော့ သူလည်း ကြောက်မှာပေါ့။

သမီးငယ်၏ ငိုသံကြောင့် ခင်ပွန်း သူ့ဒေါသတွေကို တရှူးရှူးနှင့် ပြန်ထိန်းနေ၏။ သူဒေါသထွက်လျှင်လည်း ထွက်စရာပေ။ ကိုယ်လည်း အမှားမကင်း။ အလုပ်လုပ်ဖို့ သူ့ကိုမတိုင်ပင်မိ။ တကယ်ဆို သူခွင့်ပြုမှသာ လုပ်သင့်တာလေ။ ငွေရချင်ဇောနှင့် သူ့ကို မတိုင်ပင်ဘဲ အလုပ်လိုက်သွားမိသည်။ ခုတော့ ကိုယ့်လင်မယားချင်း စကားများရ၏။

"ကျုပ် မှားသွားတယ် တောင်းပန်ပါတယ် ယောကျ်ား"

ထိုစကားလေးတစ်ခွန်းသာ ပြန်လည်ပြော၍ သူ့အနားမှ သားအမိနှစ်ဦးလုံး ထွက်လာခဲ့လိုက်သည်။ ခြေလှမ်းများက မမြိုင်အိမ်သို့။ မနက်ကျ အလုပ်လိုက်ဖြစ်မှာ မဟုတ်ဘူးလေ။

××××××

### အခန်း ၅

"ဟင်"

မနက်ခင်း၏ လေပြည်ညင်းနှင့်အတူ ရောထွေးလွင့်ပါးသွားသည့် သက်ပြင်းတစ်ရှိုက်။ လူမသိသူမသိ အပူမီးအချို့က ရင်တွင်းမှာလှိုက်စားရုံမက အပေါ်ယံ အရေပြား တစ်ထောက်စာထိ ထင်ထင်ရှားရှား မြင်နေရသည်။

"ရော့ ဈေးဖိုး"

ထိုသို့ပြောပြီး ပစ်ချပေးသွားသည်နှင့် ကိုယ်ထိုင်နေသော ကြမ်းပြင်နားသို့ လွင့်ကျလာသည့် ငါးထောင်တန်တစ်ရွက်။ ထိုအရာသည် ဤနေ့တစ်ရက်စာ ဈေးဖိုးအတွက် အသုံးစရိတ်ဖြစ်သည်။ ထိုငါးထောင် တန်မှ ခွဲခြမ်းစိတ်ဖြာပြီး ထွက်ခွာသွားမည့် ငွေများမှာ နောက်ထပ်ပင် အိတ်ကပ်အတွင်းမှ စိုက်ထုတ်ရမလို။ ဆန်နှစ်ပြည်နှင့်ပင် နှစ်ထောင့်လေးရာကျပ်။ ဆီက တစ်ဆယ်သား သုံးရာ။

ခရမ်းချဉ်သီးက အစိတ်သား နှစ်ရာ။ ကြက်သားဆီပြန်ဟင်း တစ်ခွက်အတွက် ကြက်သားက ဆယ့်ငါးကျပ်သား တစ်ထောင်။ မနေ့က ငါးပိလည်းကုန်နေသည်။ ထို့ကြောင့် ငါးပိက တစ်ရာ။ ညနေစာအတွက် ငါးလေး ချဉ်သုပ်မည်မို့ ငါးလေးချဉ်က တစ်ဆယ်သား ငါးရာ။ ဟင်းချိုတစ်ခွက်အတွက် မုန်ညင်းရွက်က သုံးရာ။ ငရုတ်သီးထောင်းလေးတစ်ခွက်အတွက် ငရုတ်သီးက နှစ်ရာ။ ထိုအရာများနှင့်ပင် ငါးထောင်တန်တစ်ရွက် ပြတ်ပြီ။ ကလေးမုန့်ဖိုးနှင့် လူမှုရေး၊ သာရေး၊ နာရေး၊ ရပ်ရေး၊ ရွာရေး ဘာဘာညာညာက ရံဖန်ရံခါ ဆိုသလို ထွက်တတ်သေးသည်။ ထိုရက်မျိုးဆိုလျှင် ပို၍ ဦးနှောက်ခြောက်ရသူက ကိုယ်။ ရှာဖွေကျွေးမွေးနေရသည်ဟု အမြဲကြွေးကြော်နေသော ခင်ပွန်းပင် ကိုယ့်အခက်အခဲကို မစာနာပေးနိုင်။ သို့သော် ကိုယ်နှင့်ဘဝတူသော အိမ်ရှင်မ အများစုကတော့ ကိုယ့်အဖြစ်ကို စာနာပေးနိုင်လိမ့်မည်။

"အမေ့ သားကို မုန့်ဖိုးပေးဦး"

"အမေ့ သမီးကိုလည်း ပေး"

"မညိုရေ အရပ်က ကထိန်ကြေးလာသွားတယ် မနက်ဖြန်နောက်ဆုံးတဲ့"

"ဟင်း"

ကြားရသောစကားလုံးများအတွက် လက်ထဲကိုင်ထားသော ငွေငါးထောင်ကို ကြည့်၍ သက်ပြင်းတစ်ခုသာ ချနိုင်ခဲ့လေ၏။ ။

××××××


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

မျိုးဆက်သစ်ရှင်ပြင်

ကြေးမုံ
အထူးဂျာနယ်

## ပြည်ရွှေဘိုက ဖိတ်ခေါ်သံ

ပြည်ရွှေဘို အလည်တစ်ခေါက်
အရောက်လာဖို့ ဖိတ်ခေါ်တယ်။
ရွှေဗဟိုရ် စည်သံများ
ကြားရလိမ့်မယ်။
ရထားနဲ့လည်း လာလို့လွယ်
ကားဆိုင်ကယ်နဲ့လည်း ရောက်နိုင်သား။
ပြည်ရွှေဘို မြို့တော်ခရီးက
နီးစေလိမ့်ဗျား။
မြို့နံ့မှာ စေတီဘုရားက
ရွှေပြည်သားတို့ ကောင်းမှုတွေ။
ဆယ့်နှစ်ရာသီ ဘုရားပွဲ
နွှဲကြမသွေ။
အောင်ဇေယျ ကုန်းဘောင်မြေ
ကန်တော်ရေ သာအလှ။
အောင်မြေမဟာ ရာဇမျိုးက
ကိုးပြည်ဌာန။
မြို့ထွက်မှာ တက္ကသိုလ်ကျောင်းက
အလှပေါင်းစု မွေးထုတ်ရာ။
မြို့လယ်ပန်းခြံ ရပ်တုက
ဗိုလ်ချုပ်ပုံပါ။
ပုံကြီးသံများ သာသာယာယာ
ရေးစဉ်လာ မဖည်ယွင်း။
နေညိုညို ရွှေဘိုလွမ်းအောင်
မှန်နန်းကထင်း။

နေမျိုးသူရလှကွမ်း

## ထိန်းသိမ်းကြပါ မြန်မာစာ

✻ မြန်မာစာပေ
တို့လူမျိုး ကျက်သရေမို့
✻ ရိုးရာသည်အမွေနှစ်ကိုလ
ချစ်ကြပါစို့။
✻ ခေတ်အခါ ရွှေ့လျားလို့
အမှားတို့ တွင်ကျယ်ကန်
သုံးစွဲနေပုံ။
✻ ကိုကြီးကို ကွီးတစ်ဖုံ
အမျိုးစုံမြင်ရပေ့။
✻ ညီလေးဆို ညေးခေါ်ရမှ
မနောကခွေ့။
✻ နည်းသစ်မှာ ပျော်မွေ့
ခံတွင်းတွေ့သုံးကြနေ။
✻ စာပေမှန် ချောင်ထိုးထားပေါ့
မှားတော့မသွေ။
✻ အမှားတွေ အမှန်ဖြစ်တယ်
မွန်းနစ်မယ် တို့စကား။
✻ တို့ မြန်မာ...
မျှားသူငါ ခပ်သိမ်းတို့
ထိန်းသိမ်းစို့လား။ ။

ဟန်ထူးလွင်(ပညာရေး)

ဆောင်းပါး

■ ပွင့်ပန်းဝေလှိုင်

# အမြန်ခရီး ဖြည်းဖြည်းစီး

မကြာမီအချိန်တွင် မိုးတိမ်ကင်းစင်ကာ ဝါလကင်းလွတ် သီတင်းကျွတ်ကာလသို့ ရောက်တော့မည်ဖြစ်သည်။ မိုးရာသီကာလက မိုးများသောကြောင့် လူအများ သွားလာရေးခက်ခဲနှောင့်နှေးကြရသည်။ မဖြစ်မနေ အလုပ်လုပ်ကိုင်နေရသူများနှင့် မသွားမဖြစ်သွားကြရသည့် အကြောင်းကိစ္စရှိသူများမှအပ အချို့လူများက အပြင်မထွက်ကြပေ။

ယခုရက်ပိုင်းအတွင်း မိုးကင်းလွတ်၍ ရာသီဥတု သာယာလှပလာသောအခါ လူအများမှာ ပြင်ပလောကသို့ ပိုမိုထွက်ကြတော့သည်။ ဈေးသွားသူများ၊ အလုပ်သွားသူများ၊ ဘုရားဖူးလာကြသူများနှင့် ပျားပန်းခပ်မျှ အလုပ်များနေသော လူများစွာကိုမြင်တွေ့ရသည်။ ဘုရားပွဲကလည်း နီးကပ်လာပြီဖြစ်သောကြောင့် မြို့နေလူထုအတွက် အလွန်ပင် အလုပ်များသော ရာသီခွင်ဖြစ်နေလေပြီ။

မြို့နေလူထုအပြင် ရွာနီးချုပ်စပ်မှ လူများသည် ဆိုင်ကယ်နှင့်တစ်ဖုံ၊ ကားဂွမ်ဒေါင်းနှင့်တစ်သွယ်၊ ထော်လာဂျီနှင့်တစ်နည်း မြို့ပေါ်သို့ တက်လာကြသည်။ ဆိုင်ကယ်ကို ဘေးတွဲတပ်ထားသည့် 'ဆိုက်တွဲ' များနှင့် ဆိုင်ကယ်ကို နောက်တွဲတပ်ထားသော 'တုတ်တုတ်' အစရှိသည့် ကုန်တင်ယာဉ်လေးများသည်လည်း ကူးချည်သန်းချည် သွားလာနေကြသည်ကို တွေ့မြင်နေရသည်။ ဈေးဝယ်ရန်၊ ဆေးခန်းပြရန် အစရှိသော အကြောင်းအရာမျိုးစုံဖြင့် လာကြသည်ဖြစ်ရာ မြို့ငယ်လေးသည်ပို၍ပင် စည်ကားနေလေတော့သည်။

ဆိုင်ကယ်အစီးများလွန်းသောမြို့ငယ် အနေအထားဖြစ်၍ လမ်းသွားရာတွင် သတိထားနေရသည်။ လမ်းဆုံနေရာများတွင် မည်သည့်လမ်းက ထွက်လာမှန်းမသိသည့် အရှိန်ဖြင့်မောင်းနှင်စီးနင်းလာသော စက်တပ်ယာဉ်များ၏အန္တရာယ်ကိုသတိဖြင့် ရှောင်နေရသည်မှာ အလုပ်တစ်ခုဖြစ်နေလေသည်။ ထိုအခါမျိုးတွင် 'သူတို့အရေးကြီးနေလို့နေမှာပါ' ဟု တွေးကာ အမြဲပင်ဦးစားပေးလိုက်ရသည်ကများသည်။

အိမ်ရှင်မများကလည်း ဟင်းလျာကို အချိန်မီဝယ်ယူရန် ဈေးသွားကြရသည်။ ပြီးလျှင် အချိန်မီအောင် ချက်ပြုတ်ရန် အိမ်ပြန်ရပေမည်။ ထို့ကြောင့် အိမ်ရှင်မများသည် ဘေးဘီမကြည့်အားပေ။ ဈေးအမြန်ရောက်ရေး၊ အိမ်ပြန်ရောက်ရေးကိုသာ အာရုံထားလျက် ဆိုင်ကယ်အမြန်မောင်းနှင်ကြသည်။ ဆိုင်ကယ်အချင်းချင်း သော်လည်းကောင်း၊ ကားနှင့်သော်လည်းကောင်း ပွတ်ကာသီကာသွားလာနေကြသည်မှာ မြင်နေရသူအဖို့ သည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြစ်ရသည်။ ထိုအထဲတွင် စာရေးသူကိုဝင်မတိုက်မိအောင် ရှောင်တိမ်းနေရသေးသည်။

ဝန်ထမ်းများကလည်း ရုံး၊ ကျောင်း အစရှိသော ဌာနများသို့ အချိန်မီရောက်နိုင်ရေးအတွက် သုတ်သုတ်ပျာပျာခရီးနှင်ကြရသည်။ အခြားသော အမည်နာမတပ်မရနိုင်သည့် ပုဂ္ဂိုလ်များကလည်း ဆိုင်ကယ်ဟွန်းမပြတ်တီးကာ လမ်းအတင်းတောင်းကြပြန်သည်။ ဆယ်ကျော်သက်အရွယ် လူငယ်များမှာ ဆိုင်ကယ်တစ်စီးကို သုံးယောက်စီးပြီး စတန့်မင်းသားများဟန် မောင်းနှင်ကြပြန်သည်။ လူအများ ရှုပ်ယှက်ခတ်နေသည်ကို သတိမထားအားကြပေ။ လီဗာကုန်မြှင့်ထား၍ ငယ်သံပါအောင် အော်မြည်နေသော ဆိုင်ကယ်သံသည် 'ရှောင်နိုင်လျှင် ရှောင်၊ မရှောင်လျှင် တိုက်ပစ်မည်' ဟု ခြိမ်းခြောက်နေသယောင်ပင် ဖြစ်ပေသည်။ မည်မျှကိစ္စကြီးငယ်ရှိသည်မသိ။ စာရေးသူမှာမူ လမ်းဘေးမြက်တောအထိ ရှောင်ပေးလိုက်ရ ပြန်သည်။

ထိုမျှမကသေးပေ။ စာရေးသူတို့ မြို့လေးသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိ၍ ရေကာတာများ ထားရှိရသည်။ ထိုတာ၏ တစ်ဖက်ခြမ်းတွင် လူနေအိမ်ခြေများလည်း ရှိသည်။ ထိုနေရာသည် မိုးရာသီတွင် ရေမြုပ်လေ့ရှိသည်။ ထိုတစ်ဘက်ခြမ်းမှ လူများသည် တာပေါ်မှတစ်ဆင့် တာအောက်လမ်းမကြီးဆီသို့ ဖောက်ထားသောလမ်းမှ ဆင်းကြရလေသည်။ သို့သော် အချို့သောလူငယ်များသည် ဖောက်ထားသောလမ်းမှမဆင်းဘဲ တာပေါ်မှနေ၍ ဆိုင်ကယ်နှင့်ဖောက်ထိုး ထိုးဆင်းကြသည်မှာ ဆိုးရွားသောမြင်ကွင်းဖြစ်သည်။ စီးသူမှာ မည်သို့နေမည်မသိ။ ကြည့်ရသူမှာ သည်းထိတ်ရင်ဖိုဖြစ်ကာ လျှင်မြန်စွာ ရှောင်တိမ်းပေးရပြန်သည်။ မရှောင်ပါက အရှိန်နှင့်ဆင်းလာသော ဆိုင်ကယ်နှင့်ကြိမ်းသေတိုးနိုင်သည်။ ထိုအခြင်းအရာသည် စာရေးသူက ကြုံတင်မြင်လိုက်၍သာ ဘာမှမဖြစ်ခဲ့ခြင်းဖြစ်၏။ အကယ်၍များ ထိုသို့ ထိုးဆင်းလာချိန်တွင် လမ်းမပေါ်မှသွားလာနေသော သတိမမူသည့် တစ်ဦးတစ်ယောက်ရှိနေပါက တိုက်မိနိုင်သည်။ စီးသူရော၊ တိုက်မိသူပါလွန်စွာ အထိနာနိုင်မည်ဖြစ်သော်လည်း ဆင်ခြင်မှုကင်းစွာ စီးနေကြဆဲပင်ဖြစ်သည်။

တောနယ်မှဈေးလာဝယ်သူများမှာလည်း ဆိုင်ကယ်နှင့်မတန်သော ဝန်အပြည့်တင်ကာ မချိမဆံ့မောင်းနှင်လေသည်။ လူသံ၊ ဆိုင်ကယ်သံ၊ စက်ပစ္စည်းသံများနှင့်ဆူညံနေသော အချိန်အခါတွင် ကြောက်တတ်သူသည် မည်သည့်နေရာကိုမှမရောက်နိုင်ပေ။သူများနည်းတူ သွားလာနိုင်မှသာ လိုရာခရီးရောက်နိုင်တော့မည်။

စာရေးသူအပါအဝင် လူသားအားလုံးလိုလိုတွင် အလုပ်တာဝန်ကိုယ်စီရှိကြသည်။ ဘဝသမားများဖြစ်၍ ကိုယ်ထူကိုယ်ထ ရုန်းကန်လှုပ်ရှားနေကြရသည်။ သောကကိုယ်စီ၊ အပူကိုယ်စီနှင့် မိမိရောက်လိုသော နေရာသို့ အချိန်မီအမြန်ရောက်ရေးကိုသာ အာရုံထားနေကြလေရာ မိမိအန္တရာယ်ကို မမြင်ကြပေ။ သတိလည်းမထားမိကြပေ။ လူအချို့က ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ အကာအကွယ်မဲ့စွာဖြင့် သွားလာနေကြလေသည်။ ဦးထုပ်ဆောင်းခြင်းသည် အချိန်မကုန်သော်လည်း လူအတော်များများက မဆောင်းလိုကြပေ။ ယာဉ်ထိန်းရဲစောင့်နေသော၊ ဖမ်းနေသောနေရာများကို ရှောင်ကွင်းကာ သွားကြသည်။ ဒဏ်ငွေရိုက်ခြင်းကိုမူ လွန်စွာကြောက်ကြပြီး မိမိအသက်ကိုမူ မနှမြောကြပေ။ ကိုယ်သွားရမည့်လမ်း အမြန်ရောက်ရန်သာ အာရုံထားကြလေသည်။

ထိုအခါအမြန်လိုမှုကြောင့် အနေဖြစ်ရတော့သည်။ ဆိုင်ကယ်အချင်းချင်း ငြိမိတိုက်မိကြသည်။ ဆိုင်ကယ်နှင့် ကား၊ စက်ဘီးနှင့် ဆိုင်ကယ်၊ ဆိုင်ကယ်နှင့် ကားဂွမ်ဒေါင်း အသီးသီးမိတ်ဆက်မိကြပြီး ယာဉ်တိုက်မှုများစွာဖြစ်ကြကာ သွေးထွက်သံယိုမှုများလည်း ဖြစ်ကြရသည်။ အရေးပေါ်လူနာတင်ယာဉ်၏ ညည်းတွားသံများကိုလည်း မကြာခဏ ကြားနေရသည်မှာ စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ မတော်တဆမှုဖြစ်ပြီဆိုလျှင် အကျိုး၊ အကန်း၊ အသေတစ်ခုမဟုတ်၊ တစ်ခုသာဖြစ်တော့မည်။ ပစ္စည်းဥစ္စာသာမက လူ့အသက်ပါ ဆုံးရှုံးရပေမည်။

ယခုအခါ နေရာအနှံ့အပြား၌ အမြဲတွေ့မြင်ကြားသိနေရသော ယာဉ်တိမ်းမှောက်မှုများသည် အကြမ်းဖျင်းခန့်မှန်းကြည့်မည်ဆိုလျှင် ယာဉ်မောင်း၏ အမြန်လိုမှုကြောင့်ပင် ဖြစ်နိုင်ခြေများသည်။ ထိုအခါ ကားပေါ်တွင် လိုက်ပါသည့် ခရီးသည်ပေါင်းများစွာ၏ အသက်များစွာကိုစတေးကြရသည်။ ဘဝပေါင်းများစွာကို သေမင်းနှင့်အလဲအလှယ်လုပ်ကြရသည်။ မိသားစုပေါင်းများစွာ မိကွဲ၊ ဖကွဲဖြစ်ကြရသည်။ သေကွဲကွဲကြရသည်။ နာကျင်မှုများစွာဖြင့် လောကတွင်နေထိုင်ကြရပေမည်။ တစ်ဦးတစ်ယောက်၏မဆင်ခြင်မှုကြောင့် ဝဋ်နာကံနာမဟုတ်ပါဘဲ ထောင်သောင်းမက ချိနေသည့် လူစဉ်မမီသည့်လူသားပေါင်းများစွာရှိနေခဲ့သည်။ရှိနေဆဲလည်းဖြစ်သည်။

ထိုအရာများသည် 'ကံ၊ ကံ၏အကျိုး' ကြောင့်ဖြစ်ကြရသော်လည်း 'ကံကိုယုံ၍ ဆူးပုံမနင်းသင့်' ချေ။ ရခဲလှသောလူ့ဘဝတွင် မတော်တဆမှုကြောင့် ဒုက္ခိတဖြစ်ကြရသည်လည်း ရှိသည်။ အသက်ဆုံးပါးရသည်လည်း ရှိသည်။ လူအမျိုးမျိုး၊ ဘဝအထွေထွေရှိကြသော လူ့ဘောင်လောကတွင် လူသားအားလုံးသည် ကံစီမံရာ ကကြရသည်မှန်သော်လည်း အသိ၊ သတိဖြင့် ထိန်းသိမ်းနေမည်ဆိုလျှင် အန္တရာယ်ကင်းစင်နိုင်ပေလိမ့်မည်။

အဆိုးဆုံးမှာ ညဘက်အချိန်တွင်စက်တပ်ယာဉ်များကိုမီးမပါဘဲ မောင်းနှင်ကြခြင်းပင်ဖြစ်သည်။ အနီးအနားရောက်မှ ရုတ်တရက်ထွက်လာတတ်သော မီးမပါသည့်ဆိုင်ကယ်များသည် ရှောင်တိမ်းရန် အလွန်ခက်ခဲလှသည်။ ထိုအရာသည် စီးနင်းသူကိုယ်တိုင်လိုက်နာသင့်သော အချက်ဖြစ်သော်လည်း မလိုက်နာသူများမှာ တွေ့နေရဆဲပင်ဖြစ်သည်။ မီးပျက်ညများတွင် သွားလာလေ့ရှိသော မီးမပါသည့် ယာဉ်များ၏ ဘေးရန်မှာလည်း မသေးငယ်လှပေ။ စီးနင်းသူကလည်း မီးမပါသည်ကို ဂရုမထားဘဲ သူရောက်လိုသောနေရာကိုသာ အမြန်မောင်းနှင်သောအခါ မလိုလားအပ်သော ယာဉ်တိုက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ မိမိ၏စည်းကမ်းမဲ့စွာ သွားလာခြင်းသည် မိမိအတွက်သော်လည်းကောင်း၊ ထိခိုက်မိသူအတွက် သော်လည်းကောင်း၊ ကျန်ရစ်သူမိသားစုဝင်များအတွက် သော်လည်းကောင်း ကြေကွဲဝမ်းနည်းစရာ အဖြစ်ဆိုးနှင့်သာရင်ဆိုင်ရမည်ဖြစ်ကြောင်း သတိချပ်သင့်လှပေသည်။

ခေတ်ကာလအရ စားဝတ်နေရေးအတွက် လူတိုင်းလိုလို အလုပ်လုပ်ကြရသည်။ လူတိုင်း အချိန်နည်းပါးကြသည်။လူတိုင်းမအားလပ်ကြပေ။ထို့အထဲတွင် သာရေး၊ နာရေးအစရှိသော လူမှုရေးကိစ္စများကိုလည်း တတ်နိုင်သရွေ့ လုပ်ဆောင်နေကြရသည်။ ထို့ကြောင့် တာဝန်ဝတ္တရားကျေပွန်စေရန် အမြန်သွား၊ အမြန်ပြန်စနစ်ကိုသာ ကျင့်သုံးနေရသည်။ မည်သို့ပင်ဖြစ်စေကာမူ အထူးသတိထားသင့်သည့် အချက်မှာ လူတိုင်းတွင် ချစ်ခင်မြတ်နိုးတွယ်တာရသောမိသားစု ရှိနေသည်။ ထိုသူများသည် မိမိပြန်အလာကို မျှော်လင့်စောင့်စားနေကြပေလိမ့်မည်။ ထို့ကြောင့် မိမိရောက်လိုသည့်ခရီးသို့ အမြန်ရောက်လိုလျှင် ရခဲလှသည့် လူ့ဘဝကိုတန်ဖိုးထားပြီး ဖြည်းဖြည်းသာသွားသင့်ပေသည်။ မဟုတ်လျှင် မိမိရောက်လိုသော နေရာသို့မရောက်ဘဲ မိမိမရောက်လိုသော၊ ချစ်သောမိသားစုနှင့် ကင်းကွာသော သေမင်းခေါ်ဆောင်ရာ နေရာသစ်ဆီသို့သာ အမြန်ရောက်သွားပါလိမ့်မည်။

ထို့ကြောင့် 'မိတ်ဆွေ . . . . သင်သွားလိုသောနေရာသို့ အမြန်ရောက်လိုပါ သလား။ ဖြည်းဖြည်းသာသွားပါ' ဟုပင် အကြံပြုချင်တော့သည်။ ။

## လေးမောင်တို့ရွာ

လေးမောင်တို့ရွာ။
ထန်းပင်တွေ စီစီတန်းလို့
စိမ်းလန်းသာယာ။
လမ်းအကွေ့ဘယ်ညာမှာ
သွယ်ကာနေ ချောင်းကလေး။
မကြာခင်
တစ်ရွာဝင် တစ်ရွာထွက်
ရွာဘက်ဆီပြေး။
လေးမောင်တို့ရွာ။
ရွာအဝင် စာသင်ကျောင်းက
ခေါင်းလောင်းသံစာ။
ဘုန်းတော်ကြီးကျောင်းတော်မှာ
ရိုးသားစွာ စာသင်ကြ။
မှီမခို
ညီအစ်ကို မောင်စိတ်မွေးတဲ့
ကျေးလက်ဒေသ။
လေးမောင်တို့ရွာ။
လယ်တစ်ခွင် ကောက်ပင်စိမ်းတို့
ယိမ်းနွဲ့နေရှာ။
ကျေးငှက်သံ ညံစာစာ
ရွာအဝင် စာသင်ကျောင်းလမ်း။
တွေ့သမျှ
မွေ့ရကွယ် ဘဝင်အေးစေတဲ့
လေးမောင့်ရွာတန်း။
လေးမောင်တို့ရွာ။
မြေပြင်မှာ ဖျာကိုခင်းလို့
ပေါင်းသင်းစုံစွာ။
လမင်းရယ်သာ
ညအခါ ပုံပြင်ပြော။
အလင်းမထိန်
ထမင်းမြိန် ရွာဓလေ့မှာ
အားပြည့်သဘော။ ။

ကန်ညီနောင်ရွှေဖျိုင်း(ငွေလဲ့ကန်)

## တော်သလင်းလနဲ့ လှေပြိုင်ပွဲ

ဥတုမိုးလယ် သည်ချိန်ဝယ်
အင်းအိုင်မြစ်ချောင်း ရေလျှံပယ်။
ရေပြင်ထက်ဝယ် ခြိမ့်ခြိမ့်သဲ
တော်သလင်းလ လှေပြိုင်ပွဲ။
ဆင်နွှဲကြသည့် အစဉ်လာ
ရှေးမူမပျက် ဓလေ့ရိုးရာ။
ဖူးပွင့်မာလာ အလှဆန်း
ရနံ့မွှေးကြူ ယင်းမာပန်း။
ရာသီဆင်မြန်း ကန်ရာသီ
ဘဒြပိုက်နဲ့ နက္ခတ်ညီ။
ရေပြင်ထက်ချီ လှေပြိုင်ပွဲ
ပျော်ရွှင်စွာလေ တို့ အတူနွှဲ။

ရဲမောင်(တပ်ကုန်း)

ဝတ္ထုတို

# ချောင်းဆုံရဲလင်း




ကျွန်မက ကျောင်းဆရာမ။
ကျွန်မနာမည်က မိဖြူ။ ကလေးတွေကို စာသင်ပေးနေတဲ့ ကျောင်းဆရာမတစ်ယောက်။ ဆရာမဆိုပေမယ့်လည်း ကျွန်မသည် အစိုးရဝန်ထမ်းတစ်ယောက်မဟုတ်ပါ။

ဇာတ်ကြောင်းအစုံကို ပြောရရင် ကျွန်မတို့ရွာမှာ အရင်က စာသင်ကျောင်းမရှိခဲ့ဘူး။ သုံးမိုင်လောက်ဝေးတဲ့ အထက်တန်းကျောင်းတစ်ခုမှာ သွားတက်ရတာ။ သုံးမိုင်လောက်ဝေးတာက ကျွန်မတို့ တောသူ၊ တောင်သားတွေအတွက် စာမဖွဲ့လောက်ပေမယ့် တောလမ်းခရီးကြမ်းကတစ်ဆင့် ခြေကျင်လျှောက်ရတဲ့ခရီးဟာ မူလတန်းကျောင်းသားအရွယ်တွေ အတွက်တော့ တကယ်ကိုမလွယ်လှပါ။ ဒါပေမယ့်လည်း ဒီလိုခရီးကြမ်းကို လျှောက်လှမ်းရင်းနဲ့ မူလတန်း၊ အလယ်တန်းသာမက အထက်တန်းအထိ အောင်မြင်ပြီးသူတွေ ကျွန်မတို့ရွာမှာ တစ်နှစ်ထက်တစ်နှစ် ပိုများလာတာကတော့ တကယ်ကိုဝမ်းသာစရာပါ။

ဝမ်းသာစရာထက် စိတ်မကောင်းစရာတွေက ရှိနေပြန်ရော။ ကျောင်းတက်ခါစကလေးတွေ သဘာဝအတိုင်း မိဘနဲ့ခွဲပြီး တစ်နေကုန်စာသင်ခန်းဝင်ရမှာကို ကလေးငယ်တိုင်း ကြောက်ကြတာပေါ့။ မြို့ပေါ်ကကလေးတွေလို သုံးလေးနှစ်ကတည်းက မူကြိုတွေ ဘာတွေတက်ခဲ့ဖူးရင်တော့ထားပါ။ အခုကျွန်မတို့မှာက “ကျောင်းတက်ရမယ်ဟေ့” ဆိုကာမှ အမေ အဖေနဲ့ ရုတ်တရက်ခွဲခွာရသလို ခရီးဝေးကြီးကို မနက်စောစောထပြီးသွားရတော့ ကျောင်းတက်ရမှာ ပျင်းစရာကောင်းတော့တာပေါ့။ ကျွန်မသူငယ်ချင်း သန်းအေးဆို သူငယ်တန်းမှာ တစ်ရက်ပဲတက်ပြီး စာသင်ကျောင်းဘက်ဆို လှည့်ကိုမကြည့်တော့တာ။ တကယ်တော့ သန်းအေးက သနားစရာပါ။ ခုဆို အိမ်ထောင်ကျပြီး ကလေးတွေတောင် ရနေပြီလေ။ သူ့သားအကြီးကောင်ဆို ကျွန်မအတန်းမှာပေါ့။ ကျောင်းတက်ချိန်နီးတိုင်း သူ့သားကိုကျောင်းလာပို့လေ့ရှိတဲ့ သန်းအေးနဲ့ ကျွန်မနေ့တိုင်းလိုလိုဆုံဖြစ်တယ်။ ကျွန်မနဲ့ဆုံတိုင်း သန်းအေးက “ဖြူမရယ် ခုကလေးတွေ တကယ်ကံကောင်းလိုက်တာ။ ငါတို့တုန်းကလို ကျောင်းကိုအဝေးကြီးသွားတက်စရာ မလိုတော့ဘူးအေ။ ငါတို့တုန်းကသာ ခုလို ရွာမှာကျောင်းရှိခဲ့ရင် ငါလည်း ညည်းတို့လို ဆရာမကြီးဖြစ်ချင်ဖြစ်နေမှာ” တဲ့။

သန်းအေးက ခုလိုရင်ဖွင့်တော့ ကျွန်မဖြင့်လေ စိတ်မကောင်းဖြစ်လိုက်ရတာ။ တကယ်တော့ သန်းအေးသာ ကျောင်းနေခဲ့မယ်ဆို ဆရာမဖြစ်ရုံမကပါဘူး။ ဆရာဝန်မကြီးတောင် ဖြစ်နိုင်ပါတယ်။ သူဘယ်လောက်ဉာဏ်ကောင်းလဲဆိုတာ ကျွန်မတို့ အသိဆုံး။ သူ့သားလေးဆိုလည်းသူ့အတိုင်းပဲ အတန်းထဲမှာ သွက်သွက်လက်လက် ထက်ထက်မြက်မြက်လေးပဲ။

“အောင်မလေး” ကောင်မရယ် ခုမှလာပြောနေ။

ညည်းကျောင်းမလိုက်တော့ တို့သူငယ်ချင်းတွေ တော့်အိမ်ထိ လာပင့်သေးတာရော မမှတ်မိလို့လား။

လွယ်အိတ်တွေ၊ ထမင်းချိုင့်တွေကို ငါတို့ကူသယ်ပါ့မယ်ဆိုတာတောင် တော်ကနည်းနည်းလေးမှ မတုန်မလှုပ်နဲ့ “ဟွန်း”

ငယ်ပေါင်းဖော် သန်းမကြီးကို မရိုးမရွဖြစ်အောင် ကျွန်မစကားနာထိုးလိုက်မိတယ်။ အော် ဒါနဲ့ “သန်းမ” ဆိုတာ ကျွန်မတို့သူငယ်ချင်းတွေ ချစ်စနိုးနဲ့ခေါ်တဲ့နာမည်ပေါ့။ မိဖြူဆိုတဲ့ ကျွန်မနာမည်ကို သူတို့ခေါ်တာ ဖြူမတဲ့။ သန်းအေးဆိုတော့ သန်းမပေါ့။ စန်းမြင့်ကျတော့ စန်းမပေါ့။ အို. . . ပြောရရင် သူငယ်ချင်းတွေ အများကြီးပါပဲ။

“ဟယ်” ငစိုး၊ အဲဒီကောင်ကို ငါမှတ်မိတယ်။

အသက်ကဖြင့် ရှစ်နှစ်၊ ကိုးနှစ်လောက်နဲ့ ကျောင်းစတက်တော့ သူကအတန်းထဲမှာဗိုလ်ပေါ့။ သူ့ရွာနဲ့ ကျောင်းက နီးနီးလေးဆိုတော့ သူကစွာကျယ်လုပ်ရဲတာပေါ့။ ကျွန်မတို့ ထမင်းချိုင့်တွေဆို မသိအောင် ခိုးစားတယ်၊ သိရင်လည်း ဆရာမကို မတိုင်ရဲခဲ့ပါဘူး။ အသက်ကြီးသလို လူကောင်ကလည်းကြီးတော့ သူ့ကိုပြန်လုပ်လည်း ကိုယ်ပဲခံရမှာလေ။ ဒီလိုနဲ့ ကျွန်မတို့ သူငယ်တန်းဘဝမှာ ထမင်းငတ်ခဲ့ရတာ အကြိမ်ကြိမ်ပေါ့။ လွယ်အိတ်တွေကို ကျွန်မတို့လှမ်းမမီနိုင်တဲ့ ထုပ်တန်းပေါ်ပစ်တင်ထားတယ်။ ကျွန်မတို့ ငိုတဲ့အခါ သူကပျော်နေတယ်။ သူကျေနပ်မှ ထုပ်တန်းပေါ်ကပြန်ချပေးတယ်။ ဘယ်လောက်ထိ ဆိုးလည်းဆို ခုပဲကြည့်။ ကျွန်မသူငယ်ချင်းသန်းမပြောမှသိရတော့တယ်။ သန်းမ ကျောင်းမလိုက်ရဲတာ သူ့ကို ကြောက်လို့တဲ့လေ။ ပထမဆုံးကျောင်းတက်တဲ့နေ့မှာ သန်းမဆံပိုက်ဆံနှစ်ကျပ်ကို လုယူသွားတာတဲ့။ ပြီးတော့ လက်သီးနဲ့ထိုးခဲ့သေးတာတဲ့။ တောက်ပြောရင်းနဲ့လေ ကျွန်မ သင်းကို ဒေါသပိုထွက်မိတယ်။ အဲဒီနေ့ကစပြီး လူကြောက်တတ်တဲ့ သန်းမမှာ ကျောင်းဆိုတာနဲ့ ငရဲခန်းသွားရမလောက် ကြောက်ခဲ့တော့တာပဲ။

ငစိုးဆိုတဲ့ကောင်က ကျောင်းကိုတစ်နှစ်တောင်ပြီးအောင် မတက်လိုက်ရပါဘူး။ ပစ္စည်းတွေ ခဏခဏခိုးလို့ နောက်ဆုံးကျောင်းပါထွက်ခဲ့ရတယ်။ ဘယ်လောက်သင်သင်မပြင်တဲ့ဒီကောင် ခုတော့ သူ့မိုက်ပြစ်နဲ့သူ သေဆုံးသွားခဲ့ပါပြီ။ လူတွေကို အားနာတတ်တဲ့ သန်းမလေ တစ်သက်လုံးပေါင်းလာတဲ့ကျွန်မကိုတောင် ဒီအဖြစ်အပျက်တွေ ခုမှပြောတော့တာပဲကြည့်။ အရင်ကတည်းက မပြောရကောင်းလားလို့ ကျွန်မအပြစ်တင်တော့လည်း ငစိုးလိုလူကိုအားနာလို့တဲ့။

“ဒါဆို ညည်း ဖိုးထောင်နဲ့လိုက်ပြေးတာကရော အားနာလို့ပဲလား” လို့မေးတော့

“ဒါတော့ဟုတ်မလားဟဲ့” တဲ့။

အဖြစ်မှန်ကိုသိရတော့ ကျွန်မလေ သန်းမကို ဘယ်လိုဖြေသိမ့်စကားပြောရမှန်းမသိခဲ့တာပါ။ ကျွန်မတို့တွေက ခုတက္ကသိုလ်ကျောင်းသူကြီးတွေဖြစ်နေပေမယ့် သန်းမတစ်ယောက်မှာတော့ လင်ပူ၊ သားပူနဲ့ မိသားစုအပူသောကတွေ ပတ်လည်ဝိုင်းလို့ပေါ့။ ဘယ်လိုနှစ်သိမ့်ရမှန်းမသိတာနဲ့ ကျွန်မတို့ ဘာသာအယူဝါဒအတိုင်း “ကိုယ့်ရဲ့ ရှေးဘဝက ကုသိုလ်ကံလို့ပဲ သဘောထားရမှာပေါ့အေ” လို့ပဲ ညည်းတွားမိခဲ့တယ်။

ကျောင်းသွားရမှာပျင်းလို့၊ ကျောင်းသွားရမှာကြောက်လို့၊ နေပူလို့၊ မိုးရွာလို့ဆိုတဲ့ အကြောင်းပြချက်မျိုးစုံနဲ့ အတန်းဆုံးအောင် မသင်ခဲ့ကြတဲ့လူငယ်တွေ ကျွန်မတို့ရွာမှာ အများကြီးပေါ့။ ကိုယ့်ရွာလေးမှာ အိမ်ထောင်စုတွေက တဖြည်းဖြည်းများလာသလို ကျောင်းသားဦးရေကလည်း တိုးတိုးလာတယ်။ ကျွန်မတို့ရွာလောက် ကျောင်းသားအင်အား မများတဲ့ရွာတွေမှာတောင် မူလတန်းကျောင်းတွေ အလျှိုလျှို ဖွင့်နေတာဆိုတော့ အစိုးရက ကျွန်မတို့ရွာကလေးကို ဘယ်ချိန်များကျောင်းလာဖွင့်ပေးမလဲလို့ မျှော်ခဲ့ရတာလည်း အရင်ကတော့ ကျွန်မတို့တတွေ အဲဒီလောက်ကြီး မမျှော်လင့်ပါဘူး။ အခုအစိုးရက ပြည်သူတွေရဲ့ပညာရေးကို စီမံကိန်းတွေချပြီး အထူးအလေးပေးဆောင်ရွက်နေတယ်လို့ ကြားမိတော့ မရဲတရဲမျှော်လင့်မိတာပေါ့။ အစိုးရအနေနဲ့လည်း ကျွန်မတို့ရွာကိစ္စတစ်ခုအတွက်ပဲ လုပ်နေရတာမှ မဟုတ်တာလေ။ နိုင်ငံတော်ပြုပြင်ရေးကာလမှာ ဘက်စုံထောင့်စုံကို တစ်ခါတည်းပြုပြင်ဖို့ဆိုတာ နတ်၊ သိကြားတွေမှမဟုတ်ဘဲ၊ မလွယ်ကူမှန်း ကျွန်မတို့နားလည်ပါတယ်။ ဒီတော့ ကိုယ့်ရပ်ရွာတိုးတက်ရေးအတွက် တာဝန်အပြည့်ရှိတဲ့ ရပ်ရွာလူကြီးတွေကို ကျွန်မတို့လူငယ်တွေ အကျိုးအကြောင်းပြောပြီး ပူဆာရတော့တာပေါ့။ “ကျွန်မတို့ဆိုတာ ရွာက လူငယ်တွေပေါ့။ ဘွဲ့ရအစ်ကိုကြီး၊ အစ်မကြီးတွေရော၊ တက္ကသိုလ်တက်လက်စကျွန်မတို့လိုလူငယ်တွေရော၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတွေရောပေါ့။ သူတို့တွေပဲ မကပါဘူးလေ။ သန်းမတို့လိုတက်ကြွတဲ့ မိဘတွေရော၊ ကျောင်းထွက်ပြီး မြို့တက်အလုပ်လုပ်နေကြတဲ့ မသောင်းလှတို့လို လူငယ်တွေရော စုံလို့ပါပဲ။ နောက်ဆုံးမှာတော့ “ကိုယ်ထူကိုယ်ထ ကျောင်းလေး ဒီနှစ်ဖွင့်နိုင်အောင် လုပ်ကြမယ်ဟေ့” ဆိုပြီး ရပ်ရွာလူထုတစ်ယောက်တစ်နေရာကနေ အမျိုးမျိုးပါဝင်ရင်းနဲ့ ဒီနှစ်မှာ တကယ်ပဲဖွင့်နိုင်ခဲ့တာပေါ့။

တွေ့လိုက်ရတဲ့ အခက်အခဲပြဿနာကလည်း ပြောမနေပါနဲ့ အစုံပါပဲ။ ရုံးပိုင်းဆိုင်ရာကိစ္စ၊ ဝိစ္စတွေကလည်း အစုံစုံ၊ ကျောင်းရန်ပုံငွေရှာဖို့ လုပ်ကြရတာကလည်းအဖုံဖုံ။ အိုဒီအကြောင်းတွေ ကျွန်မအချိန်ရတဲ့တစ်နေ့မှာ သေချာပြောပြပါဦးမယ်။ အဲဒီလိုအခက်အခဲအစုံကြားက ကိုယ်ထူကိုယ်ထကျောင်းလေး ဖွင့်ခဲ့ရပြီဆိုပါတော့။ နောက်ထပ်ပေါ်လာတာက ကျောင်းဆရာ ဆရာမကိစ္စရယ်၊ သူတို့တွေအတွက် ထောက်ပံ့လစာပေးရမယ့် ကိစ္စရယ် ပေါ်လာပြန်ရော။

ထောက်ပံ့လစာပေးဖို့ အိမ်တစ်အိမ်ချင်းဆီက ဆရာ ဆရာမ ငါးယောက်စာအတွက် ကျသင့်သလောက် ထည့်ဝင်လှူဒါန်းမယ်ဆိုတဲ့ သဘောတူညီချက်နဲ့ အဆင်ပြေသွားပါရော။ တစ်ခုကျန်နေတာက ကျောင်းဆရာ ဆရာမကိစ္စ။ လစာလေး သုံး လေးသောင်းနဲ့ ဘွဲ့ရအရွယ်ရောက်နေတဲ့ ယောကျာ်းလေးတစ်ယောက်က ဒီအလုပ်လုပ်ဖို့ဆိုတာ မိသားစုစားဝတ်နေရေး ပြဿနာကရှိသေး။ အမှန်တိုင်းပြောရရင် ဘွဲ့ရပြီးသားအစ်ကိုတွေ၊ အစ်မတွေဆိုတာ ရွာမှာမရှိကြတော့ပါဘူး။ သူတို့တာဝန်ကျရာ နေရာအသီးသီးမှာ တာဝန်တွေထမ်းတဲ့သူကထမ်း၊ အလုပ်ထွက်လုပ်သူက လုပ်နဲ့။ ကဲ ဒီတော့ တာဝန်ကျန်တော့တာက တက္ကသိုလ်တက်လက်စ ကျွန်မတို့တစ်တွေ အလှည့်ပဲပေါ့။ ပုံမှန်ဆို အဝေးသင်တက်နေတဲ့ ကျွန်မတို့တတွေက တစ်နှစ်မှာ တစ်လကျောင်းတက်ပြီး ကျန်တဲ့အချိန်တွေဆို မြို့တက် အလုပ်လုပ်ကြတယ်။ လခကတော့ တစ်သိန်းခွဲဝန်းကျင်ပေါ့။ ပြောချင်တာက ကျွန်မတို့အနေနဲ့ ရွာကကိုယ်ထူကိုယ်ထကျောင်းလေးမှာ ကလေးတွေအတွက် စာသင်ပေးတယ်ဆိုတာ ရွာကထောက်ပံ့တဲ့ငွေက မက်လောက်စရာကောင်းနေလို့မဟုတ်ဘူး။ ကျွန်မတို့လို အခက်အခဲမျိုးစုံနဲ့ စာသွားသင်ကြရမယ့် ကလေးတွေကို ကိုယ်ချင်းစာလို့၊ ကိုယ့်ရပ်ရွာမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ကိုယ့်ရွာကျောင်းလေးမှာပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာတွေသင်စေချင်လို့၊ နောက်ဆုံးကိုယ့်ရပ်ရွာအကျိုးအတွက် ကိုယ်တတ်ထားတဲ့ ပညာလေးနဲ့ ပါဝင်ဆောင်ရွက်ပေးခွင့်ရချင်လို့ပါ။ ဒီအကြောင်းတွေကြောင့် ဆရာမဆိုတဲ့ဂုဏ်ပုဒ်ကို ကျေနပ်စွာနဲ့ ကျွန်မတို့ခံယူခဲ့ကြတယ်။ နံနက်ခင်းလေပြည်သင်းချိန်မှာ ကလေးတွေရဲ့ “မင်္ဂလာပါ” လို့ နှုတ်ဆက်သံတွေကြားမှာ ကျွန်မတို့တစ်တွေ အားအင်တွေတိုးပွားခဲ့ကြရတယ်။

တစ်ခုပဲ ကျွန်မစိုးရိမ်မိတယ်။ သင်ကြားရေးစနစ်သစ် အသွင်ပြောင်းနေတဲ့ KG၊ G1၊ G2 အတန်းတွေမှာ မွမ်းမံသင်တန်းတွေ ကျကျနနမတက်ခဲ့ဖူးဘဲ ကျွန်မတို့ တတ်သလောက်၊ သိသလောက် သင်ပေးနေရတာကြောင့် မထိရောက်ဘဲ ဖြစ်သွားမှာတစ်ခုပဲ စိုးရိမ်မိပါတယ်။ ကလေးတွေရဲ့ စာရိတ္တပိုင်းဆိုင်ရာ၊ အသိပညာ၊ ဗဟုသုတပိုင်းဆိုင်ရာကတော့ ကျွန်မတို့တစ်တွေ အကောင်းဆုံး သင်ကြားပေးနေတာပါ။ ကျွန်မတို့ငယ်စဉ်က စာကြည့်တိုက်ဆိုတာ ဘာမှန်းသိခွင့်မရခဲ့ပေမယ့် အခုကျွန်မတို့ရဲ့ ကလေးတွေကို ရုပ်ပြ၊ ကာတွန်း၊ ပုံပြင်တွေ စုံလင်လှတဲ့ စာကြည့်တိုက်လေးမှာ သူတို့ရဲ့ အိပ်မက်တွေ ရှင်သန်ပေါက်ဖွားလာအောင် ထားပေးနိုင်ခဲ့ပြီ။ မနေ့ကပဲ ကျွန်မတို့ရွာက ဘွဲ့ရအစ်ကိုတစ်ယောက်က ရန်ကုန်ကနေ စာအုပ်တွေအလှူခံပြီး ပါဆယ်ပို့လိုက်သေးတာလေ။ ကျွန်မတို့ဆရာမတွေ စာသင်ပေးတယ်ဆိုတာကလည်း ကျောင်းစာသင်ချိန်မှာ သာမကပါဘူး။ ညနေခင်း အိမ်လာပြီး သင်ချင်တဲ့ကလေးတွေအားလုံးကိုပါ အချိန်ပိုခေါ်သင်ပေးနေကြတာပါ။ ကျွန်မတို့ ရွာကျောင်းကို လာတက်တဲ့ကလေးတွေ အနေနဲ့ ဘယ်ကျောင်းနဲ့ယှဉ်ယှဉ် ဘက်ပေါင်းစုံက မညံ့စေရဘူးဆိုတဲ့ စိတ်အပြည့်ထားပြီးတော့ပေါ့။

ကျွန်မလေ ရွာရဲ့စည်းလုံးမှုကြောင့် ခုလို ကိုယ်ထူကိုယ်ထကျောင်းလေး ဖွင့်ဖြစ်လာတာရယ်၊ ကျွန်မကိုယ်တိုင် ကလေးတွေရဲ့ ဆရာမ ဖြစ်ခွင့်ရလိုက်တာရယ်ကို ပြောမပြတတ်လောက်အောင် ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ နောက်နှစ်ဆိုရင်တော့ ကျွန်မတို့ရဲ့ကျောင်းလေးကို အစိုးရတရားဝင်ကျောင်းလေးဖြစ်အောင် ကျွန်မတို့ဆက်လက်ကြိုးစားကြမယ်။ ကျွန်မလည်းတက္ကသိုလ်ပြီးတဲ့အခါ ကျွန်မတို့နိုင်ငံအရပ်ရပ်မှာ လိုအပ်နေတဲ့ လူငယ်တွေပညာရေးအတွက် တစ်ထောင့်တစ်နေရာကနေ ဆက်လက်ပါဝင်ထမ်းဆောင်ပါဦးမယ်လို့ သန္နိဋ္ဌာန်ချထားမိပါတယ်။

ဒေါင် ဒေါင် ဒေါင်

“ဟော” ကျောင်းတက်ခေါင်းလောင်းထိုးနေပြီ။

ကဲသန်းမ ညည်းသားကို ငါတို့လက်ထဲ စိတ်ချလက်ချ ထားခဲ့တော့အေ။

ညည်းလိုမဖြစ်စေရဘူး စိတ်ချ။

“ဟယ် ကောင်မ အေးပါ။ ငါက ကိုယ့်သူငယ်ချင်းတွေကို စိတ်ချပြီးသား။ ကဲ အိမ်မှာလည်း အလုပ်တွေနဲ့ ပြန်ဦးမယ်အေ။”

ပြောပြောဆိုဆိုနဲ့ စာသင်ကျောင်းလေးကို ကျောခိုင်းကာ ထွက်ခွာသွားသော သန်းမကို အတွေးပေါင်းများစွာဖြင့် ကျွန်မငေးကြည့်နေမိတော့သည်။

“စိတ်ချပါသူငယ်ချင်းရေ”

ငါတို့မျိုးဆက်သစ်တွေအားလုံး အေးအေးလူလူနဲ့ ပညာတွေဆည်းပူးနိုင်ကြတော့မှာပါဟာ။ ။

## မြန်မာ့အိုးလုပ်ငန်း

အိုးပုတ်၊ ချိုးရုပ် ချစ်စဖွယ်
ရွှံ့မြေစေးနဲ့ ပြုလုပ်တယ်။
မြေအိုးရှယ်စုံ သွန်းလုပ်ကြ
လက်မှုဂုဏ်တင့်စွ။
သွန်းလုပ်ရတဲ့ လက်မှုနယ်
အစဉ်ထင်ရှားတယ်။
လက်မှုနယ်ပယ် ပြိုင်စံရှား
အဆင့်မြှင့်လို့သွား။
တန်ဖိုးဈေးကား မများပါ
လက်ရာမြောက်ပေတာ။
ရှေးဘိုးရိုးရာ မပျက်တမ်း
မြန်မာ့ အိုးလုပ်ငန်း။

ဇော်မိုးသူ(နတ္တလင်း)

## မြန်မာ့လက်ဝှေ့ပွဲ

ဘယ်ညာ လက်သီးချက်တွေနဲ့
ရှုမငြီးတဲ့ ထိုးကြိတ်ဟန်။
ခြေထောက်ရယ်က မြန်ဆန်
တံတောင်ပြန် ဝိုက်အချမှာလ
အမောင်ထံ နောက်မကျစေဘဲ
ရောက်ရစေကန်။
ပင့်ဒူးနဲ့ ခေါင်းတိုက်ပြန်
တိမ်းရှောင်ရန် ခက်ခဲလို့။
ကမ္ဘာ့ ကမ္ဘာမှာ
မြန်မာ့ မြန်မာ လက်ဝှေ့ပွဲကို
(အိုကွယ်တို့ရေ)
နွဲ့ရှုကြစို့ ။ ။

ခွန်စိုးလှိုင်(သထုံ)

ဆောင်းပါး

# စာဖတ်ခြင်းအလေ့အထ မွေးမြူကြ

## သားဉာဏ်လင်း (မြင်းခြံ)

ခေတ်အဆက်ဆက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအတော်များများ၌ စာဖတ်ခြင်းအလေ့အထ တိုးပွားစေရန် တိုက်တွန်းသောစာပေများကို အများအပြားတွေ့မြင်နေရသည်။ အဘယ်ကြောင့် စာဖတ်ရန်တိုက်တွန်းနေရပါသနည်း။ ထိုကဲ့သို့မေးလာခဲ့လျှင် အဖြေများစွာကို ပေးရန်ရှိသည်။ စာဖတ်ခြင်းမှ ကျွန်ုပ်တို့အတွက် များစွာသောအကျိုးကျေးဇူးများကို ရရှိနိုင်သည်။ စာဖတ်ခြင်းဖြင့်အတွေးအမြင် အယူအဆများမြင့်မားလာပြီး အသိပညာဗဟုသုတများကိုလည်း တိုးပွားလာစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် အကျိုးကျေးဇူးများရရှိစေနိုင်သော စာဖတ်ခြင်းအလေ့အထတိုးပွားလာစေရန် တိုက်တွန်းပြောဆိုနေကြခြင်းဖြစ်သည်။ အကျိုးမရှိသောလုပ်ရပ်ကို မည်သူမျှအချိန်ကုန်ခံ တိုက်တွန်းပြောဆိုနေမည်မဟုတ်ပေ။

ယနေ့အချိန်အခါသည် ဖတ်ရှုစရာသုတ၊ ရသစာပေများ အင်မတန်များပြားလှသည်။ မြို့အသီးသီး၌လည်း အခမဲ့စာကြည့်တိုက်များကို ကြိုးစားဖွင့်လှစ်လာကြသည်မှာ အင်မတန်ဝမ်းမြောက်စရာပင်ဖြစ်သည်။ ကျွန်ုပ်တို့ငယ်စဉ်က စာကြည့်တိုက်ဆိုသောအရာသည် ကြားဖူးရုံမျှသာကြားဖူးခဲ့သည်။ အမြဲသော့ပိတ်ထားသော အခန်းတစ်ခုသာဖြစ်ခဲ့သည်။ စာဖတ်ချင်ပါက ရပ်ကွက်အတွင်းရှိ စာအုပ်အငှားဆိုင်များ၌ အခကြေးငွေပေး၍ ဖတ်ရှုခဲ့ကြရသည်။ ယနေ့ခေတ်အခါတွင် အခမဲ့စာကြည့်တိုက်များ တည်ထောင်လာကြသဖြင့် အခကြေးငွေပေးစရာမလိုဘဲ ဖတ်ရှုလေ့လာမှတ်သားခွင့်များ ရရှိလာသည်။

အသိပညာဗဟုသုတများစွာ ပြည့်နှက်နေသော စာပေလေ့လာဖတ်ရှုခွင့်သည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလွန်းလှသည်။

အဆောက်အအုံတစ်ခု ကြံ့ကြံ့ခံတောင့်တင်းနိုင်စေရန် ဖောင်ဒေးရှင်းကောင်းကောင်းချရန် လိုအပ်သကဲ့သို့ လူတစ်ဦး အရည်အသွေးကောင်းများရှိစေရန် စာဖတ်ရန် လိုအပ်သည်။ အသိပညာဗဟုသုတများ စဉ်းစားဆင်ခြင်တွေးခေါ်နိုင်စွမ်းများ၏ အရင်းအမြစ်ကို ညွှန်ပြပါဆိုလျှင် စာအုပ်စာပေများကိုသာ ညွှန်ပြရမည်ဖြစ်သည်။ စာဖတ်သူတစ်ဦးသည် အများနှင့်မတူသော အတွေးအခေါ် အကြံဉာဏ်များ၊ စိတ်ကူးစိတ်သန်းများကို ဖော်ဆောင်နိုင်စွမ်းရှိသည်။ စာဖတ်သူတို့၏ပြောစကားများ လုပ်ဆောင်မှုများသည်လည်း အများအတွက် အကျိုးရှိသောအရာကိုသာ ပြောဆိုလုပ်ဆောင်လေ့ရှိကြသည်။ စာဖတ်သူပေါများသော ပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခုသည် သာယာ စိတ်ချမ်းမြေ့ဖွယ်ရာများဖြင့် ပြည့်နှက်နေသည်မှာ အသေအချာပင်ဖြစ်သည်။

### ကျွန်ုပ်တို့ လေးစားအတုယူရသော

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က စာဖတ်ခြင်းနှင့်ပတ်သက်ပြီး စကားတစ်ခွန်းပြောကြားခဲ့ဖူးသည်။ ယင်းမှာ "စာဖတ်သောလူမျိုးများသည် တိုးတက်၍ တိုးတက်သောလူမျိုးများသည် စာဖတ်ကြသည်"ဟူ၍ဖြစ်သည်။ ကမ္ဘာ့ထိပ်သီးနိုင်ငံအများစုရှိ နိုင်ငံသားများသည် စာဖတ်ခြင်းကို ပုံမှန်အလုပ်တစ်ခုကဲ့သို့ အလေးထားကြသည်။ ကြီးပွားတိုးတက်နေသောနိုင်ငံများတွင် စာဖတ်နှုန်းများလည်း မြင့်မားနေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်ရှိ အောင်မြင်ကျော်ကြားသူတို့၏ အဓိကသော့ချက်မှာလည်း စာဖတ်ခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ အခက်အခဲများ၊ စိတ်ညစ်စရာများ၊ ကျရှုံးမှုများဖြင့် ပြည့်နှက်နေသည်။ ထိုကဲ့သို့သောအရာများကို ကျော်ဖြတ်နိုင်စေရန်နည်းလမ်းများကို စာဖတ်ခြင်းမှရရှိနိုင်သည်။ ကျွန်ုပ်တို့၏ စိတ်ဓာတ်ခွန်အားများပိုမိုအားကောင်းလာစေရန် စာဖတ်ခြင်းဖြင့် ကျင့်ကြံနိုင်သည်။ အောင်မြင်သူတို့သည် ၎င်းတို့၏အခက်အခဲများကို ကျော်ဖြတ်၍ အောင်မြင်ခြင်းပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ခဲ့ပုံများကို စာအုပ်များတွင် ဖော်ပြထားကြသည်။

ကျွန်ုပ်တို့သည် ၎င်းစာပေများမှတစ်ဆင့် ထိုအခြင်းအရာများကို လေ့လာမှတ်သားနိုင်သည်။

စာဖတ်ခြင်း၏ အဓိကအကျိုးကျေးဇူးတစ်ခုမှာ ဝေဖန်စဉ်းစားချင့်ချိန်တွေးခေါ်နိုင်စွမ်းကို မြင့်မားလာစေခြင်းဖြစ်သည်။ စဉ်းစားတွေးခေါ်ရသော စာပေများ၊ အဓိပ္ပာယ်ရှိသောစာပေများကို ဖတ်ရှုခြင်းဖြင့် ကျွန်ုပ်တို့၏ စိတ်ကိုထက်မြက်လာစေနိုင်သည်။ ဆုံးဖြတ်ချက်များကိုလည်း ပြတ်သားစွာ ချမှတ်နိုင်သည်။ ကျွန်ုပ်တို့၏လူမှုဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်လာစေနိုင်သည်။ လူများစွာ၏ စိတ်နေစိတ်ထားများ၊ ဆက်ဆံရေးများကို စာဖတ်ခြင်းမှ လေ့လာနိုင်သည်။ စာဖတ်ခြင်းသည် ကောင်းမွန်သော စိတ်ကူးအကြံဉာဏ်များကို ရရှိစေရန် ကူညီပေးနိုင်သည်။ ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့နေရသော ဘဝအခက်အခဲပြဿနာများကို ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် စာအုပ်စာပေများမှအကြံဉာဏ်များ၊ နည်းလမ်းများကို ရရှိစေနိုင်သည်။ အမှားအမှန်ဝေဖန်ခွဲခြား သိမြင်နိုင်သောအရာကို ပညာဟုခေါ်ပြီး ထိုပညာအား စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် သင်ယူတတ်မြောက်နိုင်သည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်ကို ကျန်းမာသန်စွမ်းလာစေရန် လေ့ကျင့်ခန်းများလုပ်ဆောင်သကဲ့သို့ ကျွန်ုပ်တို့၏ဦးနှောက်ကို ကျန်းမာလာစေရန် စာဖတ်ခြင်းဖြင့် လုပ်ဆောင်နိုင်သည်ဟု လေ့လာမှတ်သားဖူးသည်။

ထိုကဲ့သို့ အကျိုးကျေးဇူးများပြားလှသော စာဖတ်ခြင်းအလေ့အထကို ကျွန်ုပ်တို့ ကိုယ်တိုင်အကောင်အထည်ဖော်ရန်လိုအပ်သကဲ့သို့ ကျွန်ုပ်တို့၏ မျိုးဆက်သစ်များဖြစ်သော ကလေးသူငယ်များကိုလည်း စတင်အကောင်အထည်ဖော်ပေးရန်လိုအပ်သည်။ ငယ်စဉ်ကတည်းက စာအုပ်စာပေများကို စိတ်ဝင်စားလာစေရန် လူကြီးမိဘများမှ လုပ်ဆောင်ပေးရန်လိုအပ်သည်။ ယနေ့ခေတ်တွင် နိုင်ငံတော်အစိုးရမှ ကလေးများအတွက်ရည်ရွယ်၍ ကလေးစာပေပွဲတော်များကို ကျင်းပပေးနေသည်မှာ အလွန်ကျေးဇူးတင်ဝမ်းမြောက်စရာပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက စာအုပ်စာပေများနှင့် ကြီးပြင်းလာရသူများသည် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းရှိကြသည်။ အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုးကို စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသဖြင့် ပျက်စီးဖို့ရန်မလွယ်ကူပေ။

ထို့ကြောင့် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သော စာဖတ်ခြင်းအလေ့အထကို ကလေးလူကြီး ကျားမ မရွေး မွေးမြူရန်လိုအပ်လှပေသည်။ ကျွန်ုပ်တို့အတွက်သာမက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးအတွက်ပါ အကျိုးသက်ရောက်မှုရှိသော စာဖတ်ခြင်းအလေ့အထကို တုံ့ဆိုင်းမနေဘဲ အမြန်ဆုံးအကောင်ထည်ဖော် မွေးမြူသင့်သည်ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# လွမ်းရတဲ့ တော်သလင်းလ

**တော်သလင်း**

**ရွှေရင်းမှာ ကြိုင်သင်းလို့**

**လှေခင်းတဲ့ လရာသီ။**

**မိုးလေညီ ရာသီအပြောင်းမှာ**

**မြစ်ချောင်းရေ သွင်သွင်စီးတော့**

**သစ်မျှောကြပြီ။**

**အတိတ်နယ်ဆီ**

**တေးသီလို့ မျှော်ရည်တမ်း။**

**ခွင့်လမ်းရယ် မကြုံပြီမို့**

**ဆုံဖို့ကွယ် အခြေမပေး**

**ဝေးခဲ့စခန်း။ ။**

**မောင်နွေလွမ်း(ကချင်မြေ)**

# မိတ်ဆွေဟူသည် . . .

## မိုးမခ(တောင်တွင်း)

လူ့လောကသို့ မျက်စိနှစ်ဖက်မှိတ်ကာ ထွက်လာပြီး သွားတတ်လာတတ်သောအခါ မိတ်ဆွေသူငယ်ချင်းများထားတတ်ကြသည်။ ငယ်စဉ်အခါတွင် ထားတတ်ကြသော သံယောဇဉ်များသည် အဖြူရောင်သက်သက်သာဖြစ်သော်လည်း အသက်အရွယ်ရလာသည်နှင့်အမျှ အရောင်များစွာသော လူတွေအကြောင်း နားလည်လာသည်။

တန်ဆေးလွန်ဘေးဟူသော စကားပုံသည် အစားအစာအတွက်သာမက အပေါင်းအသင်းဘက်တွင်လည်းသင့်လျော်လှသည်။ ပေါင်းတတ်လျှင်ဆေး မပေါင်းတတ်လျှင် ဘေးဖြစ်တတ်သည်။ ငယ်စဉ်အခါက မိဘတွေပြောလေ့ရှိသော စကားလေးတစ်ခွန်းရှိသည်။ "သူငယ်ချင်းတွေကိုပေါင်းတဲ့အခါ စိတ်ပေါင်းကိုယ်ခွာ၊ ကိုယ်ပေါင်းစိတ်ခွာနေပါ"ဟူသော စကားပင်။ ထိုစကားသည် ငယ်ရွယ်စဉ်အခါက နားမလည်ခဲ့သော်လည်း အသက်အရွယ်ရလာလေလေ ပိုနားလည်လာလေပင်။

သူငယ်ချင်းတစ်ယောက်အား အခင်အမင်လွန်ခြင်းသည် မိမိကိုယ်ကို ပျက်စီးအောင် ကြံဆောင်ခြင်းနှင့်တူသည်။ မိတ်ဆွေကဏ္ဍသည် မရှိမဖြစ်လိုအပ်သော်လည်း အလွန်အမင်းခင်မင်ခြင်းကိုတော့ ရှောင်ကြဉ်သင့်ပါသည်။ သူငယ်ချင်းတစ်ယောက်က အရက်တိုက်သောအခါ မိမိမှာမသောက်တတ်သော်လည်း ခင်မင်စိတ်ဖြင့် စမ်းသောက်လိုက်ရာမှ အရက်သမားလုံးလုံး ဖြစ်သွားသောသူများ ဤကမ္ဘာတွင် ဒုနှင့်ဒေးပင်။ စိတ်ပေါင်းကိုယ်ခွာနေခြင်း(စိတ်ချင်းသာပေါင်းပြီး၊ ကိုယ်တော့ခပ်ခွာခွာနေခြင်း) သို့မဟုတ် ကိုယ်ပေါင်းစိတ်ခွာနေခြင်း (ကိုယ်သာပေါင်းပြီး စိတ်ခွာနေခြင်း)ဖြင့် မိမိကိုယ်ကို မပျက်စီးစေရန်အတွက် လိုအပ်ပါသည်။ ထို့အတူ သူငယ်ချင်းတစ်ယောက်အနေဖြင့်လည်း မိမိသူငယ်ချင်းအား အရက်မသောက်လျှင်တကယ်မခင်ဘူး၊ ဘိန်းမရှူလျှင် ငါ့သူငယ်ချင်းမဟုတ်ဘူးဟူ၍ မတိုက်တွန်းသင့်ပါ။

တစ်ဦးနှင့်တစ်ဦး သူငယ်ချင်းဖြစ်သွားသောအခါ သူငယ်ချင်းစစ်မှန်လျှင် မိမိသူငယ်ချင်း၏ အောင်မြင်မှုကိုသာ လိုလားသည်။ ကျရှုံးသည်ကိုမလိုလားတတ်ကြပေ။ အကယ်၍ ကျရှုံးသွားလျှင်ပင် အားပေးစကားများ၊ စိတ်ပြန်လည်တက်ကြွစေရန် စကားများဖြင့် အားပေးနေတတ်ပြီး အောင်မြင်သွားသောအခါ မည်သည့်အကျိုးအမြတ်မျှ မမျှော်ကိုးဘဲ ဘေးတွင်ထွက်၍ ရပ်နေပေးသူသည် သူငယ်ချင်းကောင်းပင်ဖြစ်သည်။ မိမိအောင်မြင်နေသည်ကို မရှုဆိတ်၊ မိမိကျရှုံးနေချိန်တွင် ကဲ့ရဲ့ ရှုတ်ချတတ်သော သူငယ်ချင်းမျိုးဟူလျှင် ရဲရဲဝံ့ဝံ့သာ ရှောင်ဖယ်သင့်ပေသည်။

သူငယ်ချင်းဟူသော သံယောဇဉ်သည် ချစ်သူ၊ ရည်းစားထက်ပင် ပို၍ကြီးမားတတ်ကြပါသည်။ အချစ်တွင် အနိုင်၊ အရှုံးရှိသည် တစ်ယောက်က အနိုင်ယူကာ စိတ်ဆိုးလျှင် တစ်ယောက်ကအရှုံးပေးကာ ချော့ရသည်။ တစ်သက်လုံး၌ကဲ့သို့ပင်။ သို့သော် သူငယ်ချင်းများတွင် သူသာသည်၊ ငါသာသည် ဟူသော မာနမထားတတ်ကြ။

သူ့လုပ်ရပ် မှားလျှင်လည်း ကိုယ်က ပြန်ချော့သည်။ ကိုယ့်လုပ်ရပ်မှားလျှင်လည်း သူကပြန်ချော့တတ်လေသည်။ သူငယ်ချင်းတွင် မာနမရှိ အနိုင်ယူမှုမရှိ ဘဝကိုအေးအတူပူအမျှ မျှဝေခံစားမည့် ကမ္ဘာပေါ်တွင် အရင်းနှီးဆုံးသော သူစိမ်းတစ်ယောက်ပင်။ တချို့သောသူငယ်ချင်းများဆိုလျှင် မိမိ၏ ညီအစ်ကိုမောင်နှမထက်ပင် ပို၍ခင်တွယ်တတ်ကြသေးသည်။ သူငယ်ချင်းပေါင်းရာ၌ ရွေးချယ်၍ ပေါင်းတတ်စေရန် ငယ်စဉ်ကတည်းက မိဘများက မောင်နီ၊ မောင်ညို ပုံပြင်လေးဖြင့် ပြောတတ်ကြသည်။

တစ်ခါက ရွာတစ်ရွာတွင် မောင်နီ၊ မောင်ညိုသူငယ်ချင်း နှစ်ယောက်ရှိသည်။ ထိုသူငယ်ချင်းနှစ်ယောက်သည် ခင်မင်ကြသည်မှာ မကြာသေးပေ။ တစ်နေ့တွင် မောင်နီနှင့်မောင်ညိုသည် မြို့သို့သွားရန် အကြောင်းကိစ္စပေါ်လာသည်။ မြို့သွားလျှင်တစ်ယောက်တည်း မည်သူမျှမသွားရဲကြ။ အကြောင်းမှာ မြို့နှင့်ရွာကြားတွင် တောအုပ်ကြီးတစ်ခုခြားထားသည်။ ထိုတောထဲတွင် ဆိုးသွမ်းသော ဝက်ဝံတစ်ကောင်သည် လူများကို ဒုက္ခပေးတတ်သောကြောင့်ပင်။ မောင်နီနှင့် မောင်ညိုသည် တောကိုဖြတ်ကျော်ရင်း တောတစ်ဝက်ကျော်သို့ အရောက်တွင် ဝက်ဝံကြီးနှင့် ရင်ဆိုင်ရလေတော့သည်။ မောင်နီမှာ မောင်ညိုအား မကြောက်နှင့် နှစ်ယောက်အတူပြန်တိုက်လျှင် ဝက်ဝံကြီးထွက်ပြေးသွားလိမ့်မည်ဟု ပြောသော်လည်း မောင်ညိုမှာ ကြောက်လှသဖြင့် နီးရာသစ်ပင်ပေါ်သို့ တက်ပြေးလေသည်။ မောင်နီမှာ တစ်ယောက်တည်းကျန်ကာ ဝက်ဝံကြီးမှာလည်း စိတ်ဆိုးလျက် ပြေးလာနေသည်။ ထိုစဉ် မောင်နီမှာ အကြံရသွားပြီး မြေပြင်ပေါ်သို့လှဲချကာ ဝက်ဝံကြီးအနားရောက်လာသည်နှင့် အသက်အောင့်ထားလိုက်သည်။ ဝက်ဝံများသည် သေနှင့်ပြီးသော အလောင်းများ (တစ်နည်းအသက်မရှူသောသူ)အား တိုက်ခိုက်လေ့မရှိပေ။ ဝက်ဝံကြီးသည် အတန်ကြာ မောင်နီအား အနံ့ခံလေသည်။ နားသို့ကပ်အနံ့ခံခြင်း၊ ပါးစပ်ကိုအနံ့ခံခြင်းဖြင့် စိတ်ကျေနပ်အောင်အနံ့ခံပြီး အတန်ကြာသော် ဝက်ဝံကြီးမှာ ထွက်သွားလေသည်။ ထိုအခါမှ မောင်နီလည်း မြေပြင်၌လှဲနေရာမှထကာ ခရီးဆက်ရန် ပြင်လေသည်။ ဝက်ဝံကြီးက မောင်နီရဲ့ အနားနားကပ်အနံ့ခံသည်ကို အဝေးမှ မြင်သော မောင်ညိုသည် ဝက်ဝံကြီးကစကားပြောသည် အထင်နှင့်။

"မောင်နီ ခုနကဝက်ဝံကြီးက မင်းနားနားကပ်ပြီးဘာတွေမှာနေတာလဲ"ဟု မေးရာ မောင်နီက "အေး ဝက်ဝံကြီးက အန္တရာယ်နဲ့ရင်ဆိုင်ရတဲ့အခါ ကိုယ်လွတ်ရုန်းပြေးပြီး သူငယ်ချင်းကိုထားခဲ့တဲ့မင်းကို နောက်မပေါင်းသင်းနဲ့လို့ မှာသွားတယ်ကွ"ဟူ၍ပင်။

ထိုပုံပြင်လေးကဲ့သို့ပင် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးတွင် အတုအယောင်များပေါများလွန်းလှပေသည်။

မူလတန်းအရွယ်တွင် သင်ရသော သိုးရေခြုံသော ဝံပုလွေကဲ့သို့ သင်ခန်းစာများသည် လူ့ဘဝအတွက် အဓိပ္ပာယ်အပြည့်အဝဖော်ကျူးထားသော စာများပင်။ ဟန်ဆောင်ခြင်းဟူသော သိုးရေကိုခြုံထားသည့် လူတစ်ယောက်သည် ထိုဟန်ဆောင်ခြင်းကို ကြာကြာမဖုံးနိုင်ပေ။ ဟန်ဆောင်ခြင်း၏ နောက်ကွယ်တိုင်းတွင် အမှန်တရားရှိစမြဲပင်။ လူတစ်ယောက် မိမိအပေါ် ကောင်းသည်ဆိုးသည်သိလိုလျှင် ထိုသူဝတ်ထားသော သိုးရေကိုခွာချရန်မလိုပါ။ ထိုဟန်ဆောင်ခြင်း၏နောက်ကွယ်မှ အမှန်တရားကိုဖော်ထုတ်ရန်သာ အဓိကကျပေသည်။

မိမိအပေါ် မကောင်းမှန်းသိလျက်နှင့် ဆက်ပေါင်းနေခြင်းသည် ကမ္ဘာပေါ်တွင် အမိုက်မဲဆုံးလူသားဖြစ်ကြောင်းဝန်ခံနေခြင်းပင်။ ထိုသူများအား စွန့်လွှတ်ရန်ဝန်လေးနေပါက ဘဝတွင် ကြီးမားသောအန္တရာယ်ပြဿနာဖြစ်လာပေမည်။ သူငယ်ချင်းဟူသည်ကား သင်၏အနီးတွင်အနီးကပ်ဆုံးနေကာ ဖေးမကူညီ တတ်သူဖြစ်သကဲ့သို့ သင့်နောက်ကျောအား ဓားဖြင့်ထိုးမည့် အနီးဆုံးရန်သူလည်းဖြစ်နိုင်ပေသည်။ ထို့ကြောင့်လည်း လူယုံသတ်ခံရသည်ဟူသော စကားများပေါ်ပေါက်လာခြင်းပင်။ ငယ်စဉ်ဘဝတွင် သူငယ်ချင်းများစွာရှိသည်။ အသက် ၂၀ ကျော်လာလျှင်တော့ နှစ်ယောက်စ၊ သုံးယောက်စသာ ကျန်တော့သည်။ အကြောင်းမှာကား အသက်အရွယ် အပိုင်းအခြားအရ မိမိနှင့် စိတ်ထားချင်း ခံယူချက်ချင်း မတူလျှင် စွန့်လွှတ်ရန် ဝန်မလေးတတ်သော ကြောင့်ပင်။

လူပေါင်း သန်းချီရှိသော ကမ္ဘာကြီးတွင် မိမိနှင့် တစ်စိတ်တည်းတစ်ကိုယ်တည်း ထပ်တူကျသူကိုရှာဖွေကာ ပေါင်းသင်းခြင်းဖြင့် မိမိဘဝအားတိုးတက်အောင် ပြုပြင်နိုင်ပါစေကြောင်းနှင့် အပေါင်းအသင်း အတုအယောင်များကိုလည်း စွန့်လွှတ်ရဲသည့် သတ္တိများရှိပါစေကြောင်း ဆုတောင်းလိုက်ပါသည်။ ။

